# READING &
# WRITING for
# **CRITICAL THINKING**

ဝေဖန်ပိုင်းခြားစဉ်းစားမှု
မြှင့်တင်ရန်
နည်းများ

(Reading & Writing for Critical Thinking Project) အတွက် ပြင်ဆင်ထားခြင်းဖြစ်သည်။

လမ်းညွှန်စာအုပ် ၂

Jeannic L. Steele, Kurtis S. Meredith, and
Charles Temple

(page iii)

# မာတိကာ


နိဒါန်း
ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနှင့် သင်ကြားခြင်းနှင့် သင်ယူခြင်းဘောင် ၁
မျှော်လင့်ထားသည့်ရလဒ်များ ၂
    ယေဘုယျမျှော်လင့်ချက်များ ၂
    တိတိကျကျမျှော်လင့်ထားသည့်အချက်များ ၂
    သတိပြုရမည့်အချက်များ ၃
    ပစ္စည်းများ ၃

အပိုင်း ၁။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို ဆန်းစစ်ခြင်း ၅
သတင်းအချက်အလက်ဖောင်းပွမှု ၆
စဉ်းစားဖို့သင်ကြားခြင်း ၇
ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာ ဘာလဲ။ ၈
ဝေဖန်ပိုင်းခြားစဉ်းားမှုအတွက် အခြေအနေဖန်တီးပေးခြင်း ၉
    အချိန် ၉
    ခွင့်ပြုချက် ၁၀
    အမျိုးအစားကွဲပြားခြင်း ၁၀
    ပါဝင်မှု ၁၁
    စွန့်စားမှု ၁၁
    ရှိသေမှု ၁၁
    တန်ဖိုး ၁၂
ဝေဖန်ပိုင်းခြားစဉ်းစားရာတွင် ကျောင်းသား၏တာဝန် ၁၂
    မိမိကိုယ်ကိုယုံကြည်စိတ် ၁၂
    တက်ကြွစွာပါဝင်ခြင်း ၁၃
    ဖလှယ်ခြင်း ၁၃
    နားထောင်ခြင်း ၁၃

အပိုင်း ၂ ဆရာများမေးခွန်းမေးခြင်း ၁၅
မေးခွန်းမေးခြင်းနှင့်တန်ဖိုးထားခြင်း ၁၆
ဇာတ်လမ်းနှင့် နမူနာသင်ခန်းစာ ၁၈
    အကြံထွက်ပေါ်စေခြင်း၊ အဓိပ္ပာယ်ပုံဖော်ခြင်း၊ ပြန်လည်စဉ်းစားခြင်း (ERR) ၁၈

(page iv)


အပိုင်း ၃ ဇာတ်လမ်းသင်ခန်းစာကိုသုံးသပ်ခြင်း ၂၅

(ERR) ရှုထောင့် ၂၆

Bloom ရဲ့မေးခွန်းအမျိုးအစားခွဲခြားခြင်းကို Sanders ကပြန်ရေးတာကိုဆီလျော်အောင်အသုံးချခြင်း ၂၉

နည်းစဉ်အမျိုးမျိုးမေးခွန်းမေးပုံ ၂၉

အပိုင်း ၄ ပိုင်းပါနားလည်သဘောပေါက်ခြင်းနမူနာပုံစံ ၃၃

သင်ယူမှုအထောက်အကူကရိယာတခုအနေနဲ့ဆွေးနွေးခြင်း ၃၄

    စောင့်ချိန် ၃၆

ERR ဘောင်သုံးခြင်းရဲ့ရလဒ်များ ၃၆

အပိုင်း ၄ အကောင်အထည်ဖော်ခြင်း ၃၉

အတွေးအခေါ်လှုံ့ဆော်ပေးသောမေးခွန်းများမေးခြင်း ၄၀

အတန်းနမူနာ ၄၂

အပိုင်း ၅ ဘောင်နည်းဗျူဟာများ ၄၈

မိမိအတွက်မိမိ စာရေးခြင်း ၅၀

    ကလပ်စတာလုပ်ခြင်း ၅၁

    စင်ကွိန်း ၅၄

    ကုဗပုံလုပ်ခြင်း ၅၆

    ကုဗပုံလုပ်ခြင်းအပြီးမှာ အချက်အလက်တွေရအောင်စူးစမ်းခြင်း ၅၇

စဉ်းစားစေဖို့စာရေးခြင်း တခြားနည်းများ ၆၀

သင်တန်းကိုစီစစ်ခြင်း။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်း မြှင့်တင်သည့်နည်းလမ်းများ ၆၂

နောက်ဆက်တွဲလုပ်ဆောင်ဖို့ အစီအစဉ်လုပ်ခြင်း ၆၃

အညွှန်းစာအုပ်များ ၆၄

အဓိပ္ပာယ်ရှင်းလင်းချက် ၆၅

နောက်ဆက်တွဲ ၆၇

## နိဒါန်း

ဒီသင်တန်းရဲ့ရည်ရွယ်ချက်ဟာ အတန်းတိုင်းမှာဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို တိုးမြှင့်စေတဲ့သင်ကြားနည်းတွေ တင်ပြဖို့ဖြစ်ပါသည်။ ပထမဒီစာအုပ်မှာ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းရဲ့ အဓိပ္ပာယ်ရယ်၊ ဒီလိုစဉ်းစားခြင်းကိုမြှင့်တင်တဲ့သင်ကြားနည်းစနစ်တွေရဲ့ နောက်ခံအကြောင်းရင်းရယ်ကိုတင်ပြသွားပါမယ်။ ဒီလိုစဉ်းစားခြင်းမှာပါတဲ့ အစိတ်အပိုင်းတွေရယ် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းက ရမယ်လို့မျှော်လင့်ထားရတဲ့ ရလဒ်တွေကိုလည်း ဆွေးနွေးပါမယ်။ ပြီးရင် နမူနာသင်ခန်းစာကို ၂ ပိုင်းခွဲပြီးတင်ပြသွားပါမယ်။ ဒီ ၂ ပိုင်းလုံးဟာ ဆရာ ဆရာမတွေမေးခွန်းမေးနည်း တွေကိုအလေးထားမှာဖြစ်ပါတယ်။ နမူနာသင်ခန်းစာမှာ မေးခွန်းမေးပုံ နမူနာပုံစံနဲ့ ဘယ်လိုမေးခွန်းမေးနေကြ သလဲဆိုတာတွေပြပါမယ်။ သင်တန်းသားတွေဟာ ပထမကျောင်းသားတွေအနေနဲ့ ပါဝင်ပါမယ်။ ပြီးတော့ ဘာတွေဖြစ်သွားသလဲ ဘာဖြစ်လို့ဖြစ်သွားသလဲဆိုတာ စဉ်းစားပါမယ်။ အဆုံးမှာ ဆရာတွေအနေနဲ့ မေးခွန်းမေးတာဟာ ရည်ရွယ်ချက်သတ်မှတ်ရာနဲ့ အတန်းထဲမှာ ဘယ်လို အကျိုးသက်ရောက်မှုရှိသလဲ ဆိုတာ ဆက်ဆွေးနွေးပါမယ်။

| |
|---|
| ၂ ပိုင်းပါတဲ့သင်ခန်းစာ – လက်တွေ့ကြုံတွေ့ခြင်းနဲ့စဉ်းစားခြင်း |

## ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနဲ့ သင်ကြားမှုသင်ယူမှုဘောင်

ဒီစာအုပ်မှာပါတဲ့ဝေဖန်ပိုင်းခြားစဉ်းစားနည်းတွေဟာ လမ်းညွှန်စာအုပ်အမှတ် ၁ မှာပါတဲ့ *ဘာသာရပ်ပေါင်းစုံအတွက် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဘောင်*နဲ့ကိုက်ညီပါတယ်။ အဲဒီ ERR ဘောင်မှာ *ထုတ်ဖော်ခြင်းအဆင့်*ပါဝင်ပြီး ဒီအဆင့်မှာ ကျောင်းသားတွေကိုအကြောင်းအရာတခုနဲ့ပတ်သက်ပြီး အရင်ကသိထားတာတွေစုခိုင်း၊ ဘာဖြစ်နိုင်သလဲခန့်မှန်းခိုင်းပြီးဖတ်စာကိုဖတ်ရတဲ့ရည်ရွယ်ချက် သတ်မှတ်ပါတယ်။ *အဓိပ္ပာယ်ပုံဖော်ခြင်းအဆင့်*မှာတော့ ကျောင်းသားတွေဟာ အကြောင်းအရာအသစ်ကို စာ၊ သင်ကြားခြင်း၊ ဒါမှမဟုတ် တခြားနည်းနဲ့တွေ့လာရပြီး သူတို့လက်ရှိနားလည်ထားတာနဲ့ပေါင်းစပ်ကြဖို့ မျှော်လင့်ထားပါတယ်။ *ပြန်လည်စဉ်းစားခြင်းအဆင့်*မှာတော့ သင်ကြားခဲ့ရတာကို မိမိတို့သိထားတာနဲ့ပေါင်းစပ်ဖို့ပြန်စဉ်းစားပါတယ်။ ဒီမှာပြထားတဲ့ဝေဖန်စဉ်းစားခြင်းကိုအားပေးတဲ့ သင်ကြားနည်းတွေဟာ အဲဒီဘောင်ထဲက အဆင့်သုံးဆင့်စလုံးနဲ့ ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

(page 2)

## ရမယ်လို့မျှော်လင့်ထားတဲ့ရလဒ်များ

အာရ်ဒဘယ်လ်ယူစီတီ စီမံကိန်းက ဒီစီမံကိန်းမှာပါဝင်တဲ့ဆရာဆရာမတွေဆီက မျှော်လင့်ထားတဲ့ယေဘုယျမျှော်လင့်ချက် တွေရှိပြီး ဒီစာအုပ်ဆီကတော့ တိကျတဲ့မျှော်လင့်ချက်တွေရှိပါတယ်။

## ယေဘုယျမျှော်လင့်ချက်များ

ကျောင်း၊ တက္ကသိုလ်၊ သင်ကြားနည်းစင်တာ စသည်တို့ဖြစ်တဲ့ မိမိတို့လုပ်ငန်းခွင်မှာ တတ်သိနားလည်သူ သင်ကြားနည်းနမူနာယူထိုက်သူများဖြစ်ဖို့နဲ့ မိမိတို့လိုသင်တန်းမတက်နိုင်တဲ့ တခြားဆရာ ဆရာမတွေကိုသင်တန်းပေးဖို့ဖြစ်ပါသည်။

တိကျတဲ့ မျှော်လင့်ထားတဲ့အချက်များ

သင်တန်းအပြီးမှာ သင်တန်းသားတွေဟာ

- ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနဲ့မေးခွန်းမေးခြင်းအကြား အဆက်အစပ်ရှိပုံနားလည်ရမယ်။
- ဝေဖန်ပိုင်းခြားစဉ်းစားခြင်းမြှင့်တင်ပေးရာမှာ ဆရာ ဆရာမတွေမေးခွန်းမေးတာ အရေးကြီးပုံကို နားလည်ရမယ်။
- ဝေဖန်ပိုင်းခြားစဉ်းစားခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ပြဿနာဖြေရှင်းခြင်းနဲ့စဉ်းစားခြင်းအဆင့်တွေ ဆက်စပ်ပုံနားလည်ရမယ်။
- အကြံထွက်ပေါ်စေခြင်း၊ အဓိပ္ပာယ်ပုံဖော်ခြင်း၊ ပြန်လည်စဉ်းစားခြင်း ဘောင်သုံးပြီးဖြစ်ရပ် တခုပြန်ပြောတဲ့ဖတ်စာအတန်းမှာ တင်ပြနိုင်ရမယ်။
- အတန်းသားတွေကို မေးခွန်းတွေအမျိုးမျိုးမေးပြီး အထိန်းအသိမ်းရှိတဲ့ စူးစမ်းလေ့လာမှုလုပ်ပါ။
- အဆင့်အမျိုးမျိုးမှာရှိတဲ့ ကျောင်းသားတွေကို မေးခွန်းမေးခြင်းရဲ့တန်ဖိုးကို နားလည်ရမယ်။ ပြီးတော့
- တခြားဆရာဆရာမတွေအတွက် မေးခွန်းမေးခြင်းနဲ့ ဝေဖန်ပိုင်းခြားစဉ်းစားခြင်း သင်တန်းပေးနိုင်ရမယ်။

(page 3)

## သတိထားရမယ့်အချက်များ

ကျောင်းသားတွေဟာ အမြဲလိုလို အရှိကိုအရှိအတိုင်း တိတိကျကျဖြေရမယ့်မေးခွန်းများ အမေးခံရလေ့ရှိလို့ ဒီလို မေးခွန်းမျိုးသူတို့မျှော်လင့်တတ်ကြပါတယ်။ ပိုမိုရှုပ်ထွေးတဲ့စဉ်းစားမှုတွေလုပ်အောင် မေးခွန်းအမျိုးမျိုး မေးတဲ့အခါ အစမှာသူတို့မသေချာပဲ ငြိမ်နေတတ်ပါတယ်။ သူတို့ဆီက ပိုမိုကျယ်ပြန့်တဲ့အဖြေတွေလိုတယ်ဆို တာသူတို့သိလာ အောင်မကြာခဏမေးရပြီး အားလည်းပေးရပါတယ်။ သူတို့ဟာထင်မြင်ယူဆချက်အရဖြေတဲ့ အဖြေမျိုးတွေမပေးခင် သူတို့အနေနဲ့ထင်မြင်ယူဆလို့ရပါတယ်ဆိုတာလဲ ယုံကြည်လာအောင်လုပ်ဖို့လိုပါ တယ်။

| |
|---|
| ကျောင်းသားတွေဟာ<br>တိတိကျကျမဟုတ်တဲ့အဖြေမျိုး<br>ဖြေတာကျင့်သားရလာဖို့<br>အချိန်လိုပါတယ်။ |

ERR ဘောင်သုံးပြီးသင်ခန်းစာပြင်ရတာ အချိန်နဲ့အလေ့အကျင့်လိုပါတယ်။ ဒါပေမယ့် ဒီလိုသင်ခန်းစာမျိုးလုပ်ရင် သင်ခန်းစာရဲ့ရည်ရွယ်ချက်ကို သေသေချာချာစဉ်းစားဖို့လိုပါတယ်။ အကြောင်းအရာတရပ် ဒါမှမဟုတ် ဖတ်စာတခုကို ဘာလို့ရွေးတယ်ဆိုတာသိဖို့ပါတယ်။

## လိုအပ်တဲ့ပစ္စည်းများ

နမူနာအဖြစ်သုံးထားတဲ့ "ချောင်းမြောင်းပစ်ခတ်သူ" လို့ခေါ်တဲ့ဖတ်စာနောက်ဆက်တွဲမှာ ပါပါတယ်။ ဒါက နမူနာပဲ ဖြစ်ပြီးသင်တန်းပေးတဲ့အခါ ကိုယ်ကြိုက်တဲ့စာပိုဒ်ကိုယ်သုံးနိုင်ပါတယ်။ စာပိုဒ်တွေဟာဆက်စပ်မှုရှိပြီးအသက်အရွယ်နဲ့ လည်းကိုက်ညီရပါမယ်။ ကျောင်းသားတွေစိတ်ဝင်စားပြီးကောင်းကောင်းရေးထားရင်ပိုကောင်းတာပေါ့။
ဒီအညွှန်းစာအုပ်မှာပါတဲ့သင်တန်းလုပ်ဖို့ဆရာ ဆရာမတွေအောက်ပါပစ္စည်းတွေလိုပါမယ်။

- အတန်းထဲမှာသင်တန်းသားတွေဖတ်ဖို့ ကောင်းကောင်းရေးထားပြီးစိတ်ဝင်စားစရာကောင်းတဲ့ဆောင်း ပါး ဒါမှမဟုတ် ဇာတ်လမ်းတပုဒ်။ တနည်းပြောရရင် သုံးမျက်နှာ လေးမျက်နှာထက်ပိုမရှည်တဲ့ ကောင်း တဲ့စာပေတပုဒ်။
- ပုံဆွဲဖို့အိုဗာဟက်ပရိုဂျက်တာနဲ့ ထရန်စ်ပယ်ရင်စီ၊ နံရံကပ်စက္ကူနဲ့မာကာတွေ၊ ဒါမှမဟုတ် မြေဖြူနဲ့ ကျောင်းသင်ပုန်း။
- သင်တန်းသားတွေသုံးတဲ့ သင်ရိုးညွှန်းတန်းထဲက ရွေးထားတဲ့ဖတ်စရာတွေ။

(page 5)

အပိုင်း ၁ ဝေဖန်ပိုင်းခြား
စဥ်းစားခြင်းကို
စစ်ဆေးခြင်း

## သတင်းအချက်အလက်ဖောင်းပွမှု

ကမ္ဘာ့လူမှုပတ်ဝန်းကျင်မှာ ၂၁ရာစုအတွက် ကလေးသူငယ်တွေကို ပြင်ဆင်နေရသူတွေအဖို့ ကြောက်စရာကောင်းလောက်အောင်အပြောင်းအလဲတွေ ဖြစ်နေပါတယ်။ သင်ရိုးညွှန်းတန်းရေးသူကအစ အတန်းမှာသင်ရတဲ့ ဆရာဆရာမအထိမမြင်ရသေးတဲ့အနာဂတ်မှာ ကလေးတွေ အောင်မြင်ဖို့၊ ကြွယ်ဝဖို့နဲ့အောင်မြင်တဲ့ဘဝမှာ ရပ်တည်နိုင်ဖို့ အကောင်းဆုံး ဘယ်လိုပြင်ဆင်မလဲဆိုတဲ့ မေးခွန်းနဲ့ရင်ဆိုင်နေရပါတယ်။ အခုမူလတန်းက ကလေးတွေ ဆယ်တန်းအောင်ရင်ဘယ်လိုအလုပ်မျိုးလုပ်မလဲဆိုတာ မခန့်မှန်းနိုင်ပါဘူး။ အမေရိကန်နိုင်ငံမှာဆို နောက်ရာစုနှစ်မှာလူတွေလုပ်မယ့်အလုပ်အကိုင်မျိုးရဲ့ ၂၅ရာနှုန်းဟာ အခုမပေါ်သေးဘူး၊ ပြီးတော့ နောက်ရာစုနှစ်မှာ ဆက်လုပ်သွားမယ့် လက်ရှိအလုပ်တွေဟာလည်း အကြီးအကျယ်ပြောင်းလဲသွားမယ်လို့ယူဆပါတယ်။ အနာဂတ်မှာထိရောက်ဖို့ရာ အသိပညာနဲ့နားလည်မှုအသစ်တွေလိုပါတယ်။

> အနာဂတ်မှာ ကျောင်းသားတွေ
> လုပ်မယ့်အလုပ်ကို ခန့်မှန်းလို့
> မရတော့ပါဘူး။

တချိန်တည်းမှာပဲ သတင်းအချက်အလက်တွေကလည်း ဖောင်းပွနေပါတယ်။ အခုသိထားတဲ့အသိဉာဏ်ရဲ့ ၁၀၀ ရာနှုန်းဟာ နောင်ဆယ်နှစ်အတွင်းမှာ သိရမယ့်အသိဉာဏ်ရဲ့ ၁၀ ရာနှုန်းပဲရှိပါတယ်။ Phillips (1992) ရဲ့အပြောအရ အခုသိထားတဲ့အသိဉာဏ်ဟာ ၁၀ နှစ်ထက်ကျော်ရင် မတိကျမလုံလောက်တော့ပါဘူး။ သတင်းအချက်အလက်တွေကို ဖြန့်ဖြူးတဲ့ခေတ်မီနည်းပညာတွေကလည်း ဖောင်းပွနေပါတယ်။ စီဒီရွမ်နဲ့ အင်တာနက်တို့ကြောင့် ကမ္ဘာ့စာကြည့်တိုက်တွေကို အိမ်ကဒါမှမဟုတ် ရုံးကကွန်ပျူတာနဲ့ဆက်သွယ်နိုင်ပါတယ်။ ဒီလောက်များပြားတဲ့သတင်းအချက်အလက် တွေကိုကျောင်းတွေမှာ သင်ရဖို့အခက်အခဲရှိလာပါတယ်။ သူတို့ဘဝမှာ လိုအပ်မယ့်သတင်းအချက်အလက်တွေရဲ့ တစိတ်တဒေသကိုသာ သင်နိုင်မှာဖြစ်ပါတယ်။ လူမှုအဖွဲ့အစည်းတွေအနေနဲ့စီးပွားရေးဈေးကွက်နဲ့ ဒီမိုကရေစီလူမှုအဖွဲ့အစည်းတွေအဖြစ်ပိုမိုပြောင်းလဲလာတာနဲ့အမျှ ဆရာဆရာမတွေနဲ့ အဓိကမေးရမယ့်မေးခွန်းက၊ ၂၁ရာစုမှာ စီးပွားရေးဈေးကွက်နဲ့ ဒီမိုကရေစီလူမှုအဖွဲ့အစည်းမှာ အောင်မြင်တဲ့ကျောင်းသားတွေဖြစ်အောင် ဘယ်လို အကောင်းဆုံးပြင်ဆင်နိုင်မလဲ။ သင်ကြားရတဲ့ အကြောင်းအရာက အရေးကြီးပေမဲ့ အရေးကြီးဆုံးမဟုတ်ပါဘူး။ ကျောင်းသားတွေအတွက်

(page 7)

အဓိကအလုပ်က ထိထိရောက်ရောက် ဘယ်လိုသင်ယူရမလဲဆိုတာနဲ့ ဘယ်လိုဝေဖန်ပိုင်းခြား စဥ်းစားရမလဲဆိုတာပဲ ဖြစ်ပါတယ်။ သတင်းအချက်အလက်အသစ်တွေနဲ့တွေ့တဲ့အခါ ကျောင်းသားတွေဟာ စဥ်းစဥ်းစားစား စစ်ဆေးပြီး ဝေဖန်ပိုင်းခြားရပါမယ်။ ဒီအချက်အလက်တွေကိုသုံးဖို့ မိမိတို့ဖာသာစဥ်းစားပြီး လုပ်ကိုင်ရပါမယ်။ မှန်မမှန်၊ မိမိတို့လိုအပ်တာနဲ့ရည်ရွယ်ချက်အတွက် ဘယ်လောက်တန်ဘိုးရှိတယ်ဆိုတာ ရှုထောင့်အမျိုးမျိုးကနေ စဥ်းစားရပါမယ်။

| |
|---|
| ဒီမိုကရေစီရှိတဲ့ဘဝအတွက် ကျောင်းသားတွေကို အကောင်းဆုံး ဘယ်လိုပြင်ဆင်ရမလဲ။ |

## စဥ်းစားဖို့သင်ကြားခြင်း

ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဥ်းစားဖို့မသင်မဖြစ်သင်ရမယ်ဆိုရင် စနစ်တကျသင်ဖို့လိုပါတယ် (Zelina, 1994) ။ ဝေဖန်ပိုင်းခြားစဥ်းစားဖို့ အရေးကြီးတယ်ဆိုတိုင်း ကျောင်းသားတွေဟာ အလိုအလျောက်ဒီလိုစဥ်းစားလာမယ်လို့မယူဆနိုင်ပါဘူး။ ဝေဖန်ပိုင်းခြားစဥ်းစားခြင်းကို သင်ရိုးညွှန်းတန်းမှာထည့်ရုံနဲ့မလုံလောက်ပါဘူး။ ကျောင်းသားတွေဟာ လက်တွေ့ဝေဖန်ပိုင်းခြားစဥ်းစားရပါမယ်။ သို့မှသာ ဝေဖန်ပိုင်းခြားစဥ်းစားသူတွေ ဖြစ်ပါမယ်။
ဝေဖန်ပိုင်းခြားစဥ်းစားခြင်းဆိုတာ ရလဒ်တခုပါ။ အတွေးအခေါ်တွေ သတင်းအချက်အလက်တွေနဲ့ကြုံလာရတဲ့အခါ ဝေဖန်စဥ်းစားပါတယ်။ တမင်သက်သက်ဖြစ်စေ ဒါမှမဟုတ်မသိစိတ်ကပဲတပြိုင်နက်ဖြစ်စေ လုပ်ဆောင်တဲ့လုပ်ငန်းစဥ်တခုဖြစ်ပြီး ကျောင်းသားအနေနဲ့အချက်အလက်တွေကို စိန်ခေါ်နိုင်တယ်။ စုစည်းနိုင်တယ်။ ပြန်လည်ပုံဖော်နိုင်တယ်။ အသုံးချလို့ချ ဒါမှမဟုတ် လစ်လျူရှုနိုင်ပါတယ်။ ဒီအချက်အလက်ဟာ ကိုယ့်အတွက်ဘာအဓိပ္ပာယ်ရှိသလဲ။ ဒီအသိဥာဏ်ကိုဘယ်လိုအသုံးချနိုင်သလဲ။ သိပြီးသားအသိနဲ့ဘယ်လိုဆက်စပ်သလဲ။ အထောက်အကူဖြစ်ရဲ့လား။ ဒီအတွေးအခေါ်တွေအပေါ် ဘယ်လိုသဘောရသလဲ။ ဒီအတွေးအခေါ်တွေအတိုင်းလိုက်လုပ်ရင် မိမိနဲ့တခြားလူတွေအပေါ် ဘယ်လိုသက်ရောက်မှုမျိုးတွေရှိနိုင်မလဲ။ စတဲ့မေးခွန်းတွေကို ကျောင်းသားတွေကမေးရင် ဝေဖန်စဥ်းစားမှုဖြစ်ပါတယ်။

| |
|---|
| ဝေဖန်ပိုင်းခြားစဥ်းစားခြင်းဆိုတာ ဘာသာရပ်တခုမဟုတ်ပါဘူး။ ရလဒ်တခုပါ။ |

## ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဆိုတာ ဘာလဲ။

စာဖတ်ခြင်း၊ ရေးခြင်း၊ စကားပြောခြင်းနဲ့နားထောင်ခြင်းတို့လိုပဲ စဉ်းစားခြင်းဟာလဲရှုပ်ထွေးပြီး ကိုင်တိုင်ပါဝင်ရတဲ့ လုပ်ငန်းစဉ်တခုပါပဲ။ အခြေအနေမဲ့ သင်လို့မရပါဘူး။ သင်ရိုးညွှန်းတန်းနဲ့ နေ့စဉ်ဘဝတို့ကနေခွဲထွက်ပြီးတော့လည်း သင်လို့ မရပါဘူး။ အကြောင်းအရာတခုကို ဒီလိုစဉ်းစားနည်းနဲ့ချဉ်းကပ်ပြီး နေ့စဉ်သင်ရိုးညွှန်းတန်းရဲ့တစိတ်တဒေသ အဖြစ် ကိုင်တွယ်တာဟာ အကောင်းဆုံးသင်နည်းဖြစ်ပါတယ်။ သုတေသနတွေ့ရှိချက်တွေကတော့ ကျွမ်းကျင်မှုနည်းတွေနဲ့ အချက်အလက်တွေကိုသီးခြားသင်တာ ဝေဖန်စဉ်းစားမှု နည်းစေပါတယ်လို့ဆိုပါတယ်။ ဥပမာ၊ (Brown, 1989) က တကယ့်လက်တွေ့ဘဝကလုပ်ငန်းတွေနဲ့ကင်းကွာပြီး ကျွမ်းကျင်မှုနည်းစနစ်တွေကိုသင်ယူတာဟာဒီကျွမ်းကျင်မှုတွေကို အခြေအနေသစ်တွေမှာကျောင်းသားတွေမသုံးတတ်ပါဘူးလို့ဆိုပါတယ်။ စိတ်ပညာ၊ ဒဿနိကပညာနဲ့ ယဉ်ကျေးမှုစုံ ပညာရေးတို့မှာ သင်ယူခြင်းနဲ့စဉ်းစားခြင်းတို့နဲ့ပတ်သက်ပြီး ပိုမိုကြွယ်ဝတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေ့နိုင်ပါတယ်။ တူညီတာတွေကတော့–

- ထိရောက်မှုရှိတဲ့ ရေရှည်သင်ယူခြင်း။ ဒီသင်ယူခြင်းက လက်ရှိအချက်အလက်တွေနဲ့ အတွေးအခေါ်တွေကိုအဓိပ္ပာယ်ဖော်နိုင်စေပါတယ်။ ကျောင်းသားတွေဟာ သင်ယူရာမှာ နှလုံးသွင်းခြင်း၊ စုစည်းခြင်း၊ ပြီးတော့ အချက်အလက်တွေကို မိမိကိုယ်ပိုင်ဖြစ်အောင်လုပ်ခြင်းတို့နဲ့ ကိုယ်တိုင်ပါဝင်တဲ့အခါမှာဖြစ်ပါတယ်။ (Anderson, Hiebert, Scott, & Wilkinson, 1985)
- ကျောင်းသားတွေမှာစဉ်းစားပုံနည်းတွေ အများကြီးရှိတဲ့အခါ သင်ယူမှုပိုထိရောက်ပါတယ်။ အဓိပ္ပာယ်ရှိတဲ့နေရာတွေမှာ ဒီနည်းတွေကိုသုံးပြီး သင်ယူမှုလုပ်ငန်းစဉ်ကို ကျောင်းသားတွေနှလုံးသွင်းနိုင်ပါတယ်။ (Palincsar & Brown, 1989)
- ကျောင်းသားတွေဟာမိမိတို့သင်ယူလာတာကို လက်တွေ့အလုပ်တွေမှာ အသုံးချခွင့်ရတဲ့အခါ သင်ယူမှုနဲ့ဝေဖန်ပိုင်းခြားစဉ်းစားမှုတို့ပိုထိရောက်ပါတယ်။ (Resnick, 1987)
- ကျောင်းသားတွေရဲ့ရှိပြီးသားဗဟုသုတအသိဉာဏ်တွေနဲ့အတွေ့အကြုံပေါ်အခြေခံပြီးသင်ရင် သူတို့ဟာ သိပြီးသားနဲ့သင်ယူရမယ့်အချက်အလက်အသစ်တွေကို ဆက်စပ်နိုင်လို့ သင်ယူမှုပိုထိရောက်ပါတယ်။ (Roth, 1990)
- ဆရာတွေအနေနဲ့အတွေးအခေါ်အမျိုးမျိုးနဲ့အတွေ့အကြုံအမျိုးမျိုးတို့ရဲ့အရေးပါပုံကိုနားလည်ရင် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းနဲ့ သင်ယူခြင်းတို့ဖြစ်ပါတယ်။ အဖြေမှန်တခုထဲရှိတယ်ဆိုတဲ့ သဘောထားမျိုး မရှိရင် ဝေဖန်ပိုင်းခြားစဉ်းစားမှုဖြစ်ပါတယ်။ (Banks, 1988)

(page 9)

## ဝေဖန်ပိုင်းခြားစဥ်းစားမှုအတွက် အခြေအနေဖန်တီးပေးခြင်း

ဝေဖန်ပိုင်းခြားစဥ်းစားခြင်းသင်ရတာ မလွယ်ပါဘူး။ အတန်းတတန်းမှာသင်ပြီး မေ့လိုက်လို့ရတာလည်းမဟုတ်ပါဘူး။ ဒီလိုစဥ်းစားဖို့လိုက်နာရမယ့်အဆင့်တွေဆိုပြီးတော့လည်း စာရင်းမရှိပါဘူး။ ဒါပေမယ့် ဝေဖန်ပိုင်းခြားစဥ်းစားမှုကိုမြှင့်တင်ပေးတဲ့ အတန်းအခြေအနေနဲ့ ကျောင်းသားတွေရဲ့နားလည်မှုတွေတော့ ရှိပါတယ်။ ဝေဖန်ပိုင်းခြားစဥ်းစားမှုဖြစ်အောင်ဆရာတွေအနေနဲ့

- ဝေဖန်ပိုင်းခြားမှုအတွေ့အကြုံအတွက်အချိန်နဲ့အခွင့်အရေးပေးရပါမယ်။
- ကျောင်းသားတွေကို ခန့်မှန်းစဥ်းစားခွင့်ပေးရပါမယ်။
- မတူတဲ့အတွေးအခေါ်တွေနဲ့အကြံဉာဏ်တွေလက်ခံနိုင်ရပါမယ်။
- သင်ယူရာမှာကျောင်းသားတွေကိုတက်ကြွစွာပါဝင်ဖို့အားပေးရပါမယ်။
- ပြောင်လှောင်ခြင်းကင်းတဲ့ အန္တရာယ်ကင်းတဲ့ပတ်ဝန်းကျင်မျိုးပေးရပါမယ်။
- ဝေဖန်စဥ်းစားပြီးဆုံးဖြတ်နိုင်တဲ့အရည်အချင်း ကျောင်းသားတွေမှာရှိတာကို ယုံကြောင်းပြရပါမယ်။
- ဝေဖန်ပိုင်းခြားစဥ်းစားတာကို တန်ဖိုးထားကြောင်းပြရပါမယ်။

ထိရောက်မှုရှိတဲ့ဝေဖန်ပိုင်းခြားစဥ်းစားမှုမျိုးရှိအောင် ကျောင်းသားတွေဟာ

- မိမိကိုယ်ကိုယုံကြည်စိတ်ချမှုရှိပြီး မိမိတို့အတွေးအခေါ်တွေ အကြံတွေဟာ တန်ဖိုးရှိကြောင်း နားလည်ရပါမယ်။
- သင်ယူမှုနည်းစဥ်မှာတက်ကြွစွာပါဝင်ရပါမယ်။
- အယူအဆအမျိုးမျိုးတွေကိုလေးလေးစားစားနားထောင်ရပါမယ်။
- ဝေဖန်ချင်တဲ့စိတ်ကို မွေးမြူဖို့နဲ့ထိန်းထားနိုင်ဖို့အဆင်သင့်ဖြစ်ရပါမယ်။

## အချိန်

ဝေဖန်ပိုင်းခြားစဥ်းစားဖို့အချိန်လိုရခြင်းအကြောင်းရင်းအမျိုးမျိုးရှိပါတယ်။ အကြောင်းအရာအသစ်တခုနဲ့ပတ်သက်ပြီး မစဥ်းစားခင် ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဘာထင်သလဲ၊ ဘယ်လိုယုံကြည်ထားသလဲဆိုတာသိဖို့အချိန်ယူရပါမယ်။ အရင်ကအတွေးအခေါ်တွေ၊ ယုံကြည်မှုတွေ၊ အတွေ့အကြုံတွေကိုပြန်ကြည့်ရပါမယ် (Pearson, Hansen, & Gordon, 1979)။ မိမိစကားနဲ့ဒီအတွေးအခေါ်တွေကိုပြန်ပြောဖို့ ပြန်နားထောင်ဖို့လည်းအချိန်လိုပါတယ်။ ဒီအတွေးအခေါ်တွေကိုပြန်ဖလှယ်ဖို့လည်း အချိန်ကုန်ပါတယ်။ မဖလှယ်ရင်သူများတွေရဲ့တုန့်ပြန်မှုမရပါဘူး။ ဒီတုန့်ပြန်မှုက အတွေးအခေါ်ပိုမိုကောင်းလာဖို့နဲ့ဆက်စဥ်းစားဖို့အတွက်လိုပါတယ်။ ဝေဖန်ပိုင်းခြားစဥ်းစားမှုကိုမြှင့်တင်ဖို့ ကျောင်းသားတွေမိမိတို့အကြံတွေကိုတင်ပြဖို့နဲ့အပြုသဘော

| |
|---|
| ဖလှယ်ဖို့နဲ့ တုန့်ပြန်ဖို့ အချိန်ဖယ်ထားရပါမယ်။ |

ဆောင်တဲ့တုန့်ပြန်မှုမျိုးရအောင် အတန်းအချိန် အလုံအလောက်လိုပါတယ်။ ဖလှယ်ဖို့ အားပေးတဲ့အခြေအနေမှာ အတွေးအခေါ်တွေကို ထုတ်ဖော်ပြောခြင်းနဲ့အတွေးအခေါ်တွေပြည့်ပြည့်ဝဝပေါ်လာပြီးရှင်းလာပါတယ်။

## ခွင့်ပြုချက်

ကျောင်းသားတွေဟာ အရေးကြီးတဲ့အတွေးအခေါ်တွေကိုအမြဲလွတ်လွတ်လပ်လပ်စဉ်းစားနေတာမဟုတ်ပါဘူး။ ဆရာဆရာမရဲ့အဖြေမှန်တခုတည်းကိုစောင့်နေတတ်ပါတယ်။ ဝေဖန်စဉ်းစားနေတဲ့ကျောင်းသားတွေကတော့ ဖြစ်နိုင်ချေတွေစဉ်းစားနေပြီးအတွေးအခေါ်တွေနဲ့ပေါင်းစပ်နေပါတယ်။ တချို့နည်းတွေက ပိုအောင်မြင်ပါမယ်။ တချို့ကအစမှာ ဟုတ်သလိုလိုရှိပေမဲ့ ဆက်စဉ်းစားရင်အဓိပ္ပာယ်မရှိတော့တာတွေ့ရပါမယ်။ တချို့ကျတော့အစမှာ မိုက်မဲတဲ့အတွေးအခေါ်လိုဖြစ်နေပေမယ့် ရှုထောင့်နောက်တမျိုးကကြည့်မယ်၊ ဒါမှမဟုတ် ပိုကောင်းအောင်လုပ်လိုက်မယ်ဆိုရင် ပိုတန်ဖိုးရှိလာတာတွေ့ရပါမယ်။ ဒါကြောင့်ကျောင်းသားတွေဟာ ခန့်မှန်းအောင်၊ တီထွင်အောင်၊ ပြီးတော့သိထားပြီးသားအရာဖြစ်ဖြစ်မိုက်မဲတဲ့အရာဖြစ်ဖြစ်လုပ်အောင်ခွင့်ပြုချက်ပေးရပါမယ်။ ဒီလိုလုပ်တာလက်ခံမှန်းသိလာရင်သူတို့ဟာ ဝေဖန်ပိုင်းခြားစဉ်းစားမှုကို တက်တက်ကြွကြွလုပ်လာပါလိမ့်မယ်။
ဒါပေမယ့်ဆရာတွေဟာခွင့်ပြုတာနဲ့သည်းခံခွင့်လွှတ်နေတာ မတူဘူးဆိုတာသဘောပေါက်ရပါမယ်။ ခွင့်ပြုချက်ပေးတာဟာကျောင်းသားတွေကို ပေ့ါပေ့ါတန်တန်စဉ်းစားသူတွေဖြစ်အောင်အခွင့်ပေးထားတာမဟုတ်ပါဘူး။ ကျောင်းသားတွေဟာ မိမိတို့အတွေးအခေါ်တွေနဲ့ပတ်သက်ပြီး တာဝန်ယူရပါမယ်။ သူတို့ကို မှန်ကန်တဲ့တုန့်ပြန်မှုပေးရပါမယ်။ ဒါကြောင့် စစ်မှန်တဲ့စဉ်းစားဖို့ရည်ရွယ်ချက်ရှိတဲ့ အခြေအနေထဲမှာ အားပေးမှုရှိပြီး အောင်မြင်တဲ့ပတ်ဝန်းကျင်မှာ ခွင့်ပြုချက်ပေးရမှာဖြစ်ပါတယ်။

| |
|---|
| အားပေးမှုရှိပြီး အောင်မြင်မှုရှိတဲ့<br>အခြေအနေမှာ ခွင့်ပြုချက်<br>ပေးရပါမယ်။ |

## ကွဲပြားခြားနားခြင်း

ကျောင်းသားတွေလွတ်လွတ်လပ်လပ်ခန့်မှန်းတွေးခေါ်နိုင်တာနဲ့တပြိုင်နက် ကွဲပြားတဲ့အတွေးအခေါ်တွေအကြံတွေပေါ်လာပါလိမ့်မယ်။ အဖြေမှန်တခုတည်းရှိတယ်ဆိုတဲ့ အတွေးအခေါ်ဖယ်လိုက်တာနဲ့ ကျောင်းသားဦးရေအလိုက် အတွေးအခေါ်တွေပေါ်လာပါမယ်။ အတွေးအခေါ်ထုတ်ဖော်ပြောမှုကိုကန့်သတ်တာဟာကျောင်းသားတွေရဲ့စဉ်းစားတွေးတောမှုကိုကန့်သတ်တာနဲ့တူပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားမှုဖြစ်အောင်ကျောင်းသားတွေဆီကအကြံအမျိုးမျိုးကိုမျှော်လင့်ထားပြီးသီးခံနိုင်တဲ့အတန်းမျိုးဖန်တီးရပါမယ်။

တခါတလေအဖြေမှန်တခုတည်းရှိရင်တော့ ကျောင်းသားတွေကို အမှန်အတိုင်းပြောဖို့လိုပါတယ်။ ဒီနေရာမျိုးမှာ ကျောင်းသားတွေဟာ အဖြေရအောင်ဘယ်လိုလုပ်ကြသလဲ ဆိုတာကွာကြပါမယ်။ များသောအားဖြင့်တော့ အဖြေရအောင်လုပ်တာဟာအဖြေထက်ပိုအရေးကြီးပါတယ်။ အတန်းရဲ့အချိန်တွေကိုအဖြေမှန်တခုတည်းရအောင်လုပ်နေရရင်တော့သိပ်အဓိပ္ပာယ်ရှိတဲ့စဉ်းစားမှုမျိုးဖြစ်နိုင်မှာမဟုတ်ပါဘူး။

## ပါဝင်ခြင်း

စဉ်းစားခြင်းနဲ့သင်ယူခြင်းတို့မှာ ကျောင်းသားတွေဟာ ပါဝင်မှုမရှိရင် ဝေဖန်စဉ်းစားမှုမဖြစ်နိုင်ပါဘူး။ ကျောင်းသား အများဟာ သူတို့သင်ယူဖို့အတွက် ဆရာ ဆရာမနဲ့အချက်အလက်တွေပါတဲ့ ဖတ်စာတို့မှာတာဝန်ရှိတယ်လို့ထင်ကြပါတယ်။ ဒီအသိဉာဏ်တွေကိုသူတို့ခေါင်းထဲလောင်းချလိုက်ပြီး သူတို့ဘယ်လောက်တတ်သလဲပြချင်ရင် ပြန်ရွတ်ပြလိုက်ရုံပဲလို့ထင်ကြပါတယ်။ ဒီလိုကျောင်းသားတွေဟာသူတို့ဖာသာသင်ယူဖို့ အားပေးမှုမရှိသမျှ ဝေဖန်ပိုင်းခြားစဉ်းစားမှာမဟုတ်ပါဘူး။ သင်ယူမှုမှာကိုယ်တိုင်ပါဝင်မှ သူတို့ဟာမိမိတို့သင်ယူမှုအတွက်တာဝန်ယူကြမှာဖြစ်ပါတယ်။ အတန်းထဲမှာကျောင်းသားတွေကို စဉ်းစားစေခြင်း၊ မိမိတို့အကြံတွေကို ဖလှယ်ခြင်းတို့လုပ်ခိုင်းမှ ကျောင်းသားတွေဟာသင်ယူမှုမှာပါဝင်လာပြီးဝေဖန်စဉ်းစားလာမှာပါ။

> တက်ကြွစွာပါဝင်မှုဟာ
> ဝေဖန်ပိုင်းခြားစဉ်းစားမှုအတွက်
> မရှိမဖြစ်လိုအပ်ပါတယ်။

## စွန့်စားခြင်း

လွတ်လွတ်လပ်လပ်စဉ်းစားဖို့ရာ စွန့်စားဖို့လိုပါတယ်။ အကြံတွေဟာ ထူးဆန်းတဲ့ပုံစံ၊ ရယ်စရာကောင်းတဲ့ပုံစံ ဒါမှမဟုတ် ဆန့်ကျင်တဲ့ပုံစံတွေနဲ့လာတတ်ပါတယ်။ တုံးတဲ့အကြံတွေ၊ ရူးတဲ့အကြံတွေ၊ ဒါမှမဟုတ် ရှက်စရာကောင်းတဲ့အကြံတွေဟာစဉ်းစားမှုလုပ်ငန်းစဉ်ရဲ့ တစိတ်တဒေသပါပဲ။ ဆရာဆရာမတွေအနေနဲ့ ဒါဟာသဘာဝကျတဲ့ဖြစ်ရပ်ပဲလို့ ကျောင်းသားတွေကို အားပေးဖို့လိုပါတယ်။ အကြံတွေကိုလှောင်ပြောင်တာကိုတော့ သီးခံမှာမဟုတ်ဘူးလို့ရှင်းရှင်းပြောထားဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်တာဟာ ပုဂ္ဂိုလ်ရေးအရထိခိုက်နိုင်လို့စဉ်းစားမှုကို နှောင့်နှေးစေနိုင်ပါတယ်။ အကြံတွေကိုလေးစားပြီး ကျောင်းသားတွေဟာတက်တက်ကြွကြွစဉ်းစားလိုတဲ့ အခြေအနေမျိုးမှာ စဉ်းစားမှုအကောင်းဆုံးဖြစ်နိုင်ပါတယ်။

> စဉ်းစားခြင်းနဲ့စွန့်စားမှုမျိုးကို
> မြှင့်တင်အားပေးရပါမယ်။

## လေးစားမှု

များသောအားဖြင့် ဆရာဆရာမတွေဟာ ကျောင်းသားတွေဘာစဉ်းစားမလဲ ဒါမှမဟုတ် အချက်အလက်တွေကို ဘယ်လိုအနက်ကောက်မလဲဆိုတာ မသိပါဘူး။ ဒါကြောင့်သူတို့စဉ်းစားပုံကို လမ်းညွှန်မှုတွေနဲ့ထိန်းဖို့ကြိုးစားကြပါတယ်။ ဒီလိုမှမထိန်းရင် သူတို့စိတ်တွေကိုထိန်းမနိုင်သိမ်းမရဖြစ်မယ်လို့ထင်ကြပါတယ်။ တကယ်တော့အခြေအနေက ဒါနဲ့ဆန့်ကျင်ဘက်ပါ။ သူတို့ရဲ့အတွေးအခေါ်တွေကို တန်ဖိုးထားကြတယ်လို့နားလည်ရင်၊ ဆရာတွေဟာသူတို့ရဲ့အတွေးအခေါ်တွေနဲ့အယူအဆတွေကိုလေးစားတယ်ဆိုရင်၊ သူတို့ဟာ ဂရုတစိုက်တာဝန်ကျေကျေတုန့်ပြန်လေ့ရှိပါတယ်။ ဆရာတွေကသူတို့ကို လေးစားမှုပြရင်သူတို့ကလည်း သူတို့ရဲ့အတွေးအခေါ်တွေစဉ်းစားမှုနည်းစဉ်တွေနဲ့ရလဒ်တွေကို ပိုလေးလေးနက်နက်ခံယူပါမယ်။

## တန်ဖိုး

ကျောင်းသားတွေပွင့်ပွင့်လင်းလင်းဝေဖန်ပိုင်းခြားစဉ်းစားဖို့ရာ သူတို့ရဲ့ကိုယ်ပိုင်ဝေဖန်စဉ်းစားရာကရလာတဲ့ အတွေးအခေါ်တွေဟာ တန်ဖိုးရှိတယ်လို့ ပြောပြဖို့လိုပါတယ်။ ကျောင်းတွေက ကျောင်းသားတွေရဲ့ တုန့်ပြန်မှုနဲ့ပတ်သက်ပြီး တောင်းဆိုတဲ့အခါ ဘာအရေးကြီးဆုံးလဲဆိုတာပြောလေ့ရှိပါတယ်။ သူတို့ကိုအတန်းထဲမှာ ဒါမှမဟုတ် စာမေးပွဲမှာ သင်ပြီးသားပြန်ပြောခိုင်းရင်သူတို့ဟာ သူတပါးရဲ့အကြံတွေကို အလွတ်ကျက်ပြီးပြန်ပြောတာ တန်ဖိုးအရှိဆုံးလို့နားလည်ပါတယ်။ ဒါပေမဲ့ ဒါဟာတန်ဖိုးအရှိဆုံးမဟုတ်ရင်တော့ ကျောင်းသားတွေနဲ့ဆက်ဆံရာမှာဖြစ်ဖြစ် သူတို့ဆီက တုန့်ပြန်မှုတောင်းရာမှာဖြစ်ဖြစ် ပြောင်းဖို့လိုပါပြီ။

ကျောင်းသားတွေဆီက တောင်းတဲ့
တုန့်ပြန်မှုတွေက ဘယ်ဟာတန်ဖိုး
အရှိဆုံးလဲဆိုတာ ပြပါတယ်။

## ဝေဖန်ပိုင်းခြားစဉ်းစားဖို့ကျောင်းသားရဲ့တာဝန်

သင်ယူဖို့နဲ့ဝေဖန်ပိုင်းခြားစဉ်းစားဖို့တို့ဟာ ကျောင်းသားတာဝန်ဖြစ်ပါတယ်။ အတန်းအခြေအနေကကျောင်းသား ဝေဖန်ပိုင်းခြားစဉ်းစားဖို့ အားပေးရပါမယ်။ ဒါပေမယ့် ကျောင်းသားကိုယ်တိုင်ကလည်း ပါဝင်လှုပ်ရှားရမှာဖြစ်ပါတယ်။ ဒီလိုမပါဝင်ခင် ထိရောက်တဲ့ ဝေဖန်ပိုင်းခြားစဉ်းစားသူတွေဖြစ်အောင် ဘာလိုလဲဆိုတာ နားလည်ဖို့လိုပါတယ်။ ကျောင်းသားပါဝင်မှုကို မြှင့်တင်ပေးတဲ့အတန်းက အားပေးရမယ့် အမူအရာတချို့ရှိပါတယ်။

(page 13)

## မိမိကိုယ်ကို ယုံကြည်စိတ်

ကျောင်းသားတွေအနေနဲ့ သူတို့ရဲ့အတွေးအခေါ်တွေဟာ တန်ဖိုးရှိတယ်လို့ ပထမယုံကြည်ရပါမယ်။ သူတို့ရဲ့အတွေးအခေါ်ဟာ အများနဲ့မတူ၊ အရေးပါပြီး ဆွေးနွေးနေတဲ့ အကြောင်းအရာတွေနဲ့ပတ်သက်ပြီး ပိုမိုနားလည်စေနိုင်တယ်ဆိုတာသိရပါမယ်။ ကိုယ့်တန်ဖိုးနဲ့ သိက္ခာအပေါ်အယုံကြည်မရှိရင် ဝေဖန်ပိုင်းခြားစဉ်းစားခြင်းမှာ အပြည့်အဝပါဝင်မှာမဟုတ်ပါဘူး။

## တက်ကြွစွာပါဝင်ခြင်း

သင့်တော်တဲ့အခက်အခဲအဆင့်မှာတက်ကြွစွာပါဝင်ရင် ကျောင်းသားတွေဟာ ဒီလိုပါဝင်ရတာကို သဘောကျပြီးပိုစဉ်းစားနိုင်ပြီး ပိုနားလည်ပါတယ်ဆိုတာ (Mihaly Csikszentmihalyi, 1975) ကပြပါတယ်။ ဒီကျောင်းသားတွေဟာအင်အားနဲ့ကြိုးစားမှုတို့နဲ့ ဒီသင်ကြားမှုနည်းစဉ်မှာပါဝင်ရင် ပျော်စရာကောင်းပြီး စိတ်ထဲမှာပြည့်စုံကျေနပ်မှုခံစားရတယ်လို့ နားလည်ကြပါတယ်။

| |
|---|
| ဦးနှောက်အလုပ်လုပ်တာ<br>စိတ်ထဲမှာပြည့်စုံကျေနပ်မှုနဲ့<br>တူညီပါတယ်။ |

## ဖလှယ်ခြင်း

ဖလှယ်ခြင်းဟာ ကျင့်ဖို့လိုတဲ့အမူအရာတခုပါ။ သူတပါးကိုပေးဖို့ ပေးသူအနေနဲ့တခုခုကို စွန့်လွှတ်ရပါတယ်။ ဒါဟာအရေးပါတဲ့လူမှုကျင့်ဝတ်နဲ့အသက်ရှင်နေထိုင်ရာမှာလိုအပ်တဲ့ကျွမ်းကျင်မှုတခုလို့မိဘတွေက ကလေးတွေကို သင်ပေးပါတယ်။ ဒါပေမဲ့ကလေးတွေက မိဘတွေကသူတို့ဆီက မျှော်လင့်ထားလို့ဒီလိုလုပ်တာမဟုတ်ပဲ ဒီလိုလုပ်ခြင်းကရတဲ့ဆုလာဒ်ကိုတွေ့ရလို့လုပ်တာဖြစ်ပါတယ်။ ဒီလိုဖလှယ်ခြင်းဖြင့် သူတို့တခုခုရတယ်ဆိုတာ နားလည်တယ်။ အယူအဆတွေ၊ အကြံတွေ၊ အတွေးအခေါ်တွေကို ဖလှယ်တာစွန့်စားရပါတယ်။ သူတပါးကို မိမိဟာတွေးခေါ်သူ၊ အယူအဆရှိသူ၊ ကြီးမားတဲ့အကြံအစည် ရှိနိုင်သူ၊ အရှက်ကွဲနိုင်တဲ့အမှားလုပ်နိုင်သူဆိုတာပြရပါတယ်။ ဒီလိုမိမိကိုယ်ကို ပေးဆပ်ခြင်းဟာကျွန်ုပ်တို့သင်ယူနေတဲ့ ပတ်ဝန်းကျင်ရဲ့ လက္ခဏာတရပ်ပါ။

(page 14)

## နားထောင်ခြင်း

အတန်းထဲမှာအတန်းဖော်တွေနဲ့အကြံတွေဖလှယ်ဖို့ရာ ကျောင်းသားတွေအချင်းချင်းနားထောင်ဖို့လိုပါတယ်။ သူများတွေဘာပြောသလဲဆိုတာ ဝေဖန်ဖို့နဲ့ပြောဆိုတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး မိမိအထင်အမြင်ကိုပဲပြောချင်တဲ့စိတ်ကိုထိန်းရပါမယ်။ ဒီလိုလုပ်ရင်တခြားလူတွေရဲ့အသိဉာဏ်အမျှော်အမြင်တွေနဲ့ ထုတ်ဖော်ပြောတဲ့ဘာသာစကားနဲ့မိမိတို့ရဲ့အတွေးအခေါ်တွေကိုလည်း ထားနိုင်ဖို့ပိုကျယ်ဝန်းတဲ့ အခြေအနေတွေနဲ့ထိတွေ့လာရပါမယ်။ ဆွေးနွေးခြင်းဖြင့်ကိုယ့်အတွေးအခေါ်တွေကို ပိုစမ်းစစ်နိုင်ပြီး သင်ယူခြင်းနဲ့ဘဝအတွေ့အကြုံတို့မှာ ထည့်သွင်းနိုင်မှာ ဖြစ်ပါတယ်။

| |
|---|
| ဝေဖန်လိုစိတ်ကို ထိန်းထားနိုင်ရင် တခြားသူတွေရဲ့ အသံတွေကို ကြားနိုင်ပါတယ်။ |

(page 15)

# အပိုင်း ၃ ဆရာ၊ ဆရာမများ မေးခွန်းမေးခြင်း

## ဆရာ၊ ဆရာမများ မေးခွန်းမေးခြင်း

ဆရာ၊ ဆရာမတွေ မေးခွန်းမေးခြင်းဟာ ကျောင်းသားတွေအတွက် ဝေဖန်ပိုင်းခြားစဉ်းစားမှုကို မြှင့်တင်နိုင်သလိုစိတ်ဓာတ်လည်းကျစေနိုင်ပါတယ်။ ဆရာတွေမေးတဲ့မေးခွန်းတွေဟာ အတန်းအခြေအနေကို ဖန်တီးနိုင်သလိုဘာတန်ဖိုးအရှိဆုံးလဲ၊ အမှားနဲ့အမှန်ဘယ်လိုသတ်မှတ်သလဲ၊ ဘယ်အရာနဲ့ဘယ်သူတို့ဆီကဖြင့် အချက်အလက်အသိဉာဏ်ရနိုင်တယ်၊ မရနိုင်ဘူးဆိုတာ အဆုံးအဖြတ်ပေးပါတယ်။ ကျက်ပြီးသားပြန်ဖြေနိုင်တဲ့မေးခွန်းတို့၊ တွေးခေါ်မှုကန့်သတ်တဲ့မေးခွန်းမျိုးတို့က ကျောင်းသားတွေအနေနဲ့ မိမိတို့ကိုယ်ပိုင်စဉ်းစားဖို့မလိုအပ်ဘူးလို့ ထင်စေနိုင်ပါတယ်။ ကျောင်းသားတွေကို ပြန်စဉ်းစား၊ ခန့်မှန်း၊ ပြန်တည်ဆောက်၊ စိတ်ကူး၊ တီထွင်၊ လေးလေးနက်နက် စဉ်းစားစေတဲ့မေးခွန်းတွေက ကျောင်းသားတွေရဲ့ အတွေးအခေါ်အဆင့်အတန်းကို မြှင့်စေပြီးသူတို့ရဲ့ အတွေးအခေါ်တွေဟာ တန်ဖိုးရှိကြောင်း သူတို့ဟာနားလည်မှုတွေနဲ့ ယုံကြည်မှုတွေမှာ ပါဝင်နိုင်မယ်လို့သင်ပေးရာရောက်ပါတယ်။ မေးခွန်းတွေက ကျောင်းသားတွေကို အသိဉာဏ်ဆိုတာ တသမတ်တည်းမရှိပဲပြောင်းလဲနိုင်တယ်လို့ သင်ပေးနိုင်ပါတယ်။
အောက်ပါအပိုင်းက အတန်းအချိန်မှာမေးတဲ့မေးခွန်းတွေဟာ ကျောင်းသားတွေကို အဆင့်အမျိုးမျိုးမှာ ဝေဖန်ပိုင်းခြားစဉ်းစားစေနိုင်ပြီး ပြန်လည်တွေးတောမှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။

| |
|---|
| အသိဉာဏ်ဟာ တသမတ်တည်းမရှိ၊<br>ပြောင်းလဲနိုင်တယ်။ |

## မေးခွန်းမေးခြင်းနဲ့ တန်ဖိုးထားခြင်း

ဆရာ၊ ဆရာမတွေဟာစွမ်းတဲ့နမူနာတွေပါ။ ကလေးတွေဟာအစောဆုံးအတွေ့ကြုံတွေကစပြီး ဆရာ၊ ဆရာမတွေဘာပြောသလဲတင်မက ဘာလုပ်သလဲကိုပါ ဂရုစိုက်တတ်ပါတယ်။ ဒီလိုလုပ်ခြင်းနဲ့ဘာဟာအရေးကြီးဆုံးလဲ၊ အနာဂတ်မှာ သူတို့ဆီက ဘာမျှော်လင့်ထားသလဲ၊ ပြီးတော့ သူတို့ကိုစစ်ဆေးဖို့အတွက် ဘယ်အချက်အလက်မျိုးတွေသိဖို့လိုသလဲဆိုတာ သင်ယူလိုက်ပါတယ်။ မေးလိုက်တဲ့မေးခွန်းအမျိုးအစားကတဆင့် အချက်လက်တွေနဲ့ အကြံတွေကိုဖလှယ်တာအပြင်ဘာတွေဟာတန်ဖိုးအရှိဆုံးလဲဆိုတာ ဆရာ၊ ဆရာမတွေက ပြလိုက်ပါတယ် (Steele & Meredith,1991)။ ဆရာတွေဟာ ဘာကိုတန်ဖိုးရှိသလဲဆိုတာ ထပ်တလဲလဲပြခြင်းကြောင့် ကလေးတွေဟာလည်း ဒီအရာတွေကိုတန်ဖိုးထားလာပါတယ်။
အမေရိကန်နိုင်ငံရဲ့ကျောင်းတွေကိုလေ့လာချက်တွေအရ ဆရာတွေမေးတဲ့မေးခွန်းရဲ့ ၇၅ ရာခိုင်နှုန်းဟာ အရှိကိုအရှိအတိုင်းမေးတဲ့မေးခွန်းတွေ ဒါမှမဟုတ် အချက်အလက်တွေကိုမေးတဲ့မေးခွန်းတွေဖြစ်ကြောင်းတွေ့ရပါတယ်။ ဆလိုဗားကီးယားမှာတော့ ဒါထက်ပိုဆိုးပြီး မေးခွန်းတွေရဲ့ ၈၅ ရာခိုင်နှုန်းဟာ အရှိကိုအရှိအတိုင်းမေးထားတာဖြစ်တယ်လို့ဆိုပါတယ် (Zelina, 1994; Zelina & Zelinova, 1990; Gavora 1990; Mares & Krivohlavy, 1989)။ အကြောင်းအရာဟာ သိပ္ပံပညာနဲ့ဆိုင်ဆိုင် စာပေနဲ့ဆိုင်ဆိုင်ကျောင်းသားတွေဖြေရတဲ့

မေးခွန်းဟာစကားတလုံး ဒါမှမဟုတ်ရိုးရိုးပုဒ်တပုဒ်လောက်သာ လိုအပ်ပါတယ်။ ဥပမာမေးခွန်းတွေကတော့ ခြေလေးချောင်းသတ္တဝါတကောင်ရဲ့ အမည်ပြောပြခိုင်းတာ၊ ကျောင်းသားတွေ အားလုံးဖတ်ခဲ့ရတဲ့ စာထဲကရွာအမည်ပြောခိုင်းတာ၊ ဒါမှမဟုတ်ဘယ်နှစ်ခုရှိသလဲ၊ ဘာအရောင်လဲ၊ ဘယ်လောက်ဝေးလဲ၊ ဘယ်နေ့ကလဲ စတာတွေ မေးတဲ့မေးခွန်းတွေဖြစ်ပါတယ်။ ဒီလိုမေးခွန်းတွေအများကြီးမေးတော့လည်း ကျောင်းသားတွေအနေနဲ့ တခြားအသိဉာဏ်တွေထက်စာရင် အချက်အလက်တွေကိုပိုအရေးပေးပြီး ဒီအဆင့်လောက်စဉ်းစားကြဒါမဆန်းပါဘူး။

> များသောအားဖြင့် တိုက်ရိုက်
> မေးတဲ့မေးခွန်းတွေကသာ ပုံမှန်
> ဖြစ်နေပါတယ်။

အချက်အလက်တွေကိုပဲအသားပေးလွန်းရင် ကျောင်းသားတွေကိုညာစားနေတာနဲ့တူပါတယ်။ ပထမအနေနဲ့အခုလို အသိပညာတွေနဲ့အချက်အလက်တွေအများကြီးရနိုင်တဲ့အချိန်မှာ ကျောင်းသားတွေဟာ အချက်အလက်တွေကို သင်ခြင်းအားဖြင့်အကြောင်းအရာတခုအကြောင်း ကောင်းကောင်းသိနိုင်တယ်လို့ပြောလိုက်တာဟာ မှားပါတယ်။ ဒုတိယအနေနဲ့ အချက်အလက်တွေကိုပဲသိတာဟာ အကျိုးမရှိပါဘူး။ ဒီအချက်တွေကိုစုပေါင်းပြီး လက်တွေ့အသုံးချနိုင်တဲ့အခြေအနေရှိပါမှတန်ဖိုးရှိပါတယ်။ တတိယအနေနဲ့ အရှိကိုအရှိအတိုင်းပြန်ဖြေရတာဟာ ဘာသာစကားကိုနည်းနည်းပဲသုံးရပြီး အဓိပ္ပာယ်ရှိတဲ့ ဆွေးနွေးမှုမျိုးမဖြစ်ပါဘူး။ ကျောင်းသားတွေဟာ အချက်အလက်တွေမြုပ်ထားတဲ့ အဓိကအကြောင်းအရာကိုကောင်းကောင်းနားမလည်ပဲ အချက်အလက်တွေကိုမှတ်မိနိုင်ပါတယ်။ အလွတ်ကျက်နိုင်ပါတယ်။ တကယ်လို့သင်ယူခြင်းဆိုတာ အပြုအမူပြောင်းလဲခြင်းဆိုရင် ဒီလိုအလွတ်ကျက်တာဟာ ကျောင်းသားတယောက်ရဲ့သင်ယူခြင်းမှာ အနည်းငယ်သာပါဝင်ပါတယ်။
ကျောင်းသားတွေဟာ အချက်အလက်အသစ်တွေကို စဉ်းစားပြီးသိပြီးသားအသိဉာဏ်တွေ အယူအဆတွေနဲ့ပူးပေါင်းဖို့အဓိပ္ပာယ်ရှိတဲ့ဆွေးနွေးမှုတွေ လုပ်ရမှာဖြစ်ပါတယ်။ သူတို့အကြံတွေကို သူတို့စကားနဲ့ပြောပြီး ဝေါဟာရအသစ်တွေကိုသူတို့ရဲ့ဝေါဟာရဖြစ်အောင် လုပ်ရပါမယ်။ ကိုယ်ပိုင်အသိနဲ့ကိုယ်ပိုင်ဝေါဟာရဖြစ်မှ သင်ကြားမှုဟာရေရှည်ခံမှာဖြစ်ပါတယ်။ တိုက်ရိုက်မေးတဲ့မေးခွန်းတွေဟာ ကျောင်းသားတွေစကားပြောဖို့အခွင့်အရေး သိပ်မပေးလို့သူတို့ရဲ့ကိုယ်ပိုင်ဖော်ပြနိုင်တဲ့ စွမ်းရည်ကိုတားဆီးရာရောက်ပါတယ် (Gavora,1990)။

> အသိဉာဏ်တွေ ပူးပေါင်းဖို့
> အဓိပ္ပာယ်ရှိတဲ့ ဆွေးနွေးမှုတွေ
> လိုအပ်ပါတယ်။

(page 18)

ဇာတ်လမ်းပါတဲ့နမူနာ သင်ခန်းစာ

## အကြံထွက်ပေါ်စေခြင်း၊ အဓိပ္ပာယ်ပုံဖော်ခြင်း၊ ပြန်လည်စဉ်းစားခြင်း (ERR)

အောက်ဖော်ပြပါလေ့ကျင့်ခန်းဟာ ကျောင်းသားတွေကိုလမ်းညွှန်ပြီးထိန်းထားတဲ့ စာဖတ်လေ့ကျင့်ခန်းပါ။ ဒီလေ့ကျင့်ခန်းက ကျောင်းသားတွေကို ဝေဖန်ပိုင်းခြားစဉ်းစားစေပြီး ဖတ်ခဲ့ရတဲ့စာကို ပြန်လည်စဉ်းစားစေပါတယ်။ ဒီမှာပြထားတဲ့ (ERR) ဘောင်ဟာ အညွှန်းစာအုပ် ၁ မှာပါတာနဲ့တူပေမဲ့ စာအုပ် ၁ မှာပါတဲ့ဖတ်စာနဲ့ မတူပါဘူး။ ဒီနမူနာ သင်ခန်းစာကိုလေ့ကျင့်တုန်း အညွှန်းစာအုပ် ၁ နှင့်တူညီတာတွေကွာခြားတာတွေကို မှတ်သားပါ။

ဒီသင်ခန်းစာမှာ အပိုင်း ၂ ပိုင်းပါပါတယ်။ ပထမပိုင်းမှာသင်တန်းသားတွေဟာ ကျောင်းသားတွေအဖြစ် ပါဝင်ပါမယ်။ သင်တန်းသားတွေဟာ သင်ယူမှုနည်းစဉ်ကိုခံစားရမှာဖြစ်ပြီး ဘာလုပ်သလဲနဲ့သင်ခန်းစာအတွင်းက လေ့ကျင့်ခန်းတွေဟာ ဘယ်လိုသက်ရောက်မှုရှိသလဲဆိုတာ သတိထားရပါမယ်။ ဒါမှ ဒုတိယပိုင်းမှာ ဒီအတွေ့အကြုံတွေကို ပြန်စဉ်းစားနိုင်မှာဖြစ်ပါတယ်။ ဒီသင်ခန်းစာမှာ Liam O’Flaherty ရေးတဲ့ “ချောင်းမြောင်းပစ်ခတ်သူ” ဆိုတဲ့ ဝတ္ထုတိုသုံးထားပါတယ်။ Beth Whetmore က ဗာဂျီးနီးယားတက္ကသိုလ်မှာရှိတုန်း ဒီဝတ္ထုကို အပိုင်းလိုက်ဖြတ်ဖို့နဲ့မေးခွန်းတွေလုပ်ပါတယ်။ *ကျောင်းသားတွေကို ဇာတ်လမ်း တခုအတူတူဖတ်မယ်လို့ပြောပြီး ဒီသင်ခန်းစာကို စပါ။ အုပ်စုလိုက်ဖတ်မှာမို့ စာရွက်တွေဝေနေတုန်း ဒီဇာတ်လမ်းကို မကြည့်ပါနဲ့၊ ကြိုဖတ်တာ မကောင်းပါဘူးလို့ပြောပါ။* စာရေးဆရာ

**အကြံထွက်ပေါ်စေခြင်း**

အကြောင်းနဲနဲပါတဲ့ဇာတ်လမ်းစာရွက်တွေဝေပြီးတဲ့အခါ စာရေးဆရာနဲ့သူ့အရေး အသားအကြောင်း ၁၀ မိနစ်လောက် နဲနဲဆွေးနွေးပြီး ဇာတ်လမ်းဖတ်ပါ။ ဒီဇာတ်လမ်းဟာ ခုနက ပြောထားတဲ့ စာရေးဆရာရေးတာဖြစ်ပြီး ညွှန်ကြားသလောက်အထိပဲ ဖတ်ပါလို့ပြောပါ။ ရပ်ခိုင်းတဲ့နေရာထက် ကျော်မဖတ်ဖို့ပြောပါ။ ပထမ ၂ ပိုဒ်ပဲဖတ်ရပါမယ်။ အောက်ပါအတိုင်း ညွှန်ကြားပါ။

*ပထမဝါကျ ၂ ခုနဲ့ပထမစာပိုဒ်က နောက်ဆုံးဝါကျ ၃ ခုဖတ်နေတုန်း အာရုံကွဲပြားမှုတွေကို သတိပြုပါ။ ပထမနဲ့ဒုတိယ*

**အကြံထွက်ပေါ်စေခြင်း**

*စာပိုဒ်တွေဟာ တမင်ကွဲပြားအောင်လုပ်ထားတာနဲ့တူပါတယ်။ ပထမစာပိုဒ်နှစ်ပိုဒ်ကို စဖတ်ပါ။ ပြီးရင်ပြီးကြောင်း သိရအောင်မော့ကြည့်ပါ။*

(page 19)

## ချောင်းမြောင်းပစ်ခတ်သူ

ရှည်လျားတဲ့ဇွန်လဆည်းဆာချိန်ဟာ ညအမှောင်ထဲတဖြည်းဖြည်းကွယ်ပျောက်သွားနေပါတယ်။ သိုးမွေးလိုတိမ်လိပ်တွေကြားက ပေါ်ထွက်နေတဲ့ လရောင်မှိန်မှိန်ကလွဲရင် ဒဘလင်မြို့တခုလုံးကို အမှောင်ထုက လွှမ်းခြုံထားပါတယ်။ အာရုဏ်ဦး နေရောင်ခြည် သန်းလာတော့မှာဖြစ်တဲ့လမ်းတွေနဲ့ လစ်ဖီ (Liffey) မြစ်ရဲ့ရေမှောင်မှောင်ပေါ်လရောင်သဲ့သဲ့လေးဖြာကျနေပါတယ်။ အကာအရံတွေနဲ့ပိတ်ဆို့ထားတဲ့ဖိုးကော့ (Four Courts) လို့ခေါ်တဲ့တရားရုံးအဆောက်အဦးပတ်လည်မှာတော့ သေနတ်သံတွေ ဟိန်းနေပါတယ်။ မြို့ရဲ့ဟိုနားဒီနားမှာ စက်သေနတ်သံတွေနဲ့ ရိုင်ဖယ်သံတွေ ဟာလူသူအရောက်အပေါက်နည်းတဲ့ လယ်ကွင်းတွေမှာ ဟောင်နေတဲ့ခွေးတွေလို တချီတချီမှာ ညရဲ့ဆိတ်ငြိမ်မှုကိုဖောက်ခွဲနေပါတယ်။ ရီပါဘလီကန်တွေ (Republicans) နဲ့ဖရီးစတိတ်တာ (Free Staters) တွေစစ်တိုက်နေကြပါ တယ်။

အဓိပ္ပာယ်ပုံဖော်ခြင်း

အိုကော်နယ်တံတား (O’Connell Bridge) နားကခေါင်မိုးတခုမှာတော့ ရီပါဘလီကန်ဘက်က ချောင်းပစ်သူတယောက်လဲလျောင်းပြီးစောင့်နေပါတယ်။ သူ့ဘေးနားမှာသူ့ရိုင်ဖယ်ရှိပြီး ပခုံးပေါ်မှာတော့မှန်ပြောင်းတလက် လွယ်ထားပါတယ်။ သူ့မျက်နှာကတော့ ကျောင်းသားတယောက်ရဲ့မျက်နှာဖြစ်ပြီး မျက်နှာသွယ်သွယ်ရိုးရိုးသားသား နေထိုင်သူတယောက်ပုံပေါက်ပါတယ်။ ဒါပေမယ့် မျက်လုံးတွေကတော့သေခြင်းကိုမကြာခဏကြည့်ခဲ့ရတဲ့ လူတယောက်ရဲ့မျက်လုံးတွေလိုပါပဲ။

### ပထမအကြိမ်ရပ်နားခြင်း

အားလုံးဖတ်ပြီးတဲ့အခါ စာရွက်ကိုမကြည့်ခိုင်းတော့ပဲ အောက်ပါမေးခွန်းတွေကိုမေးပါ။

ပြန်လည်စဉ်းစားခြင်း

*ပထမစာပိုဒ်ကဝါကျတွေနဲ့ ပထမစာပိုဒ် ၂ ပိုဒ်ရယ်က ဘယ်လိုခံစားမှုတွေရသလဲ။ ဘာတွေမြင်ပြီး ဘာတွေကြားသလဲ။ (ပြောင်းလဲခြင်း)*

သင်တန်းသားတွေပြန်ဖြေဖို့အချိန်ပေးပါ။ သူတို့တိတ်နေရင်စိုးရိမ်စရာမလိုပါဘူး။ စဉ်းစားတာအချိန်ကြာပါတယ်။ သူတို့ဖြေတာနဲ့ပတ်သက်ပြီး သဘောတူတာတို့ သဘောမတူတာတို့မရှိဖို့အရေးကြီးပါတယ်။ ပြန်ဖြေတာကိုသာအသိအမှတ်ပြုပါ။ ပြီးရင်မေးပါ။

*ဒီဇာတ်လမ်းမှာဘာပြဿနာရှိသလဲ။ ဘာပြဿနာကြီးကြီးမားမားရှိသလဲ။ ဘာထင်သလဲ။ ဘာလို့ထင်သလဲ။* (အဓိပ္ပာယ်ပြန်ခြင်း)

ထွက်ပေါ်စေခြင်း

ဒီမေးခွန်းတွေကိုတခုစီမေးပါ။ မေးခွန်းကိုစဉ်းစားပြီး ပြန်ဖြေဖို့သင်တန်းသားတွေကိုအချိန်ပေးပါ။ သူတို့ဖတ်ပြီးသလောက်နဲ့ပတ်သက်ပြီး မေးခွန်းတွေကို စဉ်းစားဖို့အားပေးပါ။ အခုကျောင်းသားတွေကို အောက်ပါအတိုင်း ညွှန်ကြားပါ။

*စာပိုဒ် ၁၄ အဆုံးအထိဖတ်ပါ။ နမူနာဖတ်စာမှာ ရပ်နားဖို့အမှတ်အသားလုပ်ထားပါတယ်။ ဖတ်နေတုန်း ဖတ်လိုက်ရတဲ့အခန်းနဲ့ပတ်သက်ပြီး စိတ်ထဲမှာတတ်နိုင်သမျှအသေးစိတ်ပုံဖော်ကြည့်ပါ။ ဖတ်ပြီးရင် ဖတ်တာရပ်လိုက်ပြီး မော်ကြည့်ပါ။*

ထွက်ပေါ်စေခြင်း

### ချောင်းမြောင်းပစ်ခတ်သူ (အဆက်)

သူဟာဆာဆာလောင်လောင်နဲ့ ဆင်းဒဝစ် (sandwich) စားနေပါတယ်။ မနက်ကတည်းကဘာမှမစားရသေးပါဘူး။ သိပ်စိတ်လှုပ်ရှား နေလို့ အစာမစားနိုင်ပါဘူး။ ဆင်းဒဝစ်စားပြီး သူ့အိတ်ထောင်ထဲက ဝီစကီပုလင်းလေးထုတ်လိုက်ပြီး တကြိုက်မော့လိုက်ပါတယ်။ ပြီးတော့ ပုလင်းလေးကို သူ့အိတ်ထောင်ထဲပြန်ထည့်လိုက်ပါတယ်။ အရဲစွန့်ပြီး

အခိပ္ပာယ်ပုံဖော်ခြင်း

ဆေးလိပ်သောက်ရမလားမသောက်ရဘူးလားဆိုတာ ခဏစဉ်းစားလိုက်ပါတယ်။ အန္တရာယ်ရှိတယ်။ မီးရောင်ကို အမှောင်ထဲမှာတွေ့သွားနိုင်တယ်။ ပြီးတော့ ရန်သူတွေက စောင့်ကြည့်နေတယ်။ အရဲစွန့်ဖို့ဆုံးဖြတ်လိုက်တယ်။

နှုတ်ခမ်းတွေကြားဆေးလိပ်ကိုထားလိုက်ရင် မီးခြစ်ခြစ်လိုက်ပါတယ်။ ဆေးလိပ်မြန်မြန်ရှိုက်လိုက်ပြီး မီးခြစ်မီးငြိမ်းလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ခေါင်းမိုးဘေးအကာကို ကျည်လာမှန်ပါရော။ သူဟာဆေးလိပ် နောက်တဖွာဖွာလိုက်ပြီး ဆေးလိပ်မီးသတ်လိုက်ပါတယ်။ တိုးတိုး ဆဲဆိုပြီး ဗယ်ဘက်ကိုတွားသွားလိုက်ပါတယ်။ ခေါင်မိုးအနောက်ဘက်မှာရှိတဲ့ မီးခိုးခေါင်တိုင်ဘက်ကိုလှိမ့်သွားပြီး ခေါင်းတိုင်အနောက်မှာခေါင်မိုးဘေးအကာထိပ်ပိုင်းနဲ့သူ့မျက်လုံးတွေတတန်းတည်းကျတဲ့အထိ ကိုယ်ကိုဆွဲမထလိုက်ပါတယ်။ ဘာမှမမြင်ရပါဘူး။ ကောင်းကင်ပြာကိုနောက်ခံထားတဲ့ တဘက်အိမ်ခေါင်မိုးခပ်ရေးရေးပဲမြင်ရပါတယ်။ သူ့ရန်သူကတော့အကာအကွယ်နောက်မှာရှိနေပါတယ်။ အဲဒီအချိန်မှာပဲ သံချက်ကာကားတစီးတံတားကို ဖြတ်ကျော်လာပြီး လမ်းပေါ်တဖြည်းဖြည်းတက်လာပါတယ်။ ကိုက် ငါးဆယ်လောက်အကွာလမ်းတဘက်မှာ ရပ်လိုက်ပါတယ်။ သူဟာ အသက်ပြင်းပြင်းရှူသံလိုလိုမြည်နေတဲ့ ကားစက်သံကို ကြားနေရပါတယ်။ သူ့နှလုံးမြန်မြန်ခုန်လာပါတယ်။ ဒါရန်သူရဲ့ကား။ သူသေနတ်နဲ့ ပစ်ချင်ပေမယ့် ပစ်ရင်လည်းအကျိုးရှိမှာ မဟုတ်ဘူးဆိုတာသိပါတယ်။ စတီးနဲ့ဖုံးထားတဲ့ ဒီမီးခိုးရောင် မိစ္ဆာကြီးကို သူ့ကျည်ဆံတွေဘယ် နည်းနဲ့မှ ဖောက်ထွင်းနိုင်မှာမဟုတ်ပါဘူး။

ဒီအချန်မှာပဲ လမ်းကြားထောင့်တနေရာကအဘွားအိုတယောက်ထွက်လာပါတယ်။ သူ့ခေါင်းကိုစုတ်ပြဲနေတဲ့ တဘက်နဲ့အုပ်ထားပါတယ်။ ကားရဲ့သံပြားအကာထဲမှာရှိတဲ့ အမျိုးသားနှင့်စစကားပြောပါရော။ ဒီအဖွားအိုက သူလဲလျောင်းနေတဲ့ခေါင်မိုးကို လက်ညှိုးထိုးပြနေတယ်။ သတင်းပေးသူတယောက်ကိုး။

သံပြားအကာပွင့်လာတယ်။ သေနတ်နဲ့ချောင်းပစ်သူဘက်ကြည့်နေတဲ့ အမျိုးသားတယောက်ရဲ့ခေါင်းနဲ့ပခုံး ပေါ်လာတယ်။ ချောင်းပစ်သူလည်းရိုင်ဖယ်ကိုမြှောက်လိုက်ပြီး ပစ်လိုက်ပါတယ်။ ဒီအမျိုးသားရဲ့ခေါင်းဟာ သံပြားအကာပေါ်လေးလေးလံလံနဲ့ကျသွားပါတယ်။ အမျိုးသမီးလည်းလမ်းကြားဘက်ကိုပြေးသွားပါတယ်။ သူကလည်း ထပ်ပစ်လိုက်ပါတယ်။ အမျိုးသမီးလည်းတပတ်လည်သွားပြီး စူးရှတဲ့အသံနဲ့အော်ရင်းမြောင်းထဲကျသွားပါတယ်။

ရုတ်တရက်တဘက်ခေါင်မိုးက သေနတ်သံတချက်မြည်သွားပြီး သေနတ်နဲ့ချောင်းပစ်သူလည်း ဆဲဆိုရင်း သူ့ရိုင်ဖယ်ကိုပစ်ချလိုက်ပါတယ်။ ရိုင်ဖယ်လည်းတဖြောင်းဖြောင်းမြည်ရင်းခေါင်းမိုးပေါ်ကျသွားပါတယ်။ ဒီအသံကြောင့်သေသူတွေတောင်ပြန်ထလာနိုင်တယ်လို့ သူထင်လိုက်တယ်။ ရိုင်ဖယ်ကိုကောက်ယူဖို့ ရပ်လိုက်ပါတယ်။ မမနိုင်ပါဘူး။ သူ့လက်မောင်း သေသွားပါပြီ။ "ငါ့ကိုသေနတ်မှန်သွားပြီ" လို့သူရေရွတ်လိုက်တယ်။

ကိုယ်ကိုကြမ်းပေါ်ပစ်ချလိုက်ရင်း ခေါင်မိုးဘေးအကားဘက်ကိုတွားသွားလိုက်ပါတယ်။ သူ့ဘယ်လက်နဲ့ဒဏ်ရာရထားတဲ့ ညာလက်မောင်းကို စမ်းလိုက်ပါတယ်။ ကုတ်အင်္ကျီလက်ကနေ သွေးတွေယိုထွက်နေပါတယ်။ မနာပါဘူး။ လက်အဖြတ်ခံရသလိုထုံနေတာပဲခံစားရတယ်။

အင်္ကျီအိတ်ထဲက ဓားကိုမြန်မြန်ထုတ်လိုက်ပြီး ခေါင်မိုးဘေးအကာဘောင်ပေါ်မှာ ဖွင့်လိုက်ပြီး အင်္ကျီလက်မောင်းကိုလှီးလိုက်ပါတယ်။ ကျည်ဆံဝင်သွားတဲ့နေရာမှာ အပေါက်လေးတပေါက်ဖြစ်နေပါတယ်။ တဘက်မှာတော့ အပေါက်မရှိပါဘူး။ ကျည်ဆံဟာအရိုးထဲမှာဝင်နေပါတယ်။ အရိုးတော့ကွဲအက်သွားပြီထင်ပါရဲ့။ ဒဏ်ရာအောက်ကလက်မောင်းကိုကွေးလိုက်ပါတယ်။ လွယ်လွယ်ကူကူပဲ ကွေးလို့ရပါတယ်။ နာတာကိုခံနိုင်အောင်အံသွားကြိတ်လိုက်ပါတယ်။

အနာဆေးထည့်တဲ့အိတ်ကိုအမြန်ထုတ်လိုက်ပြီး ဆေးအိတ်ကိုဓားနဲ့လှီးဖွင့်လိုက်ပါတယ်။ အိုင်အိုဒင်း ဆေးပုလင်းထိပ်ကိုခွဲလိုက်ပြီး ဆေးခါးရည်ကိုအနာထဲစီးကျစေလိုက်ပါတယ်။ ရုတ်တရက်ထိုးနာလိုက်တဲ့ခံစားမှု သူ့တကိုယ်လုံးပျံ့သွားပါတယ်။ ဝါဂွမ်းစအနာပေါ်တင်ပြီး အပေါ်ကပတ်တီးစည်းလိုက်ပါတယ်။ သူ့သွားတွေသုံးပြီး ပတ်တီးစကိုစည်းလိုက်ပါတယ်။ ပြီးတော့ ခေါင်မိုးဘေးအကာပေါ်မှာ မှီနေရင်း မျက်စိပိတ်ထားလိုက်ပြီး နာကြင်မှုဒဏ်ခံနိုင်အောင် ကြိုးစားကြည့်လိုက်ပါတယ်။

အောက်ကလမ်းပေါ်မှာတော့ အားလုံးငြိမ်သက်နေပါတယ်။ စက်သေနတ်ပစ်သူရဲ့ခေါင်း သံပြားအကာပေါ်မှာ အသက်ကင်းမဲ့စွာတန်းလန်းကြီးပါသွားရင်း သံချပ်ကာကားလည်း တံတားပေါ်ကနေ အရှိန်ပြင်းပြင်းနဲ့ဆုတ်သွားပါတယ်။ အမျိုးသမီးရဲ့အလောင်းကတော့ မြောင်းထဲမှာငြိမ်ငြိမ်လေးရှိနေပါတယ်။

ဒုတိယအကြိမ် ရပ်နားခြင်း

ပြန်လည်စဉ်းစားခြင်း

အုပ်စုအနေနဲ့ ဖတ်လို့ပြီးရင်မေးပါ–
*ဘာမြင်သလဲ။*
ဆွေးနွေးဖို့ အချိန်ပေးပါ။ အမိုးဘေးမှာကာထားတဲ့နံရံဆိုတာ ဘာလဲလို့ ဘယ်သူသိသလဲလို့မေးလိုရင်မေးနိုင်ပါတယ် (မှတ်ဉာဏ်)

အခုမေးပါ–
*အခုဒီဇာတ်လမ်းဟာ ဘာအကြောင်းလို့ထင်သလဲ။ ဘာဖြစ်မယ်ထင်သလဲ။* (သုံးသပ်ခြင်း)
*ဘာဖြစ်လို့ဒီလိုထင်သလဲ။ ဘယ်အကြောင်းက ဒီလိုထင်စေသလဲ။* (ပေါင်းစပ်ခြင်း)
*အခုဇာတ်လမ်းရဲ့နောက်တပိုင်းဖတ်ဖို့အဆင်သင့်လုပ်ပါ။ ဒီဇာတ်လမ်း နဲနဲရှုပ်မယ်ဆိုတာ ခန့်မှန်းနိုင်မယ်ထင်ပါတယ်။ နောက်လာမယ့်စာမျက်နှာ ၂ မျက်နှာမှာ ဇာတ်လမ်းရဲ့ လှည့်ကွက်လာမယ့်နေရာရှာပါ။ အဲဒီနေရာမှာ အပြောင်းအလဲတမျိုးမျိုးခံစားရပါမယ်* (အဓိပ္ပာယ်ပြန်ဆိုခြင်း)
*နောက်တကြိမ်ရပ်တဲ့စာပိုဒ် ၂၂ အဆုံးအထိဖတ်ပါ။ အဲဒီမှာ တတိယအကြိမ် ရပ်ခြင်းလို့ အမှတ်အသားလုပ်ထားပါတယ်။* (အဓိပ္ပါယ် တည်ဆောက်ခြင်း)

*ထွက်ပေါ်စေခြင်း*

အဓိပ္ပာယ်ပုံဖော်ခြင်း

ချောင်းမြောင်းပစ်ခတ်သူ (အဆက်)

သေနတ်နဲ့ချောင်းပစ်သူကလည်း ဒဏ်ရာရထားတဲ့သူ့လက်မောင်းကိုကြည့်ထားရင်း အချိန်အတော်ကြာ လဲလျောင်းနေပြီး ထွက်ပြေးဖို့ကြံနေပါတယ်။ မနက်ခင်းမှာသူ့ကိုခေါင်မိုးပေါ်မှာဒဏ်ရာနဲ့မတွေ့ရပါဘူး။ ဒါပေမဲ့တဘက်ခေါင်မိုး က ရန်သူကသူလွတ်မြောက်ဖို့ အတားအဆီးဖြစ်နေပါတယ်။ ဒီရန်သူကိုသူသတ်ရမှာဖြစ်ပြီး သူ့အနေနဲ့ သူ့ရိုင်ဖယ်ကို မသုံးနိုင်ဖြစ်နေပါတယ်။ ဒီလိုလုပ်ဖို့သူ့မှာ ခြောက်လုံးပူး တလက်ပဲရှိပါတော့တယ်။ ဒီအချိန်မှာအကြံတခုရလာတယ်။ ဦးထုတ်ကိုချွတ်ရင်းသူ့ရိုင်ဖယ်ရဲ့ပြောင်းထိပ်ပေါ်တင်လိုက်ပါတယ်။ ပြီးတော့လမ်းတဘက်ကမြင်နိုင်တဲ့အထိ ရိုင်ဖယ်ကို ဖြေးဖြေးချင်းခေါင်မိုး ဘေးအကာပေါ်ရောက်အောင်မြှင့်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သေနတ်သံကြားရပါတယ်။ ဦးထုပ်အလယ်တည့်တည့်ကို ကျည်ဆံ တခုဖောက်ထွင်းသွားပါတယ်။ သူလည်းရိုင်ဖယ်ကို အရှေ့ဘက်ယိုင်လိုက်ပါတယ်။ ဦးထုပ်လည်းလမ်းပေါ်ကျသွားပြီး ရိုင်ဖယ်ကိုအလယ်က ကိုင်းရင်းသူဟာ ဗယ်လက်ကို ခေါင်မိုးပေါ်ကနေ အသက်ကင်းမဲ့စွာ တန်းလန်းချထားလိုက်တယ်။ ခဏအကြာမှာရိုင်ဖယ်ကိုလမ်းပေါ်လွှတ်ချလိုက်တယ်။ နောက်တော့ ခေါင်မိုးပေါ်လဲချလိုက်ပြီး သူ့လက်ကိုလည်း ဆွဲချလိုက်တယ်။ ဗယ်ဘက်ကိုမြန်မြန်တွားသွားလိုက်ပြီး ခေါင်မိုး အပေါ်ထောင့်ကို ချောင်းကြည့်လိုက်တယ်။ သူ့ကလိမ်ဉာဏ်အောင်မြင်သွားတယ်။ သူ့ဦးထုပ်နဲ့ရိုင်ဖယ်ကျသွားတာကို မြင်လိုက်တဲ့တခြားချောင်းပစ်သူက သူ့ကိုသတ်လိုက်ပြီလို့ထင်သွားတယ်။ အခုဒီလူဟာ အနောက်ဘက် ကောင်းကင်ကိုနောက်ခံထားပြီး မီးခိုးခေါင်းတိုင်အရှေ့မှာ မတ်တပ်ရပ်ရင်းတဘက်ကိုကြည့်လျက်ရှိပါတယ်။ သေနတ်နဲ့ချောင်းပစ်သူ ရီပါဘလီကန်ကလည်းပြုံးလိုက်ပြီး အိမ်ခေါင်မိုးဘေး အကာပေါ်ကနေ သူ့ခြောက်လုံးပူးသေနတ်ကို မြှောက်လိုက်ပါတယ်။ အကွာအဝေးအားဖြင့် ကိုက်ငါးဆယ်လောက်ရှိမယ်။ မီးမှိန်မှိန်ထဲ မှာပစ်ဖို့ရာတော့ ခက်မယ်။ ပြီးတော့ သူ့လက်မောင်းဟာလည်း မကောင်းဆိုးဝါးအကောင်တထောင်လောက်နာကြင်နေပါတယ်။ တည်တည်ငြိမ်ငြိမ်ပဲ ချိန်လိုက်ပါတယ်။

စိတ်အားထက်သန်မှုနဲ့သူ့လက်တုန်နေပါတယ်။ နှုတ်ခမ်းနှစ်လွှာကိုတင်းတင်းစေ့ပြီးနှာခေါင်းပေါက်တွေကနေ အသက်ပြင်းပြင်းရှူရင်း ပစ်လိုက်ပါတယ်၊ သေနတ်မြည်သံကြောင့် သူနားပင်းသွားလောက်မတတ်ဖြစ်သွားပြီး သေနတ်ပြန်ကန်လိုက်လို့သူ့လက်မောင်းတုန်ခါ သွားပါ တယ်။

ယမ်းခိုးတွေရှင်းသွားတဲ့အခါမှာသူသဘက်ကိုချောင်းကြည့်လိုက်ပြီး ပျော်တဲ့အသံတခုအော်လိုက်ပါတယ်။ သူ့ရန်သူတော့သေနတ်ထိသွားပြီ။ သေခြင်းရဲ့နာကြင်မှုနှင့် ခေါင်မိုးဘေးအကာနံရံအပေါ်မှာ လိမ့်နေပါတယ်။ သူ့ခြေပေါ်ရပ်ဖို့ ကြိုးစားပေမဲ့ အိပ်မက်ထဲမှာလိုတဖြေးဖြေး အရှေ့ကိုကျလာပါတယ်။ ရိုင်ဖယ်လည်းသူ့လက်ထဲကနေ လွှတ်ကျသွားပြီး ခေါင်မိုးဘေးအကာနံရံပေါ်ကနေ အောက်ကိုကျသွားပြီး အောက်မှာရှိတဲ့ဆံပင်ညှပ်ဆိုင်က တိုင်နဲ့ထိပြီး ပြန်ခုန်တက်လာပြီး တဖြောင်းဖြောင်းနဲ့ပလက်ဖောင်းပေါ်ကျသွားပါတယ်။

အဲဒီနောက်ခေါင်မိုးပေါ်က သေခါနီးဖြစ်တဲ့လူလည်း ကွေးပြီးအရှေ့ကိုကျသွားပါတယ်။ လေထုထဲမှာ သူ့ကိုယ်ဟာ လိမ့်နေရင်းမြေကြီးပေါ်ကို ဒုတ်ခနဲကျသွားပါတယ်၊ ပြီးတော့ငြိမ်ငြိမ်သက်သက်လဲလျောင်းနေပါတယ်။ သေနတ်နဲ့ချောင်းပစ်သူလည်း သူ့ရန်သူကျတာကိုကြည့်ပြီး ကြက်သီးထသွားတယ်။ တိုက်ပွဲဝင်လိုစိတ်လည်းကုန်သွားတယ်။ နောင်တရစိတ်တွေသူ့ကို ဝါးမြိုလိုက်ပါတယ်။ သူ့နဖူးပေါ်မှာ ချွေးသီးချွေးပေါက်တွေထွက်လာတယ်။ ဒဏ်ရာကြောင့် အားနည်းနေပြီး နွေရက်ပေါင်းများစွာ အစာမစားရပဲ ခေါင်မိုးပေါ်ကနေ စောင့်ကြည့်နေရတာကြောင့် သူဟာ သူ့ရဲ့အသက်ကင်းမဲ့နေပြီး အပိုင်းပိုင်းဖြစ်နေတဲ့ ရန်သူကိုမြင်ရတဲ့မြင်ကွင်းကို စက်ဆုပ်ရွံရှာနေပါတယ်။ သွားတွေလည်း အချင်းချင်းရိုက်နေပြီး သူ့ဟာသူမြည်တွန်တောက်တီးနေပါတယ်။ စစ်ကိုဆဲဆိုနေတယ်။ သူ့ကိုယ်သူလည်း ဆဲဆိုနေတယ်။ လူတိုင်းကိုဆဲဆိုနေပါတယ်။ သူ့လက်ထဲက ယမ်းတွေဝေနေတဲ့ခြောက်လုံးပူးသေနတ်ကိုကြည့်ရင်း သူ့ခြေထောက်အောက်မှာရှိတဲ့ ခေါင်မိုးပေါ်ကိုကြိမ်ဆိုရင်း ပစ်ပေါက်လိုက်ပါတယ်။ ထိရိုက်လိုက်မှုကြောင့် သေနတ်က ကျည်ဆံထွက်သွားပြီး ကျည်ဆံဟာသူ့ခေါင်းဘေးနားကဝီကနဲဖြတ်သွားပါတယ်။ လန့်သွားတဲ့စိတ်ကြောင့် သူလည်း သတိတရား ပြန်ရလာပါတယ်။ စိတ်တွေလည်း ပြန်တည်ငြိမ်လာတယ်။ သူ့စိတ်ထဲက ကြောက်ရွံ့မှု တိမ်တိုက်တွေ လွင့်စင်သွားပြီး ရီလိုက်ပါတယ်။

တတိယအကြိမ် ရပ်နားခြင်း

လူတိုင်းပြီးသွားရင်းမေးပါ–

*အခုဖြစ်နေတာနဲ့ပတ်သက်ပြီး ဘာကောင်းတယ်ထင်သလဲ။ ဘာဆိုးတယ်ထင်သလဲ။ ဘာလို့ဒီလိုထင်သလဲ။* (စီစစ်ခြင်း)

ပြန်လည်စဉ်းစားခြင်း

*ဒီဇာတ်လမ်းအားလုံးပြီးသွားပါပြီ။ ဒါပေမဲ့ စာရေးဆရာကစာလုံးပေါင်း ၂၀၀ လောက်ချန်ထားပါသေးတယ်။ အခုအထိဖြစ်ပျက်တာတွေစဉ်းစားပြီး ဇာတ်လမ်းဘယ်လိုဆုံးမလဲခန့်မှန်းနိုင်မလား။ သင်သာဆိုဇာတ် လမ်းဘယ်လိုဆုံးမလဲ။ ဘာဖြစ်လို့လဲ။* (ပေါင်းစပ်ခြင်း)

ဒီမေးခွန်းတွေကနေဆွေးနွေးပွဲရှည်ရှည်တခုတော့စလို့ရပါပြီ။ ဇာတ်လမ်းရဲ့အဓိကအကြောင်းအရာရယ် ဇာတ်လမ်းကနေထွက်ပေါ်လာတဲ့အကြောင်းအရာတွေနဲ့ပတ်သက်နေသမျှ ဆွေးနွေးပွဲကြာနိုင်သမျှကြာကြာပြောခွင့်ပေးဖို့ အရေးကြီး ပါတယ်။

အဓိပ္ပာယ်ပုံဖော်ခြင်း

*ဒီဇာတ်လမ်းအရ ဘာပြဿနာဖြစ်နေတယ်ထင်သလဲ။ သင်သာသေနတ်နဲ့ချောင်းပစ်သူဆိုရင် အခုနေ ဘယ်လိုခံစားရ မလဲ။ ဘာလုပ်မလဲ။ ဘာဖြစ်လို့လဲ။* (ပေါင်းစပ်ခြင်း)

*နောက်ဆုံးစာပိုဒ် ၄ ပိုဒ်အခုဖတ်ပါ။*

(page 23)

ချောင်းမြောင်းပစ်ခတ်သူ (အဆက်)

ဝီစကီပုလင်းကိုသူ့အိတ်ထောင်ထဲကထုတ်ရင်း တကြိုက်တည်းနဲ့အကုန် မော့ချလိုက်ပါတယ်။ အရက်ရဲ့လှုမ်းမိုးမှု အောက်မှာမဆင်မခြင်လုပ်ချင်စိတ်တွေပေါ်လာတယ်။ သူ့တပ်ခွဲက တပ်မှူးကိုသတင်းပေးဖို့ ခေါင်မိုးကနေ ဆင်းလာဖို့ဆုံးဖြတ်လိုက်တယ်။ ပတ်ဝန်းကျင်တခုလုံးတိတ်ဆိတ်နေတယ်။ ဒီလမ်းတွေကြားမှာသွားဖို့အန္တရာယ်သိပ်ရှိပုံမရဘူး။ သူ့ခြောက်လုံးပူးကိုကောက်ယူလိုက်ပြီး အိတ်ထောင်ထဲထည့်လိုက်တယ်။ ပြီးတော့အောက်မှာရှိတဲ့အိမ်ထဲကို ခေါင်မိုးပေါ်ကနေဆင်းလာခဲ့တယ်။

အဓိပ္ပာယ်ပုံဖော်ခြင်း

မြေညီထပ်ကလမ်းလေးပေါ်ရောက်တဲ့အခါ သူသတ်လိုက်တဲ့ချောင်းမြောင်းပစ်ခတ်တဲ့ သူ့ရန်သူဘယ်သူဆိုတာ သိချင်စိတ်တွေရုတ်တရက်ပေါ်လာပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် သူ့ရဲ့ပစ်ချက်တော့ တော်တော်ကောင်းတယ်လို့ မှတ်ချက်ချလိုက်တယ်။ သူဒီလူကိုသိမသိဆိုတာလည်း တွေးမိလိုက်တယ်။ စစ်တပ်မကွဲသွားခင် ဒီလူဟာ သူ့တပ်ခွဲက လူတယောက်ဖြစ်ချင်ဖြစ်နိုင်တယ်။ အရဲစွန့်ပြီး ဒီလူကိုသွားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ အိုကော်နယ်လမ်းထောင့်ထဲ လှမ်းကြည့်လိုက်တယ်။ လမ်းအထက်ပိုင်းမှာတော့ တော်တော်လည်းပြင်းပြင်းထန်ထန် ပစ်ခတ်နေကြတယ်။ ဒါပေမဲ့ ဒီမှာတော့ အားလုံးတိတ်ဆိတ်နေတယ်။

ချောင်းပစ်တဲ့လူလည်းလမ်းတဘက်ပြေးသွားလိုက်တယ်။ သူ့ပတ်ပတ်လည်စက်သေနတ်တလက်က ကျည်ဆံတွေဟာ မိုးသီးတွေလိုပဲဖြာ ကျလာတယ်။ ဒါပေမဲ့သူလွတ်သွားခဲ့တယ်။ အလောင်းဘေးနားမှာ မျက်နှာမှောက်ပြီး ပစ်လှဲလိုက်တယ်။ စက်သေနတ်သံရပ်သွားပြီ။

ဒီနောက် ချောင်းပစ်သူလည်း လူသေကောင်ကိုလှန်လိုက်ရင်း သူ့ညီရဲ့မျက်နှာကို စိုက်ကြည့်လိုက်တယ်။

လူတိုင်းဖတ်ပြီးသွားရင် မေးပါ –

*ထင်တဲ့အတိုင်းဇာတ်လမ်းဆုံးသွားသလား။ နောက်ဘာဖြစ်မလဲ။ ဒီလိုထင်အောင် ဇာတ်လမ်းထဲမှာ ဘာသက်သေ အထောက်အထားရှိသလဲ။*

အဓိပ္ပာယ်ပုံဖော်ခြင်း

*အခုဒီဇာတ်လမ်းအရဘာပြဿနာ အကြီးအကျယ်ရှိသလဲ။ လူသားတွေအားလုံးညီအကိုမောင်နှမတွေပဲဆိုတဲ့အတွေး အခေါ်နဲ့ ဒီဇာတ်လမ်း ဘယ်လိုအဆက်အစပ်ရှိသလဲ။*

(ပေါင်းစပ်ခြင်း)

ပြန်လည်စဉ်းစားခြင်း

အောက်ပါကိုးကားချက် ၂ ရပ်ကိုဆွေးနွေးဖို့သုံးပါ။

*"လွတ်မြောက်မှုသစ်ပင်ကို မျိုးချစ်ပုဂ္ဂိုလ်တွေရဲ့သွေးမကြာခဏလောင်းပေးရပါမယ်။"*

*ဒီဇာတ်လမ်းဟာ သောမတ်ဂျက်ဖဆင်ရဲ့ စကားနဲ့ဘယ်လိုဆက်စပ်နေပါသလဲ။* (စီစစ်ခြင်း)

*"စစ်ပွဲတခုရှိပေမဲ့ ဘယ်သူမှမသွားဘူး ထားပါတော့"*

*ဒီဇာတ်လမ်းဟာ ၁၉၆၀ နှောင်းပိုင်းလောက်မှာ မကြာခဏမြင်ရတဲ့ပိုစတာက စာသူတွေနဲ့ဘယ်လိုအဆက်အစပ်ရှိသလဲ။* (စီစစ်ခြင်း)

စဉ်းစားပြီးဆွေးနွေးဖို့အချိန်ပေးပါ။ အတွေးအမြင်တွေ လွတ်လွတ်လပ်လပ်ထုတ်ဖော်ခွင့်ပေးပါ။ သင်တန်းသားတွေဟာ တယောက်နဲ့တယောက်ပြောရမှာဖြစ်ပြီး ဆရာကတဆင့်မပြောရပါဘူး။ ဒီလိုဖြစ်အောင် ဆရာက စကားနဲနဲပဲပြောပါ။ ခေါင်းငြိမ့်ပါ။ ပြီးသင်တန်းသားတွေကိုဦးစားပေးပါ။

စဉ်းစားဖို့ဆွေးနွေးဖို့ အချိန်ပေးပါ။

(page 24)

ဒီအချိန်မှာ တဦးစီဇာတ်လမ်းကိုပြန်စဉ်းစားခိုင်းပါ။ ဒီအချိန်ဟာ သင်တန်းသားတွေကို အရေးလေ့ကျင့်ခန်းတခုခု ဒါမှမဟုတ် လေ့ကျင့်ခန်းတစုံ လုပ်ခိုင်းဖို့အချိန်ကောင်းပါ။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းအတွက် စာရေးခြင်းအကြောင်း လမ်းညွှန်စာအုပ် ၃ နဲ့ ၄ မှာဆွေးနွေးပါမယ်။

(page 25)

အပိုင်း ၃ ဇာတ်လမ်း
သင်ခန်းစာကို
သုံးသပ်ခြင်း

## ဇာတ်လမ်းသင်ခန်းစာ သုံးသပ်ခြင်း

ပြီးခဲ့တဲ့သင်ခန်းစာမှာ အတွေးအခေါ် ၂ ခုကိုပေါင်းစပ်ထားပါတယ်။ ပထမအတွေးအခေါ်က လမ်းညွှန်စာအုပ် ၁ မှာပါတဲ့ သင်ယူခြင်းဘောင်ကို အသုံးချခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အကြောင်းအရာဖော်ပြတဲ့စာပိုဒ်မဟုတ်ပဲ ဇာတ်လမ်းဖြစ်ပါတယ်။ ဒုတိယကတော့ မေးခွန်းမေးခြင်းဟာ သင်ယူခြင်းအတွက်လမ်းညွှန်မှုကောင်းဖြစ်ပြီး အဆင့်အမျိုးမျိုးမှာစဉ်းစားမှုဘောင်ရဲ့ အဆင့်သုံးဆင့်က တဆင့်ပြီးတဆင့် အဘက်ဘက်ကစဉ်းစားစေပါတယ်။ ဒီစာအုပ်နောက်ပိုင်းမှာ မေးခွန်းမေးပုံအသေးစိပ်ကို ဆွေးနွေးပါမယ်။ ပထမ ဒီသင်ခန်းစာကို EER ဘောင်ကနေသုံးသပ်ပါမယ်။

### **ERR** ရှုထောင့်

သင်ခန်းစာအပြီးမှာ သင်ခန်းစာဘယ်လိုလုပ်လိုက်သလဲနဲ့ ဘာတွေကြုံတွေ့လိုက်သလဲဆိုတာ အသေးစိပ်ပြန်ကြည့်ရပါမယ်။ သင်ခန်းစာကို အပိုင်းပိုင်းခွဲကြည့်ပြီး အစိတ်အပိုင်းတွေပေါ်လာအောင်လုပ်ရပါမယ်။ ပထမအနေနဲ့ သင်တန်းသားတွေဘာကြုံတွေ့ရသလဲပြီးတော့ ဘာသတိထားမိသလဲဆိုတာဆွေးနွေးရပါမယ်။ စနစ်တကျပြန်ကြည့်ရပါမယ်။ ဒါကြောင့်အစပိုင်းမှာစဆွေးနွေးရပါမယ်။ သင်တန်းသားတွေကို သူတို့ပထမဆုံးဘာလုပ်သလဲဆိုတာ ပြန်စဉ်းစားခိုင်းပါ။ ဒါဟာဆရာဆရာမစိတ်ထဲမှာ ဘာရှိသလဲပြောဆိုတာမျိုး ခန့်မှန်းခိုင်းတာမျိုး မဖြစ်ပါစေနဲ့။ နည်းစဉ်ရဲ့အစဖြစ်ပါစေ။ “ချောင်းမြောင်းပစ်ခတ်သူ” စာပိုဒ်နဲ့ပတ်သက်ပြီး ပထမဆုံးလုပ်ရတဲ့လေ့ကျင့်ခန်းက စာရေးဆရာနဲ့ သူရေးတဲ့အခြေအနေအကြောင်း ဆွေးနွေးတာပါ။ ဒါကအထွေထွေအကြံထွက်ပေါ်စေခြင်းလေ့ကျင့်ခန်းအနေနဲ့ လုပ်ပါတယ်။ ဒါက ဇာတ်လမ်းအခြေအနေ၊ အချိန်နဲ့နေရာ၊ ပြီးတော့ဖြစ်နိုင်တဲ့အဓိကအကြောင်းအရာတွေကို စစဉ်းစားစေဖို့ပါပဲ။ ဒါက ဆောင်းပါးကိုဖတ်ပြီး အတိအကျအကြံထွက်ပေါ်စေတဲ့ လေ့ကျင့်ခန်းတွေလုပ်ဖို့ စသည့်အချိန်မှာ ယေဘုယျကျတဲ့လေ့ကျင့်ခန်းတခုပါ။ ဒီသင်ခန်းစာဟာ တကယ်တော့ အတော်ကိုယေဘုယျကျပါတယ်။ အစမှာ အကြံတွေထွက်ပေါ်စေတဲ့ လေ့ကျင့်ခန်းနဲ့စပါတယ်။ ပြီးတော့ အဓိပ္ပာယ်ပုံဖော်တဲ့လေ့ကျင့်ခန်းကို စာဖတ်ပြီးလုပ်ပါတယ်။ အဆုံးမှာ သင်ခန်းစာကို အဆုံးသတ်ဖို့ ပြန်စဉ်းစားပြီးရေးတဲ့ အရေးလေ့ကျင့်ခန်းလုပ်ဖို့ အကြံပြုထားပါတယ်။ ဒါကြောင့်ဘောင်ရဲ့အဆင့်သုံးဆင့်ကို ယေဘုယျကျတင်ပြထားပါတယ်။ ဘာဖြစ်ခဲ့သလဲ ဘယ်လိုခံစားခဲ့ရသလဲ ပြန်စဉ်းစားပါ။

နောက်သတိပြုရမယ့်အချက်က သင်ခန်းစာဟာ ဘောင်ထဲကအရာတွေကိုခပ်တိုတို ဆက်တိုက်သုံးသွားတဲ့အချက်ပါ။ ဖတ်စာရဲ့အပိုင်းတိုင်းမှာ ဒီလိုလုပ်သွားပါတယ်။ ဒီအပိုင်းတွေကိုအခုသုံးသပ်ရပါမယ်။ သင်တန်းသားတွေကို နောက်ဘာဖြစ်သလဲဆိုတာ မှတ်မိသလားလို့မေးပါ။ မဖတ်ခင် ဖတ်စာထဲကအပြောင်းအလဲတွေကို ရှာခိုင်းပြီး ကွဲပြားတဲ့ရုပ်ပုံတွေကိုရှာခိုင်းတာမှတ်မိပါလိမ့်မယ်။ ဒီလိုမေးတာဟာ စာဖတ်သူတွေကိုသူတို့ဘာဖတ်ရတော့မလဲဆိုတာခန့်မှန်းခိုင်းတာပါ။ စိတ်ထဲမှာ အဆင်သင့်ရှိနေဖို့နဲ့ တိကျတဲ့အချက်တချို့ကိုသတိပြုဖို့နဲ့ ဖတ်နေတုန်း ဝေဖန်ပိုင်းခြားစဉ်းစားသူတွေဖြစ်အောင်ပါ။

ဖတ်စာကသူတို့ကိုဘယ်လိုခံစားစေသလဲလို့မမေးခင် သင်တန်းသားတွေကို ပထမအကြိမ်ရပ်တဲ့အထိ ဖတ်ခိုင်းပါ။ ဒီလိုလုပ်ခြင်းဟာ သင်ခန်းစာအတွင်းမှာ ဒါမှမဟုတ် ဖတ်စာဖတ်ချိန်မှာ ပြန်စဉ်းစားစေပါတယ်။ ဒီလိုလုပ်တာဟာ ဖတ်စာနဲ့ဆက်စပ်မှုကို ဆက်ရှိနေစေပြီး ဝေဖန်သုံးသပ်မှုစတင်ပါတယ်။ ဇာတ်လမ်းသရုပ်ဖော်စာပိုဒ်၊ ပို့ချချက်၊ ဒါမှမဟုတ် တခြားသင်ခန်းစာတနည်းနည်းအဆုံးမှာမှ အတွေ့အကြုံနဲ့ဆက်စပ်ဖို့ရာ မလိုပါဘူး။ အဓိပ္ပာယ်နားလည်းတာဟာ စာရေးဆရာရည်ရွယ်တာဖြစ်ဖြစ် ကျောင်းသားက ကိုယ့်ဟာကိုယ်ပုံဖော်တာဖြစ်ဖြစ် အဓိပ္ပာယ်တွေအကြောင်းစဉ်းစားတာဖြစ်ပါတယ်။ စာဖတ်သူပုံဖော်လိုက်တဲ့အဓိပ္ပာယ်ဟာပိုကွဲပြားပြီး၊ အကန့်အသတ်သိပ်မရှိပဲ ဝေဖန်ပိုင်းခြားထားလေလေ ပိုခိုင်မာ၊ ကျယ်ပြန့်၊ စကားကြွယ်လေလေပါ။

ပထမအကြိမ်ဖတ်တာနဲ့ပတ်သက်တဲ့မေးခွန်းတွေမေးလို့အပြီးမှာ နောက်လာမယ့်အခန်းနဲ့ပတ်သက်ပြီးအသေးစိတ်ပုံဖော်ခိုင်းပါတယ်။ ဥပမာသင်ခန်းစာကဖတ်စာဟာကြွယ်ဝပါတယ်။ စာဖတ်သူတွေကိုပေါ်လာမယ့် ဇာတ်လမ်းနဲ့ပတ်သက်ပြီး ပုံဖော်ခိုင်းဖို့အင်မတန်ကောင်းတဲ့ စာပိုဒ်ပါ။ စိတ်ထဲမှာပုံဖော်တာဟာ စာပိုဒ်နဲ့ဆက်စပ်နေမှု ထိန်းထားဖို့အကောင်းဆုံးနည်းပါ။ ဒီပုံဟာ မိမိနဲ့ပဲဆိုင်ပါတယ်။ ရည်ရွယ်ချက်ရှိပါတယ်။ စာဖတ်သူဆက်ဖတ်နေသမျှပြောင်းလို့ရပါတယ်။

မေးခွန်းတွေဖြေပြီးရင် သူတို့ပုံဖော်လို့ရတဲ့ ပုံရိပ်တွေအကြောင်း ဘာတွေ့သလဲလို့မေးပါ။ ဒီလိုပုံရိပ်တွေအကြောင်းစမေးရင်လုပ်ရပ် ၂ခုလုပ်ပါတယ်။ ပထမသူတို့ကိုခိုင်းတာဟာ ပေါ့ပေါ့တန်တန်မဟုတ်ပဲ လေးနက်ကြောင်းပြပါတယ်။ ချက်ချင်းမေးခြင်းအားဖြင့် သူတို့ပါဝင်မှုကိုမျှော်လင့်ထားတယ်ဆိုတာပြပါတယ်။ ဒုတိယအနေနဲ့ဆွေးနွေးပွဲမှာကျောင်းသားတွေကိုသူတို့မြင်ရတဲ့ပုံရိပ်တွေကို စကားအဖြစ်ပြောင်းခိုင်းပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့်တခြားကျောင်းသားတွေလည်း စဉ်းစားနိုင်ပြီးတုန့်ပြန်နိုင်ပါတယ်။ ပြီးတော့တခြားလူတွေလဲဒီအခန်းကို ဘယ်လိုပုံဖော်သလဲဆိုတာမြင်နိုင်ပါတယ်။ လေ့ကျင့်ခန်းတွေဟာ ပေါ့ပေါ့တန်တန်မဟုတ်ပဲ လေးနက်ကြောင်း ကျောင်းသားတွေမြင်ရပါမယ်။

ဒီအပိုင်းအဆုံးမှာတိုက်ရိုက်မေးတဲ့မေးခွန်း ဒါမှမဟုတ် မှတ်ဉာဏ်စစ်တဲ့မေးခွန်းဖြစ်တဲ့ “အမိုးဘေးမှာကာထားတဲ့နံရံဆိုတာဘာလဲ ဘယ်သူသိသလဲ” လို့တခါပဲမေးပါတယ်။ ဒီမေးခွန်းဟာတခြားအဓိပ္ပာယ်ကြွယ်ဝတဲ့ မေးခွန်းတွေနဲ့ကွာပါတယ်။ စဉ်းစားပြီးအဓိပ္ပာယ်ပုံဖော်တဲ့အဆင့် ဒါမှမဟုတ် ဝေဖန်သုံးသပ်တဲ့အဆင့် မလိုကြောင်းလွယ်လွယ်တွေ့နိုင်ပါတယ်။ အမိုးဘေးမှာကာထားတဲ့နံရံဆိုတာ ဘာလဲလို့သိခြင်းဟာ စာဖတ်သူအတွက်ထောက်အကူဖြစ်ပေမယ့် ဇာတ်လမ်းနားလည်ဖို့မလိုအပ်ပါဘူး။

တတိယပိုင်းကို ဒုတိယပိုင်းကို စသလိုပဲစပါတယ်။ ကျောင်းသားတွေကိုဝေဖန်ပိုင်းခြားသုံးသပ်ခိုင်းပါတယ်။ ဇာတ်လမ်းရဲ့လှည့်ကွက်လေးတွေရှာခိုင်းပြီး တခုခုပြောင်းလဲမယ်ဆိုတာ မျှော်လင့်ခိုင်းပါတယ်။ ဒီပဟေဠိကိုအဖြေရှာရတာဟာလည်း စာဖတ်ခြင်းရည်ရွယ်ချက်တခုဖြစ်လာပါတယ်။ သင်ခန်းစာရဲ့ကျန်တဲ့အပိုင်းမှာတော့ စနစ်တကျစူးစမ်းခြင်းနဲ့ ဘောင်ကိုဆက်တိုက်သုံးသွားပါတယ်။

စာဖတ်သူတွေဖတ်နေတုန်း ဘောင်ရဲ့ပိုသေးတဲ့အစိတ်အပိုင်းတွေကို ဆောင်းပါးတလျှောက်သုံးသွားပါတယ်။ အပိုင်းတိုင်းမှာမိမိတို့ဖတ်တဲ့အကြောင်းပြန်စဉ်းစားခိုင်းပါတယ်။ အပိုင်းအသစ်မဖတ်မီ စာဖတ်သူတွေကို နောက်ဘာဖြစ်မလဲလို့ ခန့်မှန်းခိုင်းတဲ့အတွေးအခေါ်တွေ ထွက်ပေါ်စေတဲ့မေးခွန်းတွေမေးပါတယ်။ သူတို့ဆွေးနွေးပွဲမှာ ဒီလိုခန့်မှန်းခိုင်းတာဟာ စာဖတ်ချင်စိတ် ပိုပေါ်လာစေတယ်ဆိုတာ ပြပါလိမ့်မယ်။ ဒီအချိန်မှာ EER ဘောင်ကိုသုံးတဲ့အခါ တဖြောင့်ထဲသွား တာမဟုတ်ပဲ ပြန်ပေါ်လာတဲ့အချက်တွေလည်းရှိတယ်ဆိုတာ ပြောပြပါ။ အတွေးအခေါ်တွေထွက်ပေါ်စေခြင်းက အဓိပ္ပာယ်ပုံဖော်စေပြီး ပြန်လည်စဉ်းစားစေပါတယ်။ ဒါကတဆင့်မေးခွန်းအသစ်တွေမေးစေပြီး အတွေးအခေါ်အသစ် တွေတဆင့်ထွက်ပေါ်လာစေပါတယ်။ ပြီးခဲ့တဲ့စာပိုဒ်တွေမှာ ပြောခဲ့သလို သင်တန်းသားတွေကို သင်ခန်းစာနဲ့ပတ်သက်ပြီး ပြန်စဉ်းစားပါစေ။ သူတို့ပါလုပ်သလဲ ဘယ်လိုထိရောက်မှုရှိသလဲဆိုတာ အမှတ်ရပါစေ။ ဒီလိုလုပ်ခြင်းဟာ သူတို့ စာဖတ်လိုစိတ်မြှင့်ပေးသလားဆိုတာ မေးပါ။ စာဖတ်တဲ့အခါ ပိုစိတ်ဝင်စားသလား၊ စာဆက်ဖတ်နိုင်ဖို့ စကားပြောတာ ရပ်စေလိုသလား၊ ပထမပိုင်းမှာသုံးတဲ့သရုပ်ဖော်တဲ့စာပိုဒ်နဲ့ ဒီသင်ခန်းစာနမူနာ ဘယ်လိုကွာသလဲ၊ ဘယ်လိုတူသလဲ၊ သင်တန်းသားတွေကို သူတို့ရဲ့အတွေ့အကြုံတွေ ဖလှယ်ပါစေ။ ဒီလိုမှသူတို့ရဲ့အတန်းတွေမှာ အကောင်အထည်ဖော်တဲ့အခါ သူတို့ရဲ့ကျောင်းသားတွေ ဘယ်လိုခံစားရမယ်ဆိုတာ သိမှာပါ။

(page 29)

## Bloom ရဲ့မေးခွန်းအမျိုးအစားခွဲခြားခြင်းကို Sanders ကပြန်ရေးတာကို ဆီလျော်အောင်အသုံးချခြင်း

ဒီသင်ခန်းစာဒုတိယအဆင့်မှာ ဝေဖန်စဉ်းစားဖို့အတွက် မေးခွန်းမေးတာ ပါပါတယ်။ ဒီသင်ခန်းစားထဲမှာမေးခွန်းအမျိုးအစားခွဲထားပါတယ်။ ဒီမေးခွန်းတွေဟာ ကျောင်းသားတွေကို အချက်အလက်ကို အဓိပ္ပာယ်ပြန်နိုင်းပါတယ်၊ အတွေးအခေါ်တွေ ပေါင်းစပ်ခိုင်းပါတယ်။ အချက်အလက်တွေသုံးသပ်ခိုင်းပါတယ်။ ပုံရိပ်တွေကို တည်ဆောက်ခိုင်းပြီး ဇာတ်လမ်းပြောင်းလာတဲ့အမှု စီစစ်ခိုင်းပါတယ်။ ဒီမေးခွန်းတွေကို Bloom ရဲ့မေးခွန်းအမျိုးအစားခွဲခြားခြင်းကို Sanders (1969) ကပြန်ရေးတာကရပါတယ်။ ဒါကမေးခွန်းနဲ့ပတ်သက်ပြီး စဉ်းစားပုံအများကြီးထဲကတမျိုးပါ။ ဒီလိုမေးခွန်းတွေကိုနားလည်ခြင်းဖြင့် အဆင့်အမျိုးမျိုးမှာ အမျိုးမျိုးစဉ်းစားစေတယ်ဆိုတာ နားလည်ဖို့အရေးကြီးပါတယ်။ Sanders အတွက်မေးခွန်းအမျိုးမျိုးဟာ အဆင့်အတန်းအလိုက်ရှိပြီး အနိမ့်ဆုံးအဆင့်မှာ မှတ်ဉာဏ်စစ်တဲ့မေးခွန်းဒါမှာမဟုတ် တိုက်ရိုက်မေးတဲ့မေးခွန်းတွေရှိပါတယ်။ စီစစ်တဲ့မေးခွန်းတွေကိုတော့ အမြင့်ဆုံးအဆင့် မေးခွန်းမေးခြင်းနဲ့စဉ်းစားခြင်းမှာရှိတယ်လို့ယူဆပါတယ်။ (ပုံ ၁ ကိုကြည့်ပါ။ )

မေးခွန်းအမျိုးအစားတိုင်းအရေးကြီးပါတယ်။ သူတို့အားလုံးဟာအတွေးအခေါ်အမျိုးမျိုးတွေးစေပြီး သင်ကြားမှုအတွေ့အကြုံအမျိုးမျိုးရစေပါတယ်။ မေးခွန်းအမျိုးအစားတမျိုးစီဟာ ပိုခန်းနားပြီး ပိုကြွယ်ဝတဲ့နားလည်မှုတွေဖြစ်စေမယ့်အတွေးအမြင်အမျိုးမျိုးရစေတယ်ဆိုတာ နားလည်ဖို့အရေးကြီးပါတယ်။ ဒါပေမယ့် သင်ကြားမှုရည်ရွယ်ချက်က ကျောင်းသားတွေကို အဆင့်နိမ့်တဲ့စဉ်းစားမှုကနေ အဆင့်မြင့်တဲ့စဉ်းစားမှုရောက်အောင် ခေါ်သွားဖို့ဖြစ်ရပါမယ်။ ဒီလိုနည်းနဲ့ကျောင်းသားတွေဟာသူတို့ရဲ့ အသိဉာဏ်နဲ့အတွေးအခေါ်တွေကို အသုံးချလာပါတယ်။ တိုက်ရိုက်အဆင့် ဒါမှမဟုတ်ရင် မှတ်ဉာဏ်စစ်တဲ့အဆင့်မှာပဲဆိုရင် ကျောင်းသားတွေရဲ့အသိဉာဏ်ဟာ ဖုံတက်နေတဲ့စင်တစင်မှာတင်ထားတဲ့စွယ်စုံကျမ်းတခုထဲမှာရှိတဲ့ အချက်အလက်တွေနဲ့တူနေပါတယ်။

## နည်းစဉ်အမျိုးမျိုး မေးခွန်းမေးပုံ

တိုက်ရိုက်မေးတဲ့မေးခွန်းတွေဟာ အချက်အလက်တွေကိုမေးပါတယ်။ အလွတ်ကျက်ထားတာပြန်မှတ်မိဖို့ပဲလိုပြီးကျောင်းသားဟာ ပြန်ဖြေနိုင်ဖို့အချက်အလက်အစိတ်အပိုင်းလေးတွေကို အချိန်တိုလေးသိထားဖို့ပဲလိုပါတယ်။ တိုက်ရိုက်မေးခွန်းတွေရဲ့အဖြေကိုဖတ်စာထဲမှာပဲရှာတွေ့နိုင်ပါတယ်။ ကျောင်းသားအနေနဲ့ပြောပြီးသားအရာကို ပြန်ရွတ်ဆိုရုံပါပဲ။ ကျောင်းမှာအခက်အခဲရှိဆုံးကျောင်းသားဟာ မှတ်ဉာဏ်စစ်တဲ့မေးခွန်းတို့ တိုက်ရိုက်မေးတဲ့မေးခွန်းတို့ ကြိုက်မယ်လို့ထင်လေ့ရှိပါတယ်။ ဒါပေမယ့် ဒီမေးခွန်းတွေရဲ့အဖြေတွေဟာ မှန်ချင်မှန်မယ်၊ မှားချင်မှားမယ်။ ဒါကြောင့်အခက်အခဲရှိ တဲ့ကျောင်းသားတွေအနေနဲ့ ဒီလိုမေးခွန်းတွေဟာခက်ခဲပြီး ကြောက်စရာအကောင်းဆုံးဖြစ်မယ်လို့ သုတေသီတချို့က တွေ့ပါတယ်။

ပြောင်းလဲခြင်းအစီပွာယ်ပြန်ခြင်း

အချက်အလက်များကိုပုံစံအသစ်ပြောင်းခြင်း
အကြံများ၊ အချက်များ တန်ဖိုးများအကြားဆက်စပ်မှုတွေ့ခြင်း

အသုံးချခြင်း
ပြဿနာဖော်ထုတ်ခြင်း၊ အဖြေရှာခြင်း ယေဘုယျအဖြစ်သုံးခြင်း

သုံးသပ်ခြင်းစဉ်းစားမှုနည်းစဉ်ကိုသိတဲ့အသိနဲ့ အထွေထွေနားလည်မှုတို့အားဖြင့် အစိတ်အပိုင်းများစီစစ်ခြင်း

ပေါင်းစပ်ခြင်း
အခြေအနေသစ်များ၊ ရလဒ်များ ဖန်တီးပြီး ထူးခြားသောပုံစံများပြန်တည်ဆောက်ခြင်း

စီစစ်ခြင်း
နားလည်မှုကိုတန်ဖိုးဖြတ်ရာတွင် သဘောထားများနှင့်ဝေဖန်ချက်များပြုခြင်း

မှတ်ဉာဏ် (တိုက်ရိုက်အဆင့်)
အချက်အလက်များကိုမှတ်မိခြင်း

ဝေဖန်ပိုင်းခြားစူးစမ်းခြင်း

*ပြောင်းလဲတဲ့မေးခွန်းတွေက* ကျောင်းသားတွေကို အချက်အလက်တွေကို ပုံစံတမျိုးပြောင်းစေပါတယ်။ ဥပမာ၊ ပြောင်းလဲတဲ့မေးခွန်းတခုက ကျောင်းသားတွေကို သူတို့သင်ယူနေတဲ့ အခြေအနေ၊ မြင်ကွင်း၊ ဒါမှမဟုတ် အဖြစ်အပျက်ကို စိတ်ထဲမှာပုံဖော်ပြီး သူတို့မြင်တာကိုဖော်ပြခိုင်းပါတယ်။ ပြောင်းလဲတဲ့မေးခွန်းတွေက

ကျောင်းသားတွေကို အချက်အလက်တွေကိုကွဲပြားတဲ့ရုပ်ပုံတွေအဖြစ် အသွင်ပြောင်းဖို့အားပေးပါတယ်။ ပြန်ဖြေတဲ့ကျောင်းသားတွေဟာ သူတို့စာဖတ်ရင်းမြင်တဲ့ရုပ်ပုံတွေ ကြားတဲ့အသံတွေကိုဆွေးနွေးရပါမယ်။ အာရုံခံစားမှုနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေဖန်တီးရပါမယ်။ သူများတွေကိုသူတို့မြင်တာတွေကိုပြန်ပြောရပါမယ်။ ပါဝင်ရပြီးတီထွင်မှုရှိတဲ့လုပ်ငန်းစဉ်တခုပါ။

*အဓိပ္ပာယ်ပြန်တဲ့မေးခွန်း*တွေက ကျောင်းသားတွေကိုအကြံတွေ၊ အချက်အလက်တွေ၊ အဓိပ္ပာယ်သတ်မှတ်ချက်တွေ၊ ဒါမှမဟုတ် တန်ဖိုးတွေအကြားအဆက်အစပ်တွေမြင်လာစေပါတယ်။ ကျောင်းသားတွေဟာအကြံတွေအတွေးအခေါ်တွေဘယ်လိုအဓိပ္ပာယ်ရှိရှိအဆက်စပ်ရှိသလဲဆိုတာ စဉ်းစားရပါမယ်။ ဒီမေးခွန်းတွေမှာ အဓိကဇာတ်ကောင်ဟာ သူမရဲ့အဖေပြန်လာတဲ့အထိဘာဖြစ်လို့စောင့်တယ်ထင်သလဲ၊ ဒါမှမဟုတ်အခု ဒီဝမ်းနည်းစရာကောင်းတဲ့အဖြစ်အပျက်ဘာအကြောင်းကြောင့်ဖြစ်တယ်ထင်သလဲ၊ ဆိုတဲ့မေးခွန်းတွေပါနိုင်ပါတယ်။ ဒီလိုမေးတာဟာ ခန့်မှန်းတွေးတောမှုကို စစေပါတယ်။ Sanders ကအဓိပ္ပာယ်ပြန်တဲ့မေးခွန်းတွေဟာ အဆင်မြင့်စဉ်းစားခြင်းရဲ့ အဓိကမေးခွန်းတွေလို့ ယူဆပြီး အများက တကယ်နားလည်တယ်ဆိုတာ အဓိပ္ပာယ်ပြန်ဆိုတာပဲလို့ဆိုပါတယ်။ အတွေးအခေါ်တွေဆက်စပ်ခြင်းနဲ့ အခြေအနေတည်ဆောက်ခြင်း

*အသုံးချခြင်းဆိုင်ရာမေးခွန်းတွေ*ဟာ ကျောင်းသားတွေကို ပြဿနာဖြေရှင်းခွင့် ဒါမှမဟုတ်ဖတ်စာသော်ရင်း သင်ယူမှုအတွေ့အကြုံတွေအရသော်ရင်း တွေ့လာရတဲ့ဆင်ခြင်မှုပြဿနာတွေ ဆက်လက်စုံစမ်းခွင့်တွေ ပေးပါတယ်။ *သုံးသပ်ခြင်းမေးခွန်း*တွေကတော့ ကျောင်းသားတွေကိုအဖြစ်အပျက်တခုဟာ အလုံအလောက်ရှင်းပြထားခြင်းရှိမရှိ ဒါမှမဟုတ် တခြားတုန့်ပြန်မှုတွေနဲ့အခြေအနေတွေက အခြေအနေကို ပိုအဓိပ္ပာယ်ရှိရှိရှင်းပြထားသလားဆိုတာ မေးပါတယ်။ ဇာတ်လမ်းထဲကဇာတ်ကောင်ရဲ့ရည်ရွယ်ချက်တွေ ဒါမှမဟုတ်သုတေသီတဦးရဲ့ သုတေသနအစီအစဉ်၊ ဒါမှမဟုတ် ဇာတ်လမ်းနိဂုံးဟာ ယုတ္တိရှိမရှိမေးနိုင်ပါတယ်။

*ပေါင်းစပ်ခြင်းဆိုင်ရာမေးခွန်းတွေ*ကတော့ ကိုယ်ပိုင်စဉ်းစားမှုနဲ့ပြဿနာဖြေရှင်းဖို့အားပေးပါတယ်။ အသုံးချခြင်းဆိုင်ရာမေးခွန်းတွေက ကျောင်းသားတွေကို ဥပမာ သံသယမဖြစ်ရအောင် ဒီဇာတ်ကောင် ၂ ယောက်ဟာတခြားဘယ်လိုလုပ်သင့်တယ်ထင်သလဲ၊ ဒါမှမဟုတ် လက်ရှိပြဿနာတွေကိုရှောင်ရှားဖို့ ဒီအခြေအနေတွေကိုတခြားဘယ်လိုနည်းနဲ့ကြည့်နိုင်သလဲဆိုတဲ့တခြားအခြေအနေ ဖန်တီးစေတဲ့မေးခွန်းတွေမေးပါတယ်။ *စီစစ်ခြင်းမေးခွန်းတွေ*က ကျောင်းသားတွေကို သူတို့သတ်မှတ်တဲ့အဆင့်အတန်းအတိုင်း အကောင်းအဆိုး၊ အမှန်အမှား ဝေဖန်ခိုင်းပါတယ်။ ကျောင်းသားတွေကိုသူတို့ကြုံခဲ့ရတာတွေကို နားလည်စေပြီး ဝေဖန်မှုပြုစေတဲ့ မိမိယုံကြည်မှုစနစ်ထဲမှာ ပေါင်းစပ်စေပါတယ်။ နားလည်မှုနဲ့ပူးပေါင်းမှုတို့ပါဝင်ပြီး သင်ယူခြင်းကိုမိမိနဲ့ဆိုင်တဲ့ လုပ်ငန်းစဉ်တခုဖြစ်စေပြီး အကြံနဲ့အတွေးအခေါ်အသစ်တွေကိုကိုယ်ပိုင်ဖြစ်စေပါတယ်။ စီစစ်တဲ့မေးခွန်းတွေဟာ ကျောင်းသားတွေကိုသင်ယူလိုက်ရတဲ့ အချက်အလက်တွေရဲ့အရည်အသွေးကို စစ်ဆေးစေပြီး အချက်အလက်အသစ်တွေအရ မိမိတို့ရဲ့အပြုအမူကိုပါ တခါတရံစစ်ဆေးစေပါတယ်။ ဥပမာ သွားတွေထိခိုက်ခြင်းအကြောင်း

ဖတ်အပြီးမှာ သူတို့အိပ်ယာမဝင်ခင်ဘာလို့ သွားမတိုက်လဲဆိုတာ။ နောက်ဇာတ်လမ်းထဲက ဇာတ်ကောင်ရဲ့စရိုက်ကို ဝေဖန်ခိုင်းချင်ခိုင်းမယ်။ ဒီဇာတ်ကောင်ဒီလိုပြုမူတာ မှားသလား၊ မှန်သလား။ ဇာတ်လမ်းထဲက တခြားဇာတကောင်တွေအပေါ် ဒီ ဇာတ်ကောင်တရားသလား၊ မတရားဘူးလား။

အရေးကြီးတဲ့အချက်တချက်က မေးခွန်းတွေဟာမှတ်ဉာဏ် ဒါမှမဟုတ် တိုက်ရိုက်မေးတဲ့အဆင့်က ကျော်သွားတဲ့အခါဘာဖြစ်သလဲဆိုတာ သတိပြုဖို့ပါပဲ။ ကျောင်းသားတွေဟာ အဓိပ္ပာယ်ရှိတဲ့အတွေးအခေါ်တွေ တည်ဆောက်လာတာတွေ့ရပါမယ်။ ကိုယ့်စကားကိုယ်သုံးလာမယ်။ တခြားကျောင်းသားတွေရဲ့ အတွေးအခေါ်တွေကတဆင့် အကြံတွေအများကြီးနဲ့ တွေ့ထိလာရမယ်။ တတန်းလုံးရဲ့ဝေါဟာရတွေ ကြွယ်ဝလာပြီး အတွေးအခေါ်တွေချဲ့ကာ အကြံသစ်တွေကို ထုတ်ဖော်ပြောနိုင်တဲ့ အရည်အချင်းလဲတိုးလာပါမယ်။ တိုက်ရိုက်မေးတဲ့အဆင့်ကကျော်ခြင်းဖြင့် ဆရာတွေဟာ ကျောင်းသားတွေစဉ်းစားတာကို တန်ဖိုးထားတယ်ဆိုတာ ပြပါတယ်။ အချက်အလက်တွေသင်ယူခြင်းဟာ သင်ယူပုံတမျိုးသာဖြစ်ပြီး ဒီအချက်အလက်တွေတန်ဖိုးရှိဖို့ ပေါင်းစပ်ရမယ်၊ သုံးသပ်ပြီး အသုံးချရပါမယ်။ အသိဉာဏ်ဟာ ပုံနှိပ်ထားတဲ့စာရွက်ပေါ်မှာ ဒါမှမဟုတ်ဆရာ့စကားမှာသာရှိတာမဟုတ် သူတို့စိတ်ထဲမှာရှိတာဟာလည်း အဖိုးတန်တဲ့အသိဉာဏ်ဆိုတာသိဖို့လိုပါတယ်။ အကြံသစ်တွေကို သူတို့အရင်ကသိထားတဲ့အသိနဲ့ပေါင်းစပ်ပြီး အဓိပ္ပာယ်ဖော်တာဟာလည်း အသိဉာဏ်ပဲဆိုတာသိလာပါတယ်။ ကလေးတွေကိုလည်း မေးခွန်းအမျိုးမျိုးမေးနိုင်ပါတယ် ဆိုတာသိဖို့အရေးကြီးပါတယ်။ ဆရာအများက ဒီလိုမေးခွန်းတွေဟာ အသက်ကြီးတဲ့ကျောင်းသားတွေအတွက်သာ သင့်တော်မယ်လို့ထင်ပါတယ်။ ဒါပေမယ့် ဒီလိုမေးခွန်းမျိုးဟာ တိုးတက်မှုအဆင့်မပြပါဘူး။ ကလေးတွေရဲ့တုန့်ပြန်မှုကသာ တိုးတက်မှုအဆင့်ပြပါတယ်။ သူငယ်တန်းကလေးတွေဟာလည်း ဖော်ပြခဲ့တဲ့မေးခွန်းတမျိုးစီကို ဖြေနိုင်ပါတယ်။ မေးခွန်းတမျိုးစီကို သူတို့အဆင့်နဲ့ကိုက်ညီအောင် ဖြေနိုင်ပါတယ်။ တကယ်ဆို ကလေးတွေဟာ အချင်းချင်း ဒီလိုမေးခွန်းတွေမေးလေ့ရှိပါတယ်။ မေးလို ဖြေလိုပါတယ်၊ ဒါပေမယ့် အတန်းထဲမှာအခွင့်အရေးအလုံအလောက်မရရှာပါဘူး။

အဓိပ္ပာယ်ရှိတဲ့အကြံတွေတည်ဆောက်ခြင်း

မေးခွန်းအမျိုးမျိုးမေးတာ အသက်အရွယ်အမျိုးမျိုးအတန်းအမျိုးမျိုးအတွက် အရေးကြီးပါတယ်။

(page 33)

## အပိုင်း ၄ ပိုင်းပါ နားလည်သဘောပေါက်ခြင်း နမူနာပုံစံ

နမူနာပုံစံတခုက အကြောင်းအရာအသစ်တခုနဲ့ တွေ့လာရတဲ့အခါ ဖြစ်ပေါ်တဲ့ သဘောပေါက်နားလည်မှုလေးမျိုးကို စဉ်းစားဖို့အဆိုပြုထားပါတယ်။

*ခြုံငုံနားလည်သဘောပေါက်ခြင်း* (global comprehension) အားဖြင့်အကြောင်းအရာတခုကိုယေဘုယျအားဖြင့်နားလည်ကြပါတယ်။

*အဓိပ္ပာယ်ပြန်ဆိုခြင်းအားဖြင့်နားလည်သဘောပေါက်ခြင်း* (interpretative comprehension) ဟာ Bloom ရဲ့ အဓိပ္ပာယ်ပြန်ဆိုခြင်းအဆင့်နဲ့တူပါတယ်။ ဒီလိုသဘောပေါက်နားလည်းရင် ကျောင်းသားတွေအနေနဲ့ နောက်ဆက်တွဲဆိုလိုချက်တွေကို ဆွေးနွေးနိုင်ပြီး၊ အဆက်အစပ်တွေတွေ့ပြီး၊ အကြောင်းအရာထဲက အပေါ်ယံကြည့်ရင်မတူတဲ့နေရာတွေ၊ အဆက်အစပ်မရှိတဲ့နေရာတွေကနေ အတွေးအခေါ်တွေ အချက်အလက်တွေကို ဆက်စပ်နိုင်ပါတယ်။

*ကိုယ်ပိုင်နားလည်သဘောပေါက်ခြင်း* (personal comprehension) ဟာ ဗဟုသုတအသစ်တွေကို ကျောင်းသားမှာ ရှိပြီးသားကိုင်ပိုင်အတွေ့အကြုံတွေနဲ့ သိပြီးသားဗဟုသုတနဲ့ ဆက်စပ်ပေးတဲ့လုပ်ငန်းစဉ်တခုပါ။

*ဝေဖန်သုံးသပ်နားလည်သဘောပေါက်ခြင်း* (critical comprehension) ဟာ ကျောင်းသားတွေကို အကြောင်းအရာဆီကနေ နောက်တလှမ်းဆုတ်ပြီး ကျောင်းသားတွေသိပြီးသားအသိတွေ၊ ယုံကြည့်မှုတွေနဲ့ နားလည်မှုတွေအရ အဲဒီအကြောင်းအရာရဲ့ တန်ဖိုး၊ မှန်ကန်မှု၊ အသုံးဝင်မှုနဲ့ အရေးပါပုံတို့ကို စဉ်းစားစေပါတယ်။ ဒီလိုနားလည်သဘောပေါက်မှုမျိုးတွေဖြစ်အောင် မေးခွန်းတွေ မေးသွားရင်ရပါတယ်။ ဒီလေးမျိုးမှာ ယေဘုယျကတိတိကျကျအချက်အထိ ရှုပ်ထွေးမှုအဆင့်ကွာပါတယ်။ ဒါပေမဲ့ လေးမျိုးစလုံးဟာ ကျောင်းသားတွေကို သိလာရတဲ့ ဗဟုသုတအသစ် ကို အဓိပ္ပာယ်ရှိတဲ့အခြေအနေမှာ စဉ်းစဉ်းစားစားထားစေပါတယ်။

ကျောင်းသားတွေဟာသူတို့ရဲ့သင်ယူမှုကို အကြံတွေ၊ အချက်အလက်တွေနဲ့အတွေ့အကြုံတွေ အဆက်မပြတ်စီးဆင်းနေမှုတခုလို့ မြင်ရမှာဖြစ်ပါတယ်။ သင်ယူမှုဟာ သီးသန့်ကြီးဘယ်တော့မှ မဖြစ်ပါဘူး။ ဘဝအတွေ့အကြုံနဲ့ အရင်ကသင်ယူခဲ့တာတွေထဲမှာ အမြဲဖြစ်ပါတယ်။ ဒါကြောင့်ကျောင်းသားတွေကို သူတို့သင်ယူနေတာတွေနဲ့သူတို့သိပြီးသား၊ နားလည်ပြီးသား၊ ယုံကြည်ပြီးသားနဲ့ ခံစားပြီးသားအရာတွေကြား ဆက်စပ်ရာမှာ အထောက်အကူပြုတဲ့ မေးခွန်းတွေမေးရပါမယ်။ ဒါကြောင့်သင်ခန်းစာ ဒါမှမဟုတ် အကြောင်းအရာတခုအကြောင်းသာမက ကျောင်းသားတွေရဲ့ သင်ယူခဲ့ဖူးတာတွေကနေဖြစ်လာတဲ့ အဓိပ္ပာယ်အမျိုးမျိုးကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒီလမ်းညွှန်စာအုပ်ထဲကဇာတ်လမ်းလို အကြောင်းအရာတခုကိုတင်ဆက်တဲ့အခါ ကျောင်းသားတွေဇာတ်လမ်းထဲမှာ အဆက်အစပ်ရှာဖို့နဲ့နားလည်ဖို့ ကူညီရပါမယ်။ ဒီသင်ခန်းစာ ဒါမှမဟုတ်

(page 34)
ဒီဖတ်စာနဲ့တခြားကြုံဖူးတာတွေကို နှိုင်းယှဉ်ခိုင်းပြီး ဒီဇာတ်လမ်းအပြင်ဘက်နဲ့လည်း အဆက်အစပ်လုပ်ဖို့အားပေးရပါမယ်။ ဇာတ်လမ်းထဲကအဓိက အကြောင်းအရာတွေကိုကြည့်ခိုင်းပြီး တခြားဇာတ်လမ်းတွေထဲက ဒီလိုအကြောင်းအရာမျိုးတွေနဲ့ ဒါမှမဟုတ်သူတို့ရဲ့ဘဝဆက်စပ်ခိုင်းပြီး အဲဒီအရင်က အတွေ့အကြုံတွေက အခုလက်ရှိတွေးခေါ်ပုံကို ဘယ်လိုလွှမ်းမိုးသလဲဆိုတာ မေးပါ။

## သင်ယူမှုအထောက်အကူကရိယာတခုအနေနဲ့ဆွေးနွေးခြင်း

ဒီနမူနာသင်ခန်းစာကို နားလည်ဖို့လုပ်ငန်းစဉ်မှာအရေးပါတဲ့ သင်ယူမှုအခြေခံသဘောတရားတွေ ရှိပါတယ်။ ပထမအနေနဲ့ခန့်မှန်းမှုကိုအားပေးထားပါတယ်။ ဇာတ်လမ်းတလျှောက် နောက်ဘာဖြစ်မလဲဆိုတာ စဉ်းစားခိုင်းပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားဖို့နဲ့ နားလည်းသဘောပေါက်ဖို့အတွက် ခန့်မှန်းတာဟာ အရေးကြီးပါတယ်။ ခန့်မှန်းမှုဟာ ကျောင်းသားကိုပိုစိတ်ဝင်စားစေပြီး သူဘာသိပြီးပြီလဲ ဘာမသိသေးဘူးလဲဆိုတာကို စစ်ဆေးစေပြီး သိပြီးသားဗဟုသုတကို သတိပြုမိလာစေပါတယ်။ ခန့်မှန်းစေခြင်းဖြင့် ကျောင်းသားစာဖတ်ရခြင်းနဲ့ စဉ်းစားရခြင်းရည်ရွယ်ချက်တို့ကို သတ်မှတ်ပေးပါတယ်။ ရည်ရွယ်ချက်သတ်မှတ်ပေးတာဟာ သဘောပေါက်နားလည်ခြင်းနဲ့တိုက်ရိုက်ဆက်စပ်နေပါတယ်။ တချို့သုတေသီတွေအပြောအရ မိမိအမေးကိုဖြေစေခြင်းဖြင့် ရည်ရွယ်ချက်သတ်မှတ်ပေး လိုက်တာဟာ နားလည်သဘောပေါက်စေခြင်းပါပဲ။ (Steele & Steele, 1991) ဒါကြောင့် နားလည်မှုအဆင့် မြှင့်ပေးရာမှာ ခန့်မှန်းခြင်းဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ခန့်မှန်းချက်ဟာမှန်ဖို့မလိုပါဘူး။ ခန့်မှန်းခြင်းဖြင့်အဖြေတွေ၊ သဘောတူညီချက်တွေရှာမှု၊ ဒါမှမဟုတ် သူတပါးရဲ့ခန့်မှန်းချက်တွေကိုချေပဖို့ လုပ်ငန်းစဉ်ကိုစတင်လိုက်ပါတယ်။ ဒုတိယအခြေခံသဘောတရားကတော့ ကျောင်းသားတွေစဉ်းစားတာကို လမ်းညွှန်ပေးဖို့ရှေ့နောက်ညီညွတ်တဲ့ အစီအစဉ်ရှိရပါမယ်။ ကျောင်းသားတွေကိုစဉ်းစားပုံအမျိုးမျိုး လုပ်စေဖို့ဆရာ ဆရာမတွေအနေနဲ့ (အထူးသဖြင့်စာစသင်ခါ စဆရာဆရာမတွေဟာ) ဖတ်စာ ဒါမှမဟုတ် သင်ခန်းစာတခုအတွက် အစီအစဉ်လုပ်ဖို့အရေးကြီးပါတယ်။ ဒီအစီအစဉ်ဟာလမ်းညွှန်ဖို့အတွက်ပါပဲ။ အတန်းထဲကဆွေးနွေးမှုပွဲပေါ်မူတည်ပြီး ကျောင်းသားတွေရဲ့တုန့်ပြန်မှုအရ မေးခွန်းတွေ ပြောင်းဖို့လိုရင်လည်းပြောင်းသင့်ပါတယ်။ ကလေးငယ်တွေနဲ့ဇာတ်လမ်းတပိုဒ်ဖတ်တဲ့အခါ အခြေခံအစီအစဉ်ကို လိုက်နာပေမဲ့ ကလေးတွေရဲ့အတွေးအခေါ်တွေကတဆင့် သူတို့စိတ်ဝင်စားတဲ့ အချက်အကြောင်းဆွေးနွေးပါစေ။ ယေဘုယျအားဖြင့် ဆွေးနွေးပွဲကြောင့် ဆရာတွေဟာ ပြင်ဆင်ထားတာထက် မေးခွန်းပိုမေးရလေ့ရှိပါတယ်။ ဒါပေမဲ့ နောက်ဘာဖြစ်မယ်ထင်သလဲ၊ ဒါနဲ့ပတ်သက်ပြီး ဘာထင်သလဲ၊ ဇာတ်လမ်းထဲကဒီဇာတ်ကောင် ဒါမှမဟုတ် ဒီလုပ်ရပ်နဲ့ပတ်သက်ပြီး ဘာထင်သလဲ၊

နောက်ဘာလုပ်မလဲ၊ ဒါမှမဟုတ် အတန်းဖော်ပြောလိုက်တာနဲ့ပတ်သက်ပြီး ဘာထင်သလဲ စတဲ့မေးခွန်းမျိုးတွေကို အာရုံစိုက်ဖို့အရေးကြီးပါတယ်။ ဘယ်လိုအဖြေမျိုးမဆို ထွက်နိုင်တဲ့မေးခွန်းမျိုးတွေမေးပါ။ ဆရာဆရာမတွေက မေးခွန်းတွေစမေးတဲ့အတွက် အကျောင်းသားတွေဟာ ဆရာဆရာမတွေကို တိုက်ရိုက်ဖြေလေ့ရှိပါတယ်။ ဆရာကိုကြည့်ပြီး ဆရာကိုစူးစူးစိုက်စိုက်နားထောင်ပြီး အတန်းဖော်တွေကိုတော့ ကောင်းကောင်းနားမထောင်ပါဘူး။ အတန်းထဲမှာ ဆွေးနွေးဖို့ဆိုရင် ဒီအမူအရာပြောင်းရမှာဖြစ်ပြီး ဆရာတွေကအပြောင်းအလဲဖြစ်အောင် ပြုမူရပါမယ်။
ကျောင်းသားတွေစကားပြောရင် ဆရာတွေကပြန်ပြောရမယ်လို့ ယူဆပါတယ်။ ဒါကြောင့်ခန့်မှန်းလို့ရတဲ့–

ပထမဆရာပြော၊ ပြီးရင်ကျောင်းသားနံပါတ် ၁ပြော၊ ပြီးရင်ဆရာပြော၊ ပြီးရင် ကျောင်းသားနံပါတ် ၂ပြော၊ ဆရာ၊ ကျောင်းသားနံပါတ် ၃၊ ဆရာ၊ ကျောင်းသားနံပါတ် ၄၊ ဆရာ

ဆိုတဲ့ပုံစံပေါ်လာပါတယ်။
ဒီလိုပုံစံအတိုင်းကျင့်သုံးနေသမျှ ကျောင်းသားတွေဟာအချင်းချင်းပြောကြမှာမဟုတ်ပါဘူး။ ဆရာရာနဲ့သာတယောက်ချင်းပြောနေကြမှာပါ။ ပိုထိရောက်ဖို့ရာကျောင်းသားတွေအကြား ဆွေးနွေးပွဲကို လမ်းညွှန်ပြီးထိန်းပေးရပါမယ်။ ကျောင်းသားနံပါတ် ၁ ပြောပြီး၊ ကျောင်းသားနံပါတ် ၂ပြော၊ ပြီးရင် ကျောင်းသားနံပါတ် ၃ပြော။ ဆရာလည်းပါနိုင်ပါတယ်။ ဒါပေမဲ့ အဓိကနေရာကမဟုတ်ပဲဆွေးနွေးပွဲမှာ ပါဝင်သူတယောက်အနေနဲ့ပါ။ ဆရာအနေနဲ့အမြဲတမ်းအကဲဖြတ်နေသူအဖြစ်နေရင်လည်း ဆရာဟာ အဓိကနေရာမှာရှိတဲ့ ဆွေးနွေးပွဲ ဖြစ်နေပါအုံးမယ်။ ကျောင်းသားတယောက်စကားပြောပြီးတာနဲ့ ဆရာကဝေဖန်ရင် ဒီလိုဖြစ်ပါတယ်။ ဆရာတွေဟာများသောအားဖြင့် “အဲဒါဟုတ်တယ်” ဒါမှမဟုတ် “ဒါတော့မဟုတ်ဘူး” ဆိုတာပြောတာမကြာခဏကြားဖူးပါမယ်။ ဒီလိုပြောမယ့်အစား “ဘယ်သူတွေဘာပြောစရာရှိသေးလဲ” ဒါမှမဟုတ် ဒါနဲ့ပတ်သက်ပြီး ဘယ်လိုထင်ကြသလဲ” လို့မေးနိုင်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျောင်းသားတွေကို သူတို့ရဲ့အတွေးအခေါ်တွေ လွတ်လွတ်လပ်လပ်ဖော်ပြခွင့်ပေးဖို့ပါပဲ။
နောက်အရေးကြီးတဲ့အချက်တချက်က ဇာတ်လမ်းမှာဘယ်နေရာမှာဖြတ်ပြီး မေးခွန်းတွေမေးမလဲဆိုတာပါပဲ။ သဘာဝကျကျဖြတ်ဖို့ဆိုတာ အလေ့အကျင့်လိုပါတယ်။ ကျောင်းသားတွေအနေနဲ့ စာပိုဒ်အကြောင်းစဉ်းစားပြီး နောင်ဘာဖြစ်မလဲဆိုတာ ခန့်မှန်းခွင့်ပေးမယ့်နေရာကိုရွေးဖို့ရာ မလွယ်ပါဘူး။

(page 36)

စောင့်ချိန်

စောင့်ချိန်ဆိုတာ ဆရာတွေအနေနဲ့ မေးခွန်းတခုမေးပြီး နောက်မေးခွန်းတခုထပ်မမေးခင်၊ နောက်ကျောင်းသားတယောက်ကိုမမေးခင်၊ ဒါမှမဟုတ်ကိုယ့်ဟာကိုယ်မဖြေခင်၊ စောင့်တဲ့အချိန်ကိုပြောတာပါ။ Steele နဲ့ Meredith (1991) တို့ရဲ့ သုတေသနအရဆရာမေးခွန်းမေးပြီး စောင့်တဲ့အချိန်နဲ့ ကျောင်းသားစဉ်းစားမှုအဆင့်အကြား အဆက်အစပ်ရှိတယ်လို့လိုပါတယ်။ များသောအားဖြင့်ဆရာတွေဟာ မေးခွန်းမေးပြီး တစက္ကန့်လောက်သာစောင့်လေ့ရှိပါတယ်။ ဒီသုတေသနအရစောင့်ချိန်ကို သုံးစက္ကန့်အထိတိုးပေးလိုက်ရင် စဉ်းစားမှုအဆင့်သိသိသာသာ မြင့်သွားပြီးပြန်ဖြေတဲ့ကျောင်းသားဦးရေလည်း များလာပါတယ်။ ဒါကြောင့်ဆရာတွေအနေနဲ့ကျောင်းသးတွေတုန့်ပြန်ဖို့အတွက် မိမိတို့မေးခွန်းမေးပုံကို ပြင်ရပါမယ်။ စဉ်းစားစေတဲ့မေးခွန်းမျိုးမေးရင် ကျောင်းသားတွေဟာ စဉ်းစားဖို့အချိန်လိုပါတယ်။

နောက်တချက်ကဆရာတွေစာ အဆင့်အမျိုးမျိုးပါတဲ့မေးခွန်းမေးတာမျိုးလုပ်ရင် ကျောင်းသားတွေအားလုံးကို ပါဝင်ဖို့အားပေးရပါမယ်။ ဆရာတွေဟာအေးတဲ့ကျောင်းသားတွေကို နာမည်အလိုက်ခေါ်ပြီးမေးခွန်းအားလုံးကို သူတို့တိုင်ခံဖြေရမယ်လို့ထင်တဲ့ ကျောင်းသားတွေကို တခါတလေလစ်လျူရှုရပါမယ်။ ကျောင်းသားအတော်များများဟာ မေးခွန်းမေးရင်ဆွေးနွေးပွဲမှာပါတဲ့မေးခွန်းမျိုးမဟုတ်ပဲ မှားသလား မှန်သလားသာစစ်တတ်တဲ့ မေးခွန်းမျိုးဆိုရင် ဖြေလိုစိတ်မရှိပါဘူး။ ဒီလိုမျိုးမေးခွန်းတွေကိုရှောင်ပြီး ဝေဖန်စဉ်းစားစေတဲ့မေးခွန်းမျိုးမေးတဲ့အခါ ကျောင်းသားတွေဟာ ဆွေးနွေးလာပါမယ်။ အတွေးအခေါ်တွေအားလုံးကို လေးစားပြီးအရေးကြီးတယ်လို့ယူဆခံရရင်၊ အဖြေမှန်တခုတည်းမရှိရင်၊ သူတို့ရဲ့အတွေးအခေါ်တွေကိုဖော်ပြပြီး သူများရဲ့အတွေးအခေါ်တွေကိုလည်း ကြားလိုပါလိမ့်မယ်။ ဒီလိုမျိုးအဆင့်ရှိရင် ဆရာတွေအနေနဲ့လူတိုင်းပါဝင်ဖို့ကြိုးစားရတာပိုလွယ်ပြီး ကျောင်းသားတွေအနေနဲ့လည်း ပိုသဘာဝကျပါလိမ့်မယ်။

EER ဘောင်သုံးခြင်းရဲ့ ရလဒ်များ

EER ဘောင်ဟာ အဆင့်အမျိုးမျိုးမှာရှိတဲ့ ကျောင်းသားတွေကို ဇာတ်လမ်းနဲ့သရုပ်ဖော်အရေးအသားတို့ဖတ်စရာမှာသိပ်ကောင်းတဲ့လမ်းညွှန်မှုတခုဖြစ်ပါတယ်။ ဖတ်စာရှုပ်ထွေးလေလေ ပိုကောင်းလေလေပါ။

(page 37)

ကျောင်းသားတွေစာဖတ်တာကိုထိန်းထားပေမဲ့ ဘယ်လိုအဖြေမျိုးဖြစ်ဖြစ်ပေးနိုင်တဲ့မေးခွန်းမျိုးဟာ ရှုပ်ထွေးတဲ့ဖတ်စာတွေအတွက်ဘောင်ကလေးပေးနိုင်ပြီး ဒီဘောင်ထဲကနေ အဓိပ္ပာယ်ရအောင်လုပ်နိုင်ပါတယ်။ ဒီလိုမေးခွန်းပုံစံနဲ့မေးထားလို့ ဝေဖန်ပိုင်းခြားစဉ်းစားမှုကို ကန့်သတ်မထားပဲ ခန့်မှန်းခွင့်ပေးပါတယ်။ EER ဘောင်ကိုသုံးပြီးစာဖတ်တာတို့ သင်ယူတာတို့ကြောင့် စာသင်ရာမှာအရေးပါတဲ့လုပ်ငန်းတွေလုပ်နိုင်ပါတယ်။ ဒီဘောင်ဟာ

- ကျောင်းသားတွေကို ရည်ရွယ်ချက်ရှင်းရှင်းလင်းလင်းသတ်မှတ်စေပါတယ်။
- တက်ကြွစွာပါဝင်စေပါတယ်။
- ကြွယ်ဝတဲ့ဆွေးနွေးပွဲပေါ်ပေါက်စေပါတယ်။
- ကျောင်းသားတွေကို မေးခွန်းတွေဖန်တီးခွင့် မေးခွင့်ပေးပါတယ်။
- မိမိတို့ရဲ့ထင်မြင်ယူဆချက်တွေကို ထုတ်ဖော်ဖို့အထောက်အကူပေးပါတယ်။
- ကျောင်းသားတွေစာဖတ်လိုစိတ် ထိန်းထားပေးပါတယ်။
- အတွေးအခေါ်တွေကိုလေးစားတဲ့ အခြေအနေဖန်တီးပေးပါတယ်။
- ကျောင်းသားတွေကို ဇာတ်ကောင်တွေကို ကိုယ်ချင်းစာစေပါတယ်။
- ကျောင်းသားတွေ ဘာကိုတန်ဖိုးထားသလဲဆိုတာ ပြန်စဉ်းစားဖို့အခြေအနေပေးပါတယ်။
- အပြောင်းအလဲဖြစ်ဖို့လှုံ့ဆော်ပေးပါတယ်။
- ကျောင်းသားတွေဝေဖန်ပိုင်းခြားမှုဘယ်လောက်ရှိရမယ်ဆိုပြီး မျှော်လင့်ထားတဲ့အချက် သတ်မှတ်ပေးပါတယ်။
- အဆင့်မြင့်မြင့်ဝေဖန်ပိုင်းခြားစဉ်းစားမှုကို အထောက်အကူပေးပါတယ်။

(page 39)

အပိုင်း ၄ အကောင်ထည့်ဖော်ခြင်း

(page 40)

အတွေးအခေါ်လှုံ့ဆော်ပေးသောမေးခွန်းများမေးခြင်း

ဖတ်စာကိုအောင်မြင်စွာပိုင်းခြားဖို့နဲ့ ကျောင်းသားတွေကို ဖတ်စာဖတ်ရာမှာ ထိန်းသွားမယ့်မေးခွန်းမျိုးမေးဖို့အချိန်နဲ့ အလေ့အကျင့်လိုပါတယ်။ ပြီးခဲ့တဲ့အပိုင်းမှာပါတဲ့မေးခွန်းတွေဟာ ဖြစ်နိုင်တဲ့မေးခွန်းအမျိုးအစားတွေနဲ့စဉ်းစားစေတဲ့ အတွေးအခေါ်မျိုးကိုနားလည်ဖို့ဖြစ်ပါတယ်။ ဆရာဆရာမတွေအနေနဲ့ ဒီမေးခွန်းပုံစံအားလုံးကိုသုံးဖို့မလိုပါဘူး။ စာပိုဒ်အခြေအနေနဲ့ဖတ်ရခြင်းအကြောင်းရင်းအရ အသင့်တော်ဆုံးမေးခွန်းမျိုးမေးတာ အကောင်းဆုံးပါ။ တိုက်ရိုက်မေးတဲ့မေးခွန်းမျိုးကိုတော့ ကန့်သတ်ဖို့မမေ့ပါနဲ့။ ဖတ်စာကောင်းကောင်းရွေးပါ။

နောက်တဆင့်မှာတော့ သင်တန်းသားတွေကို အတန်းမှာသုံးတဲ့ဖတ်စာ စာပိုဒ်တွေ ကော်ပီတွေယူလာခိုင်းပါ။ ဒီစာပိုဒ်တွေနဲ့အလုပ်လုပ်ရမှာပါ။ တကယ်လို့အစိုးရပြဌာန်းထားတဲ့ဖတ်စာတွေဆိုရင်တော့ ဆရာဆရာမတွေအနေနဲ့ သုံးရာမှာ အခက်အခဲတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ရနိုင်တဲ့ဖတ်စာတွေကို အဆင့်မြင့် မေးခွန်းတွေနဲ့ စူးစမ်းခြင်းဖြင့် ကျောင်းသားတွေ ဒါတွေသုံးရတဲ့အခါမှာ ဘယ်လိုလိုအပ်ချက်တွေရှိသလဲဆိုတာ သိရပါတယ်။ တခါတလေမှာတော့ ဒီဖတ်စာတွေက ကောင်းပါတယ်။ တခါတလေမှာတော့ အထောက်အကူပစ္စည်းတွေသုံးပိုင်ခွင့်ရှိပြီး ဝေဖန်ပိုင်းခြားစဉ်းစားဖို့ပိုကောင်းပါတယ်။ ဘာဖြစ်ဖြစ်သင်တန်းသားတွေဟာ မိမိတို့သင်ရတဲ့ဖတ်စာတွေကို စစ်ဆေးပြီးမေး ခွန်းတွေထုတ်ဖို့လိုပါတယ်။

ပထမဆုံးတက်တဲ့ သင်တန်းသားတွေဟာ ဖတ်စာကိုပိုင်းခြားစိတ်ဖြာပြီး အုပ်စုငယ်အလိုက် အတန်းထဲမှာအမြန်ဆုံးကိုယ်သုံးမယ့်စာပိုဒ်တွေအတွက် မေးခွန်းထုတ်သင့်ပါတယ်။ အုပ်စုငယ်တွေကို အတန်းအဆင့်အလိုက် ဒါမှမဟုတ်ဘာသာရပ်အလိုက်ခွဲရပါမယ်။ ပထမဆုံးအကောင်အထည်ဖော်တာ အခက်ခဲဆုံးဖြစ်လို့ ဖတ်နိုင်မယ့်ဇာတ်လမ်းတွေစစ်ဆေးဖို့အုပ်စုတွေကို အချိန်ပေးဖို့လိုပါတယ်။ ဒီလေ့ကျင့်ခန်းအတွက် အထောက်အကူဖြစ်မယ့်ဖတ်စာ စာပိုဒ်ရွေးဖို့လိုပါတယ်။

ဖတ်စာ စာပိုဒ်ရွေးပြီးရင် စာပိုဒ်ကိုမခွဲခြမ်းခင် ဆွေးနွေးစရာတချို့ရှိပါတယ်။ စာပိုဒ်ကိုဖတ်ပြီး ဇာတ်လမ်းကိုသူတို့နားလည်ရပါမယ်။ ပြီးရင်အောက်ပါမေးခွန်းတွေမေးရပါမယ်။

- ဘာလို့ဒီစာကို ကျောင်းသားတွေကို ဖတ်စေချင်သလဲ။
- ဒီစာပြီးရင်ကျောင်းသားတွေကို ဘာနားလည်မယ်လို့မျှော်လင့်သလဲ။

(page 41)

- ဒီစာဖတ်ပြီးရင် ကျောင်းသားတွေကို ဘာလုပ်စေချင်သလဲ။
- ဒီစာကဘာပြဿနာတွေ ဒါမှမဟုတ် ဘာမေးခွန်းတွေဖော်ထုတ်လိုက်သလဲ။
- စာဖတ်နေတုန်း ကျောင်းသားတွေမှာ ဘာအတွေ့အကြုံတွေရှိစေချင်သလဲ ဒါမှမဟုတ် ဖလှယ်စေချင်သလဲ။

ဒီမေးခွန်းတွေဖြေခြင်းဖြင့် ဒီစာနဲ့ပတ်သက်ပြီးမေးမယ့်မေးခွန်းတွေအတွက် လမ်းညွှန်မှုရပါမယ်။ စာကိုအပိုင်းလိုက်ခွဲတာတို့ ကိုယ့်မေးခွန်းတွေ ကိုယ်ရေးတာတို့ လုပ်တဲ့အခါ အောက်ပါအချက်တွေကိုစဉ်းစားရပါမယ်။

- ခွဲတဲ့နေရာမှာ အမှားအမှန်မရှိပါဘူး။ ဇာတ်လမ်းထဲမှာ စိတ်ဝင်စားစရာကောင်းမယ့် နေရာရှာပါ။
- စာကိုခွဲပြီးရင်ပြင်မရတာ မရှိပါဘူး။ တခြားနေရာမှာခွဲရင်ပိုကောင်းမယ်လို့မြင်ရင် ပြန်ခွဲပါ။
- ဘယ်မေးခွန်းမှ မှားတယ် မှန်တယ်မရှိပါဘူး။
- ဒီလမ်းညွှန်စာအုပ်က မေးခွန်းပုံစံမျိုးတွေကို ကြည့်ပြီးအမျိုးမျိုးမေးဖို့ အမှတ်ရပါ။
- ကျောင်းသားတွေ အစဉ်အတွေးအခေါ်ထွက်ပေါ်စေခြင်း၊ မျှော်လင့်ခြင်း၊ နားလည်ခြင်း၊ အဓိပ္ပာယ်တည်ဆောက်ခြင်း၊ ပြန်လည်စဉ်းစားခြင်း စတာတွေလုပ်ဖို့ ဘောင်က ထိန်းသွားပေးပါစေ။
- စာကိုအပိုဒ်တွေအများကြီးမခွဲပါနဲ့။ စာသွားဖြောင့်ဖြူးဖို့လိုပါတယ်။
- စာသွားဖြူးနေအောင် မေးခွန်းတွေအများကြီးမမေးပါနဲ့။

ဒီလိုလုပ်ဖို့အချိန်ကြာပါတယ်။ အုပ်စုအတွင်းမှာလည်း အလေးအနက်ညှိနှိုင်းရပါမယ်။ အုပ်စုငယ်လိုက်ပြီးရင် မိမိတို့ရဲ့အဓိကဇာတ်လမ်းကဘာလဲ၊ ဘာဖြစ်လို့ဒီလိုခွဲသလဲ၊ ပြီးတော့ ဘာမေးခွန်းတွေမေးမလဲဆိုတာ ပြောရပါမယ်။ ပြီးရင် သင်တန်းသားတွေအစမ်းအကောင်အထည်ဖော်ဖို့ ရက်သတ်မှတ်ပြီး လုပ်ငန်းစဉ်အောင်မြင်မှုကို သတင်းပို့ဖို့နောက်ဆက်တွဲအစည်းအဝေး ဘယ်တော့လုပ်မလဲဆိုတာ ဆုံးဖြတ်ရပါမယ်။
အကောင်ထည်ဖော်ဖို့နဲ့ နောက်ဆက်တွဲဆွေးနွေးဖို့ ရက်သတ်မှတ်ပါ။

ဒီလိုမေးခွန်းမျိုးတွေစမေးတဲ့အခါ ကျောင်းသားတွေဟာ တုန့်နှေးနေတတ်ကြောင်း သင်တန်းသားတွေကိုသတိပေးပါ။ သူတို့ပေးတဲ့အဖြေဟာ ဆရာလိုချင်တဲ့အဖြေဟုတ်ပ့ါမလားဆိုတာ ကြောက်လို့ဒါမှမဟုတ် ဒီလိုမေးခွန်းမေးပုံမျိုး မကြုံဖူးလို့နဲ့ ဘယ်လိုတုန့်ပြန်ရမှန်းမသိလို့ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေကို သူတို့ရဲ့အတွေးအခေါ်ဟာ အရေးကြီးပြီး သူတို့အတွေးအခေါ်တွေကို လိုလိုလားလားရှိကြောင်း မကြာခဏပြပါ။

## အတန်းနမူနာ

တခါတလေဆရာတွေဟာ အဆင့်မြင့်မေးခွန်းမေးခြင်းရဲ့ တန်ဖိုးကိုနားလည်ပြီးတဲ့အခါ သူတို့အတန်းမှာလည်း ပြန်သုံးချင်ပါတယ်၊ ဒါပေမဲ့ ဥပမာလိုတယ်လို့ဆိုကြပါတယ်။ ဒါကြောင့်ကလေးပုံပြင်ဖတ်တဲ့အခါ ဘယ်လိုအဆင့်မြင့်မေးခွန်းတွေမေးနိုင်သလဲဆိုတာ ဥပမာအနေနဲ့ပြထားပါတယ်။ “Prvak” လို့ခေါ်တဲ့ Maria Durickova ရဲ့ ဆလိုဗက်ဇာတ်လမ်းဟာ ကျောင်းတက်ဖို့အခက်အခဲရှိတဲ့ ပထမတန်းကျောင်းသားတယောက်အကြောင်းပါ။ ဒီဇာတ်လမ်းကိုတင်ဆက်တဲ့အခါ ကလေးတွေကိုတင်ဆက်ရင် ဖြတ်မယ့်အပိုင်းအတိုင်း ဖြတ်ထားပါတယ်။ အပိုင်းတိုင်းဖတ်ပြီးရင် ဖတ်ခဲ့ရတာကိုဆွေးနွေးရပါတယ်။ ဆရာကကျောင်းသားတွေကို ဖတ်ခဲ့တာ ပြန်စဉ်းစားစေတဲ့ မေးခွန်းတွေမေးပြီး ဇာတ်လမ်းမှာ နောက်ဘာဆက်ဖြစ်မလဲဆိုတဲ့ မေးခွန်းမျိုးတွေလည်းမေးပါတယ်။

*နမူနာဇာတ်လမ်းကိုဖတ်ပါ။ ရပ်ဖို့အကြံပေးထားတဲ့နေရာတိုင်းမှာ မေးခွန်းမေးဖို့ရပ်ပါ။ ဖတ်နေစဉ်ပြန်စဉ်းစားဖို့၊ ခန့်မှန်းဖို့နဲ့ ပုံပြင်နဲ့ လုပ်ငန်းစဉ်ကိုခံစားဖို့ အချိန်ပေးပါ။ ဇာတ်လမ်းပြီးတဲ့အခါ လုပ်ငန်းစဉ်ကို ပိုအသေးစိတ်ဆွေးနွေးပါမယ်။*

*ကျောင်းအသစ်ပြောင်းရဖူးပါသလား။ ဘယ်လိုခံစားရသလဲ။ ဘယ်လိုနေသလဲ။ ဒီဇာတ်လမ်းဟာကျောင်းသွားတဲ့အခါဖြစ်တဲ့ အထူးပြဿနာတရပ်အကြောင်းပါ။*

ပထမအကြိမ်ရပ်နားမယ့်နေရာအထိဖတ်တုန်း ဒီအထူးပြဿနာဟာ ဘာလဲဆိုတာ စဉ်းစားကြည့်ပါ။

### ပထမတန်းကျောင်းသား

တခါတုန်းကကျောင်းစဖွင့်ချိန်မှာ အဖေတယောက်ဟာကျောင်းကိုလာပြီး ခြေလှမ်းတွေကို ကျောင်းအုပ်ကြီး ရုံးခန်းဘက်ကိုဦးတည်လိုက်ပါတယ်။

“ကျနော့်သားကို ပထမတန်းမှာ လက်ခံမလား။ ကျောင်းခြောက်ကျောင်းမှာ လျှောက်ပြီးပြီ ဒါပေမဲ့ သူ့ကိုလက်မခံကြဘူး” “သူ့ကိုဘာအကြောင်းကြောင့်လက်မခံတာလဲ။ ဘာဖြစ်သလဲ။” လို့ကျောင်းအုပ်ကြီးကပြန်မေးပါတယ်။

(page 43)

ရပ်ပါ

*ဘာဖြစ်လို့ဒီကလေးကိုကျောင်းမထားနိုင်ဘူးထင်သလဲ။ ဘာပြဿနာရှိသလဲ။*
*ဒီဇာတ်လမ်းဘာအကြောင်းလို့ထင်သလဲ။ ဇာတ်လမ်းထဲကပြဿနာ ဘာဖြစ်မလဲ။ ဘာလို့ဒီလိုထင်သလဲ။ အခုဒီပြဿနာဘာလဲဆိုတာ သိအောင်နောက်တပိုင်းဆက်ဖတ်ပါ။*

"ကျနော့်သားဟာ သိပ်ကြီးပြီး အတန်းထဲမှာမထိုင်နိုင်ပါဘူး"
"ဒီလိုဆို စျကြိန်မှာထိုင်မလား"
"စျကြိန်မှာ မဆန့်ပါဘူး။" လို့အဖေကပြန်ပြောတယ်။
"ဒီလိုဆိုသူ့ကို အားကစားရုံထဲမှာ ထားမယ်။"
"ဒါပေမယ့်သူက အားကစားရုံထဲမှာ မဆန့်ပါဘူး။" လို့အဖေက ဝမ်းနည်းစွာပြန်ပြောတယ်။
"ဒီလိုဆိုစိတ်မကောင်းပါဘူးဗျာ။ ဒါပေမဲ့ ကျနော်တို့လည်း ခင်ဗျားရဲ့သားကို လက်မခံနိုင်ပါဘူး။" ကျောင်းအုပ်ကြီးကပြောပါတယ်။
"ခင်ဗျားရဲ့အကြောင်းပြချက်တွေကို ကျနော်နားလည်ပါတယ်။ ဒါပေမဲ့ကျနော့်ကိုလည်း နားလည်ဖို့ကြိုးစားပါဒုံး။" လို့အဖေကပြန်ပြောလိုက်တယ်။ "သိလား၊ ကျနော့်ရဲ့ ပါဗ်ကို ဟာကျောင်းသားတယောက်ပါ။ ပြီးတော့ သူကျောင်းသွားကိုသွားမှဖြစ်မယ်။ ဒ့ါအပြင် ကျနော်သူ့ကိုပညာမဲ့တယောက်ဖြစ်ခွင့်မပေးနိုင်ဘူး။ ပြီးတော့ ဒဏ်ငွေအတွက်လည်း ကျနော့်မှာ ပိုက်ဆံမရှိဘူး"

ရပ်ပါ

*ကဲအခုဘာထင်သလဲ။ အံ့သြသွားသလား။ ပါဗ်ကို ဘယ်လိုခံစားရမယ်ထင်သလဲ။ သူ့အဖေရော။ သူ့ခံစားချက်တွေကိုဘယ်လိုသဘောရသလဲ။*
*နောက်ဘာဖြစ်မယ်ထင်သလဲ။ ကျောင်းအုပ်ဆရာကြီးကပါဗ်ကို ကိုကျောင်းမှာလက်ခံမလား။ ဒီလိုဆို ဒီပြဿနာဘယ်လိုဖြေရှင်းမလဲ။ သူကျောင်းမှာ ဘယ်နားမှာ သွားနေမလဲ။*
*ဘာဖြစ်မလဲဆိုတာ အခုနောက်တပိုင်းမှာ ဆက်ဖတ်ပါ။*

အဆုံးမှာသူတို့ပါဗ်ကို ကိုကျောင်းမှာ လက်ခံဖို့သဘောတူလိုက်ပါတယ်။ သူဟာ ကျောင်းဝင်းထဲမှာထိုင်ပြီး သင်ခန်းစားတွေအားလုံးကိုပြတင်းပေါက်ကနေ ကြည့်ပါလိမ့်မယ်။ ဆောင်းရာသီရောက်ရင် ပါဗ်ကိုဟာ ကျောင်းဝင်းထဲမှာထိုင်ပါဒုံးမယ်။ သားရေကုတ်အင်္ကျီဝတ်ပြီး နားမှာနားကြပ်တပ်ပါမယ်။ ဘာလို့လဲဆိုတော့ ပြတင်းပေါက်တွေကို ပိတ်ထားမှာဖြစ်လို့ပေ့ါ။ ဒီလိုလုပ်ရင် စာရေးရတာပုံဆွဲရတာ ပိုလွယ်ပါမယ်။ ပါဗ်ကိုဟာ သူ့ဒူးပေါ်မှာ ကျောင်းသင်ပုန်းတခုထားပါမယ်။
နောက်နေ့မနက် ပါဗ်ကို ကျောင်းလာပါတယ်။ ကျောင်းဝင်းထဲမှာ သူဟာစိတ်ဇဝေဇဝါနဲ့ သူ့ဖိနပ်ကြီးတွေကို ဒရွတ်တိုက်ဆွဲရင်း လျှောက်သွားနေပြီး သူ့ခေါင်းဟာလည်း မီးခိုးခေါင်းတိုင်လောက်အထိမြင့်နေပါတယ်။ ပါဗ်ကို ကိုမြင်တဲ့အခါကလေးတွေ အတန်းထဲကို ဝင်ပြေးကြပြီးပြတင်းပေါက်ကနေကြည့်ကြတယ်။ ပါဗ်ကို ဒေနာရိက် ကပြတင်းပေါက်တွေထဲကိုကြည့်ပါရော။ သူ့အတန်းဘယ်ဟာလဲဆိုတာ သိချင်တာကိုး။ အဲဒါကလွဲရင် အဲဒီမှာအားလုံးတိတ်ဆိတ်နေပါတယ်။ အံ့အားသင့်နေတဲ့ကလေးတွေဟာ သူ့တို့ပါးစပ်အဟောင်းသားနဲ့ ကြည့်ကြပါတယ်။ ပါဗ်ကို ကရော။ သူတို့ကိုပြန်သာစိုက်ကြည့်နေတယ်။

ရပ်ပါ

(page 44)

*ကဲအခု ပါဗ်ကို ကျောင်းတက်ဖို့နဲ့ပတ်သက်ပြီး ဘာထင်သလဲ။ ဒီအစီအစဉ်အောင်မြင်မယ် ထင်သလား။ ဘာဖြစ်လို့အောင်မြင်မလဲ။ ဘာဖြစ်လို့မအောင်မြင်ဘူးလဲ။ ပါဗ်ကိုကို ကျောင်းကတခြားကလေးတွေဘယ်လိုထင်မလဲ။ တကယ်လို့သင်ဟာ ကျောင်းသားတယောက်ဖြစ်ပြီး ပြတင်းပေါက်အပြင်ဘက်မှာ လူ့ဘီးလူးကြီးတယောက်ရပ်နေမယ်ဆိုရင် ဘယ်လိုနေမလဲ။ ပါဗ်ကိုရော ဘယ်လိုခံစားရတယ်ထင်သလဲ။ သင်သာ ပါဗ်ကိုဆိုရင် ဘယ်လိုခံစားရမလဲ။*
*နောက်တပိုင်းကိုဖတ်ရင်း တခြားကလေးတယောက်ဘာဖြစ်လဲဆိုတာ သတိပြုပါ။*

ရုတ်တရက်ကလေးမလေးတယောက်ရဲ့အသံဟာ ပထမထပ်ရဲ့ပြတင်းပေါက်ကနေ ထွက်လာပါတယ်။
"ပထမတန်းကလား"
"ငါလား" လို့ပါဗ်ကို ကမေးပြီးသူ့ကို ဘယ်သူစကားပြောနေသလဲဆိုတာကြည့်ဖို့ ခါးနဲနဲကုန်းလိုက်ပါတယ်။ "ဟုတ်တယ်" လို့ခေါင်းငြိမ့်ဖြေရင်း သတ္တိရှိတဲ့ကလေးမလေးကိုပြုံးပြလိုက်ပါတယ်။ ကလေးမလေးဟာ မျက်နှာဝိုင်းဝိုင်းလေးရှိပြီး ချစ်စရာကောင်းတဲ့နှာခေါင်းလေးနဲ့အနက်ရောင်ဆံပင်ရှိပါတယ်။
"ငါလည်း ပထမတန်းကပဲ။ ငါ့နာမည် ဘက်ကာလို့ခေါ်တယ်" လို့ကလေးမလေးကပြောလိုက်ပါတယ်။ "မနေ့က အဖေကပုံပြင်တခုဖတ်ပြတယ်။ အဲဒီပုံကကောင်းတဲ့လူ့ဘီလူးကြီး တကောင်အကြောင်းပေါ့။ နင်ရောအဲဒီလိုကောင်းတဲ့လူ့ဘီလူးကြီးလား။" ပါဗ်ကို ဒေဗ်နာရိုက်ကခေါင်းထပ်ငြိမ့်လိုက်ပြန်ပါတယ်။ ဒါပေမယ့် အဲဒီလိုလုပ်တာက သူကောင်းတယ်ဆိုတာ ဘယ်လိုမှသက်သေမပြဘူးဆိုတာ သိလိုက်ပါတယ်။ တော်တော်လေး လေးလေးနက်နက်စဉ်းစားလိုက်ပါတယ်။ သူ့မျက်လုံးကြီးတွေထဲမှာ အတွေးအမျှင်တွေဖြတ်သွားတာ ဘက်ကာတွေ့လိုက်တယ်။

ရပ်ပါ

*အခုဘာထင်သလဲ။ ပါဗ်ကိုဘာလုပ်မလဲ။ သူကကောင်းတဲ့လူ့ဘီးကြီးလား။ ဆိုးတဲ့လူ့ဘီလူးကြီးလား။ ကောင်းတဲ့လူ့ဘီလူးကြီးဆိုရင် ကောင်းကြောင်းဘယ်လိုသက်သေပြမလဲ။*
*အခုနောက်ဆက်ပြီး ဘာဖြစ်မယ် ထင်သလဲ။ ပါဗ်ကို ဘာလုပ်မလဲ။ ဘက်က သူ့ကိုကြောက်မလား။ တခြားကလေးတွေရော။*
*အခုဇာတ်လမ်းဆုံးတဲ့အထိဖတ်ပြီး ဘာဖြစ်မလဲ ကြည့်ပါ။*

ပြီးတော့သူ့လက်ကို သစ်တောကိုမှီတဲ့အထိ အပေါ်ကိုဆန့်လိုက်ပါတယ်။ သူ့လက်ပြန်ချလိုက်တဲ့အခါ သူ့လက်ဝါးထဲမှာ ရှဉ့်ကလေးတကောင်ပါလာရော။ အဲဒီရှဉ့်လေးကို ပြတင်းပေါက်ဆီယူသွားပြီး ဘက်ကာကို လှမ်းပေးလိုက်တယ်။
"ဟယ် ရှဉ့်ကလေး။ လှလိုက်တာ။" လို့ကလေးမလေးက အော်လိုက်တယ်။" သူ့အတွက်ထင်းရှူးသီးတခု ကောက်ပေးမလားဟင်။" ပါဗ်ကို ဒေဗ်နာရိုက်က သူ့လက်ကိုဆန့်လိုက်ပြန်ရော ။ ထင်းရှူးပင်တပင်ထိပ်လှမ်းမှီသွားပြီး သူ့လက်ပြန်ချလိုက်တော့ လက်ထဲမှာထင်ရှူးသီးတွေအပြည့်ပါလာတာပေါ့။
တခြားကလေးတွေလည်း စိတ်ဝင်စားလာတယ်။ ကြောက်စိတ်တွေလည်း ထွက်ပြေးပျောက်ကွယ်ကုန်တယ်။ ဘာလို့လဲဆိုတော့ ပါဗ်ကိုဟာလူ့ဘီလူးကြီးဆိုပေမဲ့ ရှဉ့်ကလေးကိုတောင် အန္တရာယ်မပေးဘူးဆိုတာ သူတို့သိလို့ပဲ။
နောက်တော့ အားလပ်ချိန်တိုင်း ကလေးတွေကစားတယ်။ ရွှေတံခါးကြီးဖွင့်ပါအုံး ကစားတဲ့အခါ ပါဗ်ကိုက ရွှေတံခါးကြီးလုပ်တယ်။ ဘော်လုံးကန်တဲ့အခါ ပါဗ်ကိုက ဂိုလီဘာလုပ်တယ်။ သူ့အတွက်လွယ်တာပေါ့။ သူ့လက်တဘက်ဆန့်လိုက်တာနဲ့ ဂိုးတဝက်ကာမိပြီး နောက်တဘက်ဆန့်လိုက်ရင် တခုလုံးကာမိရော။ သူစိတ်မကောင်းတာတခုက သူ တူတူပုန်းတန်း မကစားနိုင်တာပါပဲ။ သူ့ကိုလူတိုင်းက နေရာတကာမှာ တွေ့နိုင်တာကိုး။ ဒါနဲ့ကလေးတွေလဲ ပါဗ်ကို ဒေဗ်နာရိုက်မပါရင်ပျော်စရာမကောင်းဘူးဆိုပြီး ကလေးတွေလည်း တူတူပုန်းတန်းမကစားကြတော့ဘူး။ ကလေးတွေအားလုံး သူ့သူငယ်ချင်းဖြစ်ချင်ကြတယ်။ ဒါပေမဲ့သူ့အချစ်ဆုံး

(စခါန ၄၅)
သူငယ်ချင်းက –– သိတဲ့အတိုင်း မျက်နှာဝိုင်းဝိုင်းလေးနဲ့ ချစ်စရာကောင်းတဲ့နှာခေါင်းလေးနဲ့ ဆံပင်အနက်ရောင်ရှိတဲ့ ဘက်ကာပဲ။ သူ့ကို ပထမဆုံးစကားစပြောတဲ့ ကောင်မလေးလေ။
ပြောစရာရှိပါသေးတယ်။ ပါဗ်ကို ဒေဗ်နာရိက်ဟာ ကျောင်းသားကောင်းတယောက်ဖြစ်ပြီး နေ့တိုင်းသူ့ဗလာစာအုပ်ထဲမှာ ပျားတကောင် ရပါတယ်။ (ဆလိုဗက်ကျောင်းတွေမှာ ပျားတကောင်ရတာဟာ အမေရိကန်ကျောင်းတွေမှာ ပြုံးနေတဲ့မျက်နှာပုံလေးတွေ ရသလိုပါပဲ။ )

*ဒီလိုဆိုအခုဘာထင်သလဲ။ ပါဗ်ကိုနဲ့တခြားကလေးတွေအခု ဘယ်လိုနေတယ်ထင်သလဲ။ ပါဗ်ကို့ရဲ့ အဖေရော။ သူဘယ်လိုနေလဲ။*
*ပါဗ်ကိုဟာ တခြားကလေးတွေနဲ့အများကြီး ကွာပါတယ်။ ဒီလောက်ကွာတာ သူ့အနေနဲ့ဘယ်လိုခံစားရတယ်ထင်သလဲ။ သင်ရောတခြားလူတွေနဲ့ကွာခြားတဲ့ ဒါမှမဟုတ် သူများလိုမခံစားရတဲ့ အခြေအနေမျိုး ကြုံဖူးသလား။ ဘယ်လိုခံစားရသလဲ။ အခုဇာတ်လမ်းကိုဘယ်လိုသဘောရသလဲ။ အဓိကပြဿနာကဘာလဲ။ ဒီဇာတ်လမ်းမှာ သင်ခန်းစာရှိသလား။ ဘာလို့ထင်သလဲ။ ဘာဖြစ်လို့ဒီလိုထင်သလဲ။*

ဒီ “Pravk” ဆိုတဲ့ဝတ္ထုတိုရေးတဲ့ မာရီယာ ဒုရစ်ကိုဗာဟာ ဆလိုဗာကီးယားမှာ ကလေးစာအုပ်ရေးတဲ့ စာရေးသူတွေအထဲမှာ နာမည်အကျော်ဆုံးပါ။ သူ့ပုံပြင်တွေကို ၁၉၆၀ ခုနှစ်တွေမှာရေးခဲ့ပါတယ်။ လူကြိုက်များတဲ့ ဆလိုဗက်ကလေးမဂ္ဂဇင်းတအုပ်ရဲ့ အယ်ဒီတာချုပ်လည်းဖြစ်ပါတယ်။ သူ့အရေးအသားဟာ ဆလိုဗက် ဂန္တဝင်မြောက် ကလေးစာပေမှာ အရေးပါတဲ့အခန်းက ပါဝင်ပါတယ်။ ဒီနေ့သူဟာဇာတိဖြစ်တဲ့ ဆလိုဗားကီးယားမှာနေပြီး ကျောင်းသားငယ်တွေနဲ့ တွေ့ပြီးစကားပြောဆဲပါ။

(page 46)

အပိုင်း ၄ ဘောင်
        နည်းဗျူဟာများ

(page 48)

ဘောင်နည်းဗျူဟာများ

ဒီသင်တန်းမှာတင်ပြထားတဲ့သင်ကြားခြင်းနဲ့သင်ယူခြင်းဘောင်ဟာ စာသင်ကြားရေးအစီအစဉ်လုပ်ဖို့နဲ့ သင်ကြားရေးနဲ့ပတ်သက်ပြီးစဉ်းစားဖို့နည်းလမ်းတခုပေးပါတယ်။ ဆရာဆရာမတွေကို

- သင်ကြားရေးအစီအစဉ်
- သင်ကြားရေးရည်ရွယ်ချက်သတ်မှတ်ခြင်း
- အထောက်အကူပြုလေ့ကျင့်ခန်းများ စီစဉ်ခြင်း
- သင်ယူခြင်းလုပ်ငန်းစဉ်မှာ ကျောင်းသားတွေကို အဓိပ္ပာယ်ရှိရှိပါဝင်စေခြင်း
- သင်ရိုးညွှန်းတန်းနဲ့ အကြောင်းအရာတို့ကို ဆက်စပ်ပေးခြင်းနဲ့
- ဆရာတွေကို ကျောင်းသားတွေရဲ့ သဘောပေါက်နားလည်မှုကို အဆက်မပြတ်စောင့်ကြည့်နိုင်စေတဲ့ကျောင်းသားတွေနဲ့ အစဉ်စကားပြောနေမှု စတာတွေကို စနစ်တကျလုပ်စေပါတယ်။

ဒီဘောင်ဟာအလိုအလျောက်ဖြစ်လာတာနဲ့ တပြိုင်နက်အဆင့်အမျိုးမျိုးမှာ အကြောင်းအရာနဲ့ပတ်သက်ပြီးသော်၎င်း အဓိကရည်ရွယ်ချက်တခုဖြည့်ဖို့သော်၎င်း လိုအပ်လာရင်ပြောင်းလဲနိုင်တဲ့ သင်ကြားရေးနည်းဗျူဟာတွေ အကောင်အထည်ဖော်နိုင်ပါပြီ။ ဒီအခန်းမှာ အကောင်ထည်ဖော်နိုင်မယ့်နည်းဗျူဟာတွေကို အကြံပေးချက်တွေနဲ့အကောင်အထည်ဖော်ဖို့သင့်တော်မယ့်ဘောင်တွေကို အသေးစိတ်ဖော်ပြထားပါတယ်။ ဒါတွေဟာသရုပ်ဖော်ရေးသားချက်တွေနဲ့ ရော ဇာတ်လမ်းတွေနဲ့ပါသုံးလို့ရပြီး စာရေးခြင်းဖြင့် စဉ်းစားခြင်း သင်ယူခြင်းတို့နဲ့ ပတ်သက်ပါတယ်။ လာမယ့်အပိုင်းမှာ စာရေးခြင်းဖြင့် သင်ယူခြင်းဆိုတာဘာလဲ ဆိုတာရှင်းပြထားပြီးတော့ ကလပ်စာတာလုပ်ခြင်း (clustering) စင်ကွိန်း (cinquains) ကုဗပုံလုပ်ခြင်း (cubing) စတဲ့ နည်းသုံးနည်းပေးထားပါတယ်။ အဆုံးမှာ ဘာသာရပ်သင်တဲ့အတန်းမှာ သုံးနိုင်တဲ့ ယေဘုယျသင်ကြားနည်းစနစ်တွေ ပေးထားပါတယ်။

စာရေးခြင်းနဲ့ဝေဖန်ပိုင်းခြားစဉ်းစားမှုကို တိုးမြှင့်စေနိုင်ပေမဲ့ ကျောင်းတွေမှာ စာရေးနည်းသင်ကြားပုံတွေနဲ့ အသုံးချပုံတွေကြောင့် ဒီအချက်ကို သိပ်သတိမထားမိကြပါဘူး။ စာရေးခြင်းရဲ့ရလဒ်ကိုပဲ အာရုံစိုက်ကြပြီး လုပ်ငန်းစဉ်ကိုတော့ သိပ်အလေးမပေးကြပါဘူး။ စာရေးဖို့လေ့ကျင့်ခန်းတွေဟာ သင်ရိုးညွှန်းတန်းနဲ့ မဆိုင်ပဲ ဆရာဆရာမတွေက ကျောင်းသားတွေသင်ကြားနေတာနဲ့အဆက်အစပ်မရှိတဲ့ လေ့ကျင့်ခန်းတွေပေးလေ့ရှိပါတယ်။

အဓိကအဆိုပြုချက်က ကျောင်းသားတွေအနေနဲ့ ဝေဖန်ပိုင်းခြားစဉ်းစားဖို့ရာ အရေးပါပြီးစိတ်ဝင်စားစရာကောင်းတဲ့ အရာတခု စဉ်းစားစရာအနေနဲ့ ရှိရပါမယ်။ ဒါကြောင့်ဝေဖန်ပိုင်းခြားစဉ်းစားခြင်းဟာ ကျောင်းသားတွေကိုသင်ယူမှုမှာ ပါဝင်စေတဲ့သင်ရိုးညွှန်းတန်းမှာ အဓိကကျတဲ့နေရာမှာ ရှိရပါမယ်။ ဆရာတွေက ကျောင်းသားတွေကို လွတ်လပ်စွာ ဝေဖန်ပိုင်းခြားစဉ်းစားစေပြီး ရေးသားစေတဲ့သင်ယူမှုပတ်ဝန်းကျင်နဲ့ အခြေအနေ ဖန်တီးပေးရပါမယ်။

ဝေဖန်ပိုင်းခြားစဉ်းစားပြီးစာရေးတာဟာ စဉ်းစားဆင်ခြင်ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ပြန်လည်စဉ်းစားခြင်းနဲ့တီထွင်ဖန်တီးခြင်းတို့ကို အားပေးပါတယ်။

အရေးအသားကို စာမေးပွဲစစ်တဲ့အခါမှာသုံးတာ ဒါမှမဟုတ် ပေးထားတဲ့ခေါင်းစဉ်တခုနဲ့ပတ်သက်ပြီး စာတန်းရေးပြီးတော့အရေးအသားဘယ်လောက်ကောင်းကြောင်းပြတဲ့ လေ့ကျင့်ခန်းတွေလုပ်တာကို အလေးထားလို့ အရေးအသားကို ဝေဖန်စဉ်းစားဖို့ကရိယာအနေနဲ့ အစွမ်းဘယ်လောက်ထက်သလဲဆိုတာ သတိမမူမိကြပါဘူး။ များသောအားဖြင့် ရေးခိုင်းတဲ့ခေါင်းစဉ်တွေဟာ ကျောင်းသားစိတ်မဝင်စား အကြောင်းအရာလဲမသိတဲ့ခေါင်းစဉ်တွေ ဖြစ်တတ်ပါတယ်။ ဒ့ါအပြင် ဒီအရေးအသားကိုဖတ်မယ့်ပရိသတ်ဟာ စာရေးသူရေးလိုတဲ့အကြောင်းအရာကို စိတ်ဝင်စားတဲ့လူမဟုတ်ပဲစာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါစတာတွေကို စစ်မယ့်ဆရာဆရာမဖြစ်နေပါတယ်။ ပြီးတော့ရေးထားတာဟာလဲ အပတ်ပေါင်းများစွာကြာပြီးမှ အမှားပြင်ဖို့အမှတ်အသားတွေနဲ့ အဆင့်ပေးပြီးတော့ ပြန်ရလေ့ရှိပါတယ်။ အဓိပ္ပာယ်ရှိတဲ့တုန့် ပြန်မှုမျိုးနဲနဲပဲရပြီး အတွေးအခေါ်တွေကို သူများနားလည်အောင်လုပ်တာထက် လေ့ကျင့်ခန်းတခုလုပ်သလိုပဲခံစားလိုက်ရပါတယ်။ ဒီလိုလေ့ကျင့်ခန်းမျိုးဟာ စာရေးသူကို စာရေးလိုစိတ်နဲပါးစေပါတယ်။

ဆရာတွေဟာကျောင်းသားတွေစာရေးတာ ဘာလိုမကြိုက်သလဲဆိုတာသိနားလည်ရပြီး အပြောအားဖြင့်ဖြစ်စေ လုပ်ရပ်အားဖြင့်ဖြစ်စေ ကွဲပြားတဲ့ သဘောထားကို ပြရပါမယ်။ စာရေးတာကို ဝေဖန်ပိုင်းခြားစဉ်းစားရေးအတွက် ကရိယာအဖြစ်သုံးတဲ့အခါ အခြေခံနားလည်ရမယ့် အချက်တွေရှိပါတယ်။ ပထမစာရေးတယ်ဆိုတာ ဘာလဲဆိုတာ နားလည်ဖို့လိုပါတယ်။ စာရေးတယ်ဆိုတာ တစုံတယောက်က တစုံတယောက်ကို တစုံတရာအကြောင်းပြောနေတာလို့ James Moffett ကဆိုပါတယ်။ ဒီအတွေးအခေါ်အရ စာရေးသူက သူရေးလိုတဲ့အကြောင်းအရာတခုကို စာရေးသူပြောတာကို စိတ်ဝင်စားတဲ့ ပရိသတ်တွေအတွက်ရေးတာဖြစ်ပါတယ်။ ဆရာတွေက စာရေးတာကို ဒီလိုနားလည်တဲ့အခါ ကျောင်းသားတွေဟာ ကိုယ့်ခေါင်းစဉ်ကိုယ်ရွေးနိုင်ပြီး သူတို့ရေးတာကို ဖတ်ဖို့

(page 50)
တကယ့်ပရိသတ်တွေလည်းရှိပါမယ်။
စာရေးတာကို ဒီလိုတွေးခေါ်တဲ့အခါပါတဲ့ အဓိကအကြောင်းအရာတွေကို Moffett (1968) က ဒီလိုပြထားပါတယ်။




တော်တဲ့စာရေးသူတွေဟာ သူတို့ရေးချင်တဲ့အကြောင်းအရာကို စိတ်ဝင်စားတဲ့ပရိသတ်အတွက်ရေးပါတယ်။ အတန်းထဲမှာတော့ ပရိတ်သတ်ဟာ အတန်းဖော်တွေ ဒါမှမဟုတ် စာရေးသူအဖွဲ့သားတွေပဲဖြစ်ပါတယ်။ တခါတလေပေးစာရေးတဲ့အခါမျိုးမှာလို စာဖတ်သူဟာ တယောက်တည်းဖြစ်ပေမဲ့ တခါတလေမှာတော့ ကျောင်းမဂ္ဂဇင်းတို့ သတင်းစာတို့မှာဝတ္ထုတိုရေးတဲ့အခါမျိုးလို ပရိသတ်ဟာ အများဖြစ်နေတတ်ပါတယ်။ ဒါပေမဲ့ဆရာတွေဟာ ကျောင်းသားတွေစာရေးဖို့အတန်းပြင်ဆင်တဲ့အခါမှာစာရေးသူ၊ အကြောင်းအရာနဲ့ပရိသတ်တို့ကို တစုံတယောက်ဟာ တစုံတယောက်ကိုတစုံတခုအကြောင်းပြောနေတယ်ဆိုတာ စဉ်းစားပါ။ ဒီလိုအတန်းမျိုးကနေ စာရေးခြင်းရဲ့အစွမ်းကိုနားလည်တဲ့ကျောင်းသားတွေပေါ်ထွက်လာပါတယ်။

## မိမိအတွက်မိမိစာရေးခြင်း

စဉ်းစားဖို့စာရေးတဲ့ခါ ပရိသတ်က မိမိကိုယ်တိုင်ပဲဖြစ်ပါတယ်။ စာရေးသူဟာနားလည်ဖို့၊ ရှင်းဖို့၊ မှတ်မိဖို့၊ စီစဉ်ဖို့၊ အတိုပြောရရင် အကြံတွေနဲ့အချက်အလက်တွေစဉ်းစားဖို့စာရေးပါတယ်။ ဒီနေရာမျိုးမှာ စာရေးသူဟာ မိမိအတွက်ရေးပါတယ်။ ဒါဟာဝေဖန်ပိုင်းခြားစဉ်းစားမှုအတွက် အရေးပါတဲ့အချက်တချက်ပါ။ ဝေဖန်ပိုင်းခြားဖို့စာရေးတာပေါက်ဖွားစေတဲ့ အတန်းတွေဖန်တီးရာမှာ အရေးပါတဲ့သင်ကြားခြင်း အခြေခံတချို့ရှိပါတယ်။ ပထမဒီလိုရေးတဲ့နေရာမှာ အမှတ်မပေးပါဘူး။ ရေးရခြင်းရဲ့ရည်ရွယ်ချက်က အတွေးအခေါ်တွေ လွတ်လွတ်လပ်လပ်စီးဆင်းဖို့ပါပဲ။ ဒီလိုဖြစ်ဖို့ သဒ္ဒါတို့ စာလုံးပေါင်းတို့အတွက်မပူပဲ စာရေးသူတွေရေးနိုင်ဖို့လိုပါတယ်။ ကျောင်းသားတွေဟာ သူတို့ရေးတာကိုစစ်ဆေးခံရတာနဲ့ ကြုံရတာများလို့ သူတို့ဆရာတွေဟာ သူတို့ရဲ့အတွေးအခေါ်တွေကို တကယ်စိတ်ဝင်စားပြီး ကျောင်းသားတွေဝေဖန်စဉ်းစားဖို့ စာရေးတဲ့သူတွေဖြစ်လာစေလိုတဲ့ သူတွေဆိုတာ ယုံဖို့အချိန်အတော်ကြာစောင့်ရပါတယ်။

(page 51)

ဒုတိယအချက်က စာရေးသူတွေဟာ လွတ်လွတ်လပ်လပ်စွန့်စားရဲရပါမယ်။ မိမိတို့အတွေးအခေါ်တွေကို လွတ်လွတ်လပ်လပ်ဖော်ထုတ်နိုင်ပြီး သူတို့အတွေးအခေါ်တွေကို အများကလေးစားမယ်လို့ခံစားနိုင်ရပါမယ်။ ဒါ့ပြင် မေးခွန်းတခုအတွက်အဖြေမှန်တခုမကရှိပြီး မိမိတို့ရဲ့အကြံတွေ ဖြေရှင်းချက်တွေဟာ သူတပါးရဲ့အကြံတွေ ဖြေရှင်းချက်တွေလိုအရေးပါတယ်ဆိုတာနားလည်ဖို့လိုပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်အောင် ဆရာတွေဟာအဖြေအမျိုးမျိုးထွက်နိုင်တဲ့မေးခွန်းမေးပြီး ဆရာတွေရောကျောင်းသားတွေပါ တကယ့်ပြဿနာတွေအတွက် အဖြေရှာတာမျိုးလုပ်ရပါမယ်။

နောက်ဆုံးအနေနဲ့ဝေဖန်စဉ်းစားဖို့စာရေးဖို့ရာ သူတို့အတွေးအခေါ်တွေကို တုန့်ပြန်မှုပေးရမှာဖြစ်ပြီး ဖတ်စာဒါမှမဟုတ်သင်ခန်းစာနဲ့ပတ်သက်ပြီး သူတို့အနေနဲ့တုန့်ပြန်ဆွေးနွေးနိုင်မယ့် အခြေအနေတွေအများကြီးဖန်တီးရမှာဖြစ်ပါတယ်။ သူတို့တုန့်ပြန်ချက်တွေရေးတဲ့အခါသူတို့အတွေးအခေါ်တွေကို အတန်းဖော်တွေနဲ့ဆွေးနွေးခွင့်ပေးဖို့လိုပါတယ်။

## ကလပ်စတာလုပ်ခြင်း (Clustering)

ကလပ်စတာလုပ်ခြင်းဟာ ကျောင်းသားတွေကိုအကြောင်းအရာတခုနဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းစဉ်းစားစေတဲ့နည်းတနည်းဖြစ်ပါတယ်။ အတွေးအခေါ်တွေ တခုနဲ့တခု ဆက်စပ်စေတာကိုလှုံ့ဆော်ပေးဖို့လိုပါတယ်။ ကျွန်ုပ်တို့ရဲ့ဦးနှောက် တကယ်အလုပ်လုပ်တဲ့ပုံနဲ့တူပါတယ်။ ကလပ်စတာလုပ်ခြင်းကို အကြံထွက်ပေါ်စေတဲ့အဆင့်မှာရောပြန်လည်စဉ်းစားတဲ့အဆင့်မှာရော လုပ်နိုင်ပါတယ်။ လေ့လာပြီးသားကိုပြန်အကျဉ်းချုံးတဲ့အခါမှာ အဆက်အစပ်အသစ်တွေလုပ်ဖို့ ဒါမှမဟုတ်နားလည်မှုအသစ်တွေကို ရေးဆွဲပြီးဖော်ပြဖို့အတွက်သုံးနိုင်ပါတယ်။ စာရေးဖို့ဝန်လေးတဲ့သူတွေအတွက် စာစရေးဖို့လေ့ကျင့်ခန်းအနေနဲ့လည်းသုံးနိုင်ပါတယ်။ များသောအားဖြင့် ဒီနည်းဟာ မိမိသိပြီးသားအသိ၊ နားလည်မှုတွေ၊ ဒါမှမဟုတ် အကြောင်းအရာတခုနဲ့ ပတ်သက်ပြီး ယုံကြည်ထားတာတွေကို အဆက်အစပ်လုပ်တဲ့နည်းပါပဲ။ ဒါဟာအရေးလေ့ကျင့်ခန်းဖြစ်တဲ့အတွက် အသိတရားအဆင့်မှာသတိမပြုမိသေးတဲ့ အသိတွေနဲ့အဆက်အစပ်တွေကို စာရေးသူကိုအသိပေးပါတယ်။

ကလပ်စတာလုပ်တာကိုအုပ်စုငယ်လေးတွေအနေနဲ့လုပ်သင့် ပါတယ်။

### ကလပ်စတာလုပ်ဖို့ အချက် ၅ ချက်လုပ်ဖို့လိုပါတယ်။

၁။ လေ့ကျင့်ခန်းကို ရှင်းပြပြီး ကလပ်စတာလုပ်ဖို့အချက်တွေကို တင်ပြပါ။

၂။ သင်တန်းသားတွေ စိတ်ဝင်စားမယ့် အကြောင်းအရာတခုရွေးပြီး အုပ်စုလိုက်နမူနာလေ့ကျင့်ခန်းတခုလုပ်ပါ။

၃။ ဒီအဖွဲ့စိတ်ဝင်စားစရာကောင်းမယ့် ဒုတိယအကြောင်းအရာတခုရွေးပြီး ဒီခေါင်းစဉ်နဲ့ကလပ်စတာလုပ်ဖို့အချိန်ပေးပါ။

၄။ လေးယောက် ငါးယောက်လောက်သူတို့လုပ်တဲ့ ကလပ်စတာနဲ့ပတ်သက်ပြီး အဖွဲ့နဲ့ဖလှယ်ဖို့အချိန်ပေးပါ။

၅။ မနက်ဖန် သင်တန်းသားတွေအတန်းထဲမှာ ဘယ်လိုသုံးမလဲဆိုတာ အမှတ်ပေးတာနဲ့ပတ်သက်ပြီး ဒါမှမဟုတ် အကြောင်းအရာအတိအကျနဲ့ပတ်သက်ပြီး ပြောပါ။ ပြီးတော့ ဘောင်ရဲ့အဆင့်အမျိုးမျိုးကိုပြန်ကြည့်ပြီး ကလပ်စတာလုပ်တာဘယ်လိုသုံးနိုင်သလဲဆိုတာ အုပ်စုလိုက်ဆွေးနွေးပါ။

ကလပ်စတာလုပ်ခြင်းအဆင့်တွေဟာ ရှင်ပြီးမှတ်မိလွယ်ပါတယ်။ --

၁။ စာရွက်၊ အိုဗာဟက်၊ သင်ပုန်း၊ ဒါမှမဟုတ် ရေးစရာတခုခုအလယ်မှာ အဓိကစကားလုံး ဒါမှမဟုတ် ပုဒ်တခုရေးပါ။

၂။ ရွေးထားတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး ခေါင်းထဲမှာပေါ်လာတဲ့စကားလုံးတွေ ပုဒ်တွေချရေးပါ။

၃။ ခေါင်းထဲအကြံတွေလာတာရေးနေတုန်း သင့်တော်မယ့်အကြံတွေကို တခုနဲ့တခု ဆက်စပ်ပေးပါ။

၄။ အချိန်စေ့တဲ့အထိ ဒါမှမဟုတ် အကြံတွေကုန်သွားတဲ့အထိ ခေါင်းထဲဝင်လာသမျှ အကြံတွေရေးပါ။

ကလပ်စတာလုပ်တဲ့အခါ လိုက်နာရမယ့်အခြေခံအချက် တချို့ရှိပါတယ်။

- ခေါင်းထဲဝင်လာတာအားလုံးရေးပါ။ အတွေးအခေါ်တွေနဲ့ ပတ်သက်ပြီး ဝေဖန်စဉ်းစားတာ မလုပ်ပါနဲ့။ ရေးသာရေးပါ။
- စာလုံးပေါင်းတို့ တခြားရေးတဲ့အခါလိုက်နာရမှာတွေနဲ့ပတ်သက်ပြီး စိတ်မပူပါနဲ့။
- အကြံတွေအားလုံးထွက်ပြီးတဲ့အထိ ရေးတာမရပ်ပါနဲ့။ အချိန်အတော်ကြာအကြံတွေမထွက်တော့ဘူးဆိုရင် အကြံအသစ်တွေပေါ်လာတဲ့အထိ စာရွက်ပေါ်မှာ ရေးခြစ်နေပါ။
- အဆက်အစပ်တွေများနိုင်သမျှများနိုင်အောင် ပေါ်လာပါစေ။ အတွေးအခေါ်ပမာဏ ဒါမှမဟုတ် အတွေးအခေါ်တွေထွက်လာမှုနဲ့အဆက်အစပ်တွေကို မကန့်သတ်ပါနဲ့။
- အုပ်စုလိုက်ကလပ်စတာလုပ်တဲ့အခါ အုပ်စုတစုလုံးသိမယ့်ခေါင်းစဉ်မျိုးရွေးပါ။ ဥပမာ၊ သူတို့ရဲ့တိုင်းပြည်အကြောင်း၊ နှစ် ၂၀၀၀ ခုနှစ်အကြောင်း၊ ပန်းပင်စိုက်တဲ့အကြောင်း၊ ဒါမှမဟုတ် တခြားအများသိမယ့်အကြောင်းအရာတခုအကြောင်း ရွေးပါ။ ပုံ ၂ မှာပြထားတဲ့ကလပ်စတာက ဆလိုဗာကီးယားနဲ့ပတ်သက်ပြီး အုပ်စုတစုကလုပ်ထားတာပါ။

အုပ်စုအနေနဲ့ကလပ်စတာလုပ်ပြီး ကိုယ်တိုင်လုပ်ဖူးပြီဆိုရင် တယောက်စီလုပ်ဖို့အဆင်သင့်ဖြစ်ပါပြီ။ ဒီလိုလုပ်ရင် ဒီလုပ်ငန်းစဉ်ရဲ့အစွမ်းနဲ့ တန်ဖိုးကိုသိပါလိမ့်မယ်။ ကလပ်စတာ ပြည့်ပြည့်ဝဝလုပ်နိုင်ဖို့ ခေါင်းစဉ်ဟာ သူတို့ရင်းနှီးတဲ့အကြောင်းအရာဖြစ်ဖို့လိုပါတယ်။

အောင်မြင်လေ့ရှိတဲ့ခေါင်းစဉ်တခုကတော့ မိမိချစ်တဲ့သူတယောက်အကြောင်း ကလပ်စတာလုပ်ခိုင်းတာပါပဲ။ မိမိ ဇနီး ဒါမှမဟုတ် ခင်ပွန်း၊ မိဘ၊ မောင်နှမ၊ ဒါမှမဟုတ် သူငယ်ချင်းဖြစ်နိုင်ပါတယ်။ အိမ်မွေးတိရိစ္ဆာန်တကောင်ရှိရင် အဲဒါအကြောင်းလည်းဖြစ်နိုင်ပါတယ်။ အချက်တွေနဲ့ စည်းကမ်းတွေပြန်ရွတ်ပါ။ ၅ မိနစ်က ၇ မိနစ်လောက်အချိန်ပေးပြီးရင် စခိုင်းပါ။

(page 53)

ပုံ ၂ ကလပ်စတာလုပ်ခြင်းနမူနာ

အဖွဲ့အလိုက်ကလပ်စတာလုပ်နေတုန်း ပို့ချသူတွေလည်း ကလပ်စတာလုပ်ပါ။ ဒီလိုလုပ်ပါက ပထမအနေနဲ့ဒီလုပ်ငန်းစဉ်နဲ့လေ့ကျင့်ခန်းကိုအလေးနက်ခံယူကြောင်းပြပါတယ်။ ဒုတိယအနေနဲ့ဆရာဆရာမတွေရဲ့အတန်းထဲက အခန်းကဏ္ဍကိုပြပါတယ်။ ဆရာလည်းကလပ်စတာလုပ်ရင် ဒီလေ့ကျင့်ခန်းဟာ အရေးကြီးတယ်ဆိုတာ ကျောင်းသားတွေ့မယ်။ နောက်ပြီးကျောင်းသားတွေအနေနဲ့ ဖြတ်ပြီးမေးခွန်းမေးပြီး သူများတွေရဲ့အတွေးကိုဖြတ်လိုက်တာမျိုး မဖြစ်စေဘူးပေ့ါ။ သင်တန်းသားတွေလေ့ကျင့်ခန်းလုပ်ပြီးရင် အတွဲလိုက်ဒါမှမဟုတ် ၂ ယောက် ၃ ယောက်လောက်ကို အုပ်စုထဲမှာပြောပြစေပါ။ ပြီးရင် ကလပ်စတာလုပ်ခြင်းရဲ့အသုံးဝင်ပုံကိုပြောပြီး သင်တန်းသားတွေကို မနက်ဖန်အတန်းထဲမှာ အစောဆုံးဘယ်လိုသုံးမလဲဆိုတာ ဆွေးနွေးပါစေ။

Steel နဲ့ Steel (1991) ပြောသလိုပဲ ကလပ်စတာလုပ်တာ အပြောင်းအလဲလွယ်တဲ့နည်းတခုပါ။ တယောက်ထဲဖြစ်ဖြစ် အုပ်စုလိုက်ဖြစ်ဖြစ် လုပ်နိုင်ပါတယ်။ အုပ်စုလိုက်ဆိုရင် တခြားကျောင်းသားတွေဟာ စပေးလိုက်တဲ့စကားလုံးနဲ့ပတ်သက်ပြီး ဘယ်လိုအဆက်အစပ်လုပ်ကြသလဲဆိုတဲ့ အုပ်စုရဲ့အကြံတွေနဲ့ အထအတွေ့ရသွားပါတယ်။ တယောက်ချင်းလုပ်တာဖြစ်ဖြစ် အုပ်စုလိုက်လုပ်တာဖြစ်ဖြစ် စည်းကမ်းချက် ၃ ရပ်ကိုတော့ မမေ့ပါနဲ့။ ၁) ပေးထားတဲ့အချိန်အတွင်းမှာရေးတာမရပ်ပါနဲ့။ ၂) ဘာစဉ်းစားနေတယ်ဆိုတာ မဝေဖန်ပါနဲ့။ ၃) စာလုံးပေါင်းနဲ့ပတ်သက်ပြီး မစိုးရိမ်ပါနဲ့။ တဦးချင်းကလပ်စတာလုပ်တာဟာ အုပ်စုလိုက်အကြံတွေစုတာကနေအပြောင်းအလဲဖြစ်ပြီး မြန်လဲမြန် ကျောင်းသားအားလုံးလဲလုပ်ခွင့်ရပါတယ်။ ဒါပေမဲ့ အကြောင်းအရာဟာ ကျောင်းသားတွေ သိတဲ့အကြောင်းအရာဖြစ်ရပါမယ်။ ကလပ်စတာလုပ်ပြီးရင် ကျောင်းသားတွေအတွဲလိုက် ဒါမှမဟုတ် အုပ်စုထဲမှာအချင်းချင်းပြောပြပါစေ။

ကလပ်စတာလုပ်ရာမှာ အခြေခံအချက်တွေပဲရှိပါတယ်။

## စင်ကွိန်းများ (Cinquains)

အချက်အလက်တွေကို အကျဉ်းချုပ်ရေးခြင်း၊ ရှုပ်ထွေးတဲ့အတွေးအခေါ်တွေ၊ ခံစားမှုတွေနဲ့ ယုံကြည်ချက်တွေကို စကားလုံးနဲနဲနဲ့ရေးနိုင်တာဟာ အရေးကြီးတဲ့ကျွမ်းကျင်မှုတခုပါ။ နားလည်မှုအပေါ်အခြေခံတဲ့ စဉ်းစားခြင်းတရပ်လိုအပ်ပါတယ်။ စင်ကွိန်းဆိုတာ အချက်အလက်တွေကို ညှိနှိုင်းပြီးအကြောင်းအရာတရပ်ကို တိကျတဲ့အရေးအသားနဲ့ထုတ်ဖော်ပြဖို့လိုတဲ့ကဗျာတမျိုးဖြစ်ပါတယ်။

ဒီစကားဟာပြင်သစ်ဘာသာကလာပြီး ၅ လို့အဓိပ္ပာယ်ရပါတယ်။ သူ့မှာ ၅ လိုင်းပါပါတယ်။ စင်ကွိန်းနဲ့ပတ်သက်ပြီး စပြောတဲ့အခါ ဒီကဗျာမျိုးဘယ်လိုရေးရတယ်ဆိုတဲ့ လမ်းညွှန်မှုတွေပေးပါ။ ပြီးရင် ဥပမာ အချို့ပေးပါ။ (ဥပမာ

စင်ကွိန်းမှာ ၅လိုင်းပါပါတယ်။

(page 55)
အချို့ကိုနောက်ပိုင်းမှာပေးထားပါတယ်။ ) ပြီးရင် ဒီအဖွဲ့ကို စင်ကွိန်းတွေရေးခိုင်းပါ။
အစမှာ တချို့လူတွေအတွက် စင်ကွိန်းရေးရတာ အခက်အခဲရှိပါလိမ့်မယ်။ ဒါကြောင့် အုပ်စုကိုအတွဲလိုက်ခွဲရင် ပိုထိရောက်ပါလိမ့်မယ်။ ရေးဖို့အကြောင်းအရာပေးပါ။ တယောက်ကို ၅မိနစ်မှ ၇မိနစ်အထိ ရေးဖို့အချိန်ပေးပါ။ ပြီးရင်သူတို့ကအဖော်နဲ့အတူ စင်ကွိန်းတခုစီကနေ ၂ဦးသဘောတူတဲ့ စင်ကွိန်းတခုတည်းရေးပါမယ်။
ဒီလိုလုပ်ရင် သူတို့ဘာလို့ဒီလိုရေးသလဲဆိုတာ ဆွေးနွေးကြမှာဖြစ်ပြီး အကြောင်းအရာကို ပြန်စဉ်းစားမယ်။ ပြီးတော့ အကြောင်းအရာကိုစဉ်းစားဝေဖန်ကြပါမယ်။ ဒီလိုလုပ်ဖို့ရာသူများကို နားထောင်ရမယ်၊ ပြီးတော့ သူများရေးထားတဲ့ အရာတွေထဲက ကိုယ်နဲ့ကိုက်ညီပြီး သဘောတူနိုင်မယ့် အကြံတွေကိုထုတ်ယူနိုင်ပါတယ်။ အတူရေးတဲ့စင်ကွိန်းတွေကို အုပ်စုမှာ ပြန်ဖတ်ပြနိုင်ပါတယ်။ ထရန်စ်ပယ်ရင်စီတွေနဲ့ အိုဗာဟက်တွေရနိုင်မယ်ဆိုရင် အတွဲလိုက်ရေးတာကို အိုဗာဟက်မှာရေးပြီး တင်ပြပါ။ ဒီလိုလုပ်ရင် ရှေ့ဆက်ဆွေးနွေးစေပါတယ်။

စင်ကွိန်းရေးရင် အောက်ပါစည်းမျဉ်းတွေ လိုက်နာရပါမယ်။
၁။ ပထမလိုင်းမှာခေါင်းစဉ်ကိုဖော်ပြတဲ့ စကားလုံးတလုံးပဲရှိရပါမယ်။ (များသောအားဖြင့် အဲဒီစကားလုံးဟာ နာမ်ပုဒ်ဖြစ်လေ့ရှိပါတယ်။ )
၂။ ဒုတိယလိုင်းဟာ ခေါင်းစဉ်ကိုဖော်ပြတဲ့စကားလုံး ၂ လုံးရှိပါတယ်။ (များသောအားဖြင့်အဲဒီစကားလုံးဟာ နာမဝိသေသန ၂ ခုဖြစ်လေ့ရှိပါတယ်။ )
၃။ တတိယလိုင်းဟာ ခေါင်းစဉ်ရဲ့လုပ်ရပ်ကို ဖော်ပြတဲ့စကားလုံး ၃ လုံးရှိပါတယ်။ (များသောအားဖြင့် ing ပါတဲ့စကားလုံးတွေဖြစ်ပါတယ်။)

နမူနာ စင်ကွိန်းများ

| | |
|---|---|
| Volcanoes | မီးတောင်များ |
| Red Hot | နီတယ် ပူတယ် |
| Erupting from within | အထဲကနေပေါက်ကွဲနေတယ် |
| Nature’s furnace of fire | သဘာဝရဲ့မီးဖို |
| Inferno | ငရဲ |

| | |
|---|---|
| Teaching | စာသင်ခြင်း |
| Complex, though | ရှုပ်ထွေးတယ် ခက်ခဲတယ် |
| Challenging, invigorating, rewarding | စိန်ခေါ်နေတယ် အားဖြည့်ပေးနေတယ် အကျိုးရှိတယ် |
| Trying new to known | အသစ်ကိုသိပြီးသားနဲ့ ဆက်ပေးတယ် |
| Educating | ပညာပေးတယ် |

| | |
|---|---|
| Reading | စာဖတ်ခြင်း |
| Fluid, active | တသမတ်တည်းမဟုတ် လှုပ်ရှားနေတယ် |
| Participating, sharing, learning | ပါဝင်နေတယ် ဖလှယ်နေတယ် သင်ယူနေတယ် |
| Glow in the dark | အမှောင်ထဲမှာ တောက်နေတယ် |
| Illuminating | အသိဉာဏ်ပွင့်စေတယ် |

ကွက်လပ်ဖြည့်ပြီး စင်ကွိန်းရေးခြင်း

ခေါင်းစဉ် (များသောအာဖြင့် နာမ်ပုဒ်) ________
ခေါင်းစဉ်ကို ဖော်ပြပါ (များသောအားဖြင့် နာမဝိသေသနပုဒ်)________ ________
လုပ်ရပ် (များသောအားဖြင့် ing ပါတဲ့စကားလုံး)________ ________ ________
ခံစားမှု (ပုဒ်)________ ________ ________ ________
အနှစ်သာရကို ပြန်လည်ရေးခြင်း__________

အဖွဲ့တွေဟာ သူတို့ရဲ့စင်ကွိန်းတွေကို တင်ဆက်ပြီးတဲ့အခါ သူတို့ရဲ့အတန်းထဲမှာ ဘယ်လိုသုံးမလဲဆိုတာ အတွဲလိုက်ဆွေးနွေးပါစေ။ ရှုပ်ထွေးတဲ့အချက်အလက်တွေကိုပေါင်းစပ်ဖို့၊ ကျောင်းသားတွေရဲ့ သဘောပေါက်နားလည်မှုကို စစ်ဆေးဖို့နဲ့ တီထွင်ပြီး ဖော်ပြဖို့တို့အတွက် စင်ကွိန်းတွေဟာ အလွန်သင့်တော်ကြောင်း အလေးအနက်ထားပါ။ စင်ကွိန်းတွေဟာအတွေးအခေါ်တွေနဲ့အချက်အလက်တွေကို ပြန်စဉ်းစားဖို့၊ ပေါင်းစပ်ဖို့နဲ့အကျဉ်းချုံးဖို့ လျင်မြန်ပြီးအစွမ်းထက်တဲ့ကရိယာတခုပါ။

## ကုဗပုံလုပ်ခြင်း (Cubing)

ကုဗပုံလုပ်ခြင်းဟာ အကြောင်းအရာတခုကိုအဘက်ဘက်က ကြည့်ဖို့အထောက်အကူပေးတဲ့ သင်နည်းတခုပါ (Cowan & Cowan, 1980)။ မျက်နှာပြင်တိုင်ပေါ်မှာ စဉ်းစားဖို့နဲ့ရေးဖို့အတွက် စပေးတဲ့အကြောင်းအရာအမျိုးမျိုးရေးထားတဲ့ ကုဗတုံးကိုသုံးပါတယ်။ တဘက်မှာ ၁၅ က ၂၀ စင်တီမီတာရှိတဲ့ ဗူးငယ်တခုကို စက္ကူနဲ့ဖုံးပြီး သုံးနိုင်ပါတယ်။ ဖော်ပြပါ၊ နှိုင်းယှဉ်ပါ၊ ဆက်စပ်ပါ၊ သုံးသပ်ပါ၊ အသုံးချပါ၊ ထောက်ခံသည့်အချက်များ ဒါမှမဟုတ်ကန့်ကွက်သည့်အချက်များပြောပါ၊ စတဲ့အရာတွေထဲကတခုစီကိုမျက်နှာပြင်တခုစီမှာ ရေးပါ။ ပေးထားတဲ့ခေါင်းစဉ်နဲ့ပတ်သက်ပြီးလွတ်လွတ်လပ်လပ်ရေးလိုရာရေးဖို့ အချိန်တို (၂ မိနစ်က ၄ မိနစ်အထိ) ပေးပါ။ ခေါင်းစဉ်အရင်ပေးပါ။ ပြီးရင်ကျောင်းသားတွေကို အဲဒီအကြောင်းစဉ်းစားခိုင်းပြီး ဖော်ပြခိုင်းပါ။ ဆိုလိုတာက ဒီအကြောင်းအရာကို သေသေချာချာကြည့်ပြီး အရောင်၊ ပုံသဏ္ဍာန်၊ လက္ခဏာတို့အပါအဝင် ဘာတွေ့သလဲပြောပါ။ ကျောင်းသားတွေဟာ အကြောင်းအရာနဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ်ရေးပါတယ်။ မျက်နှာပြင်ခြောက်ခုစလုံးအတွက် ဒီလိုလုပ်ပါ။ ညွှန်ကြားချက်တွေက

*ဖော်ပြပါ။* အကြောင်းအရာကို (စိတ်ထဲမှာပဲဖြစ်ပါစေ) သေသေချာချာကြည့်ပြီး အရောင်၊ ပုံသဏ္ဍာန်၊ ဒါမှမဟုတ်အရွယ်အစားတွေ တွေ့တာဖော်ပြပါ။
*နှိုင်းယှဉ်ပါ။* တခြားဘယ်အရာနဲ့တူသလဲ။ ဘယ်အရာနဲ့ကွာခြားသလဲ။

*ဆက်စပ်ပါ။* ဒီအရာကတခြားဘာအကြောင်းစဉ်းစားစေသလဲ။ စိတ်ထဲဘာအကြောင်းဝင်လာသလဲ။ တူတဲ့ဒါမှမဟုတ် ကွဲပြားတဲ့အရာတွေ၊ နေရာတွေ၊ ဒါမှမဟုတ် လူတွေဖြစ်နိုင်ပါတယ်။ စိတ်ကိုလွှတ်လပ်ပြီး ဒီအကြောင်းအရာကို ဘာတွေနဲ့ဆက်စပ်နိုင်သလဲဆိုတာ ကြည့်ပါ။
*သုံးသပ်ပါ။* ဒီအရာကို ဘယ်လိုလုပ်သလဲဆိုတာ ပြောပါ။ တကယ်သိစရာမလိုပါဘူး။ ဖြီးဖြန်းရေးလို့ရပါတယ်။
*အသုံးချပါ။* ဒီအရာကိုဘယ်လို သုံးနိုင်သလဲ။
*ထောက်ခံသည့်အချက်များ ဒါမှမဟုတ်ကန့်ကွက်သည့်အချက်များပြောပါ။* ထောက်ခံသလား ကန့်ကွက်သလားဆိုတာ အနေအထားတခုယူပါ။ သုံးချင်တဲ့ ယုတ္တိကျတာ၊ ရီစရာကောင်းတာ၊ ဒီ ၂ မျိုးကြားကဆင်ခြင်နည်းမျိုးစုံသုံးပါ။

ရေးပြီးရင်ကျောင်းသားတွေအချင်းချင်း ပြောပြစေပါ။ များသောအားဖြင့်အတွဲလိုက်ပထမပြောစေပါတယ်။ တယောက်ကို ကုဗပုံရဲ့သုံးဘက်စီပြောခိုင်းပြီး သူတို့အဖော်ကိုရေးထားတာဖတ်ပြစေပါတယ်။
ဘယ်လိုလုပ်ရမလဲဆိုတာ ပုံသေမရှိပေမယ့် အောက်ပါအတိုင်းလုပ်ရင်အောင်မြင်လေ့ရှိပါတယ်။ တယောက်ကဖတ်ပြီးရင် ချီးမွမ်းခြင်း မေးခွန်းမေးခြင်း တွေလုပ်နိုင်ပါတယ်။ "ကောင်းတယ်" လို့ပဲပြောမယ့်အစား ဘာကိုကြိုက်သလဲနဲ့ ဘာဖြစ်လို့ကြိုက်သလဲဆိုတာပြောစေပါ။ "မြင်တာကို သရုပ်ဖော်ထားပုံကို ကြိုက်တယ်။ ဒီလိုတူမယ်လို့ တခါမှမစဉ်းစားမိဘူး။" ဒါမှမဟုတ် "ဒါနဲ့ပတ်သက်ပြီး သိချင်သေးတယ်။" စတဲ့မေးခွန်းတွေမေးစေပါ။
နောက်ဆုံးမှာတအုပ်စုလုံး ရှုထောင့်အမျိုးမျိုးကိုဖတ်ကြမယ်။ တချို့ကို သူတို့ရေးထားတာတွေကို တဖွဲ့လုံးကိုဖတ်ပြခိုင်းပါ။ တခါတလေ တယောက်ကတယောက်ကို "ခင်ဗျားရေးတာ ဖတ်ပြလိုက်ပါလား။ ဖတ်လို့ကောင်းတယ်။" လို့ ခိုင်းပါလိမ့်မယ်။ ဒီနည်းကိုမကြာခဏသုံးပြီးပေမဲ့ ဆရာတွေနဲ့ကျောင်းသားတွေရဲ့ အကြံတွေနဲ့အတွေးအခေါ်တွေက အမြဲအံ့သြစရာကောင်းလောက်အောင်များပြားပြီး ကွဲပြားပါတယ်။

## ကုဗပုံလုပ်ခြင်းအပြီးမှာ အချက်အလက်တွေရအောင်စုးစမ်းခြင်း

ကုဗပုံလုပ်ခြင်းအပြီးမှာ အချက်အလက်တွေရအောင်စုးစမ်းတဲ့အခါ သင်တန်းသားတွေရဲ့ ဝေဖန်ချက်တချို့ကို အောက်မှာဖော်ပြထားပါတယ်။

(page 58)

“ဒီနည်းနဲ့ပတ်သက်ပြီး ဘယ်လိုတုန့်ပြန်မလဲ။” လို့မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားချက်တွေက တော့

- စိန်ခေါ်ပြီးခက်ခဲပေမဲ့ သိပ်ကောင်းတဲ့နည်းပါ။ ပြောစရာရှိတာအားလုံးပြောပြီးပြီလို့ထင်ပေမဲ့ အမြဲပြောစရာရှိသေးတယ်။
- သိပ်ထိရောက်တဲ့နည်းပါ။ တခါထဲတက်ကြွသွားတာပဲ။ အမြင်တွေတယောက်နဲ့တယောက် ဒီလောက်တောင်ကွဲတာ အံ့သြသွားတာပဲ။
- လန့်သွားတာပဲ။ အပြီးမှာကွက်လပ်ဖြည့်လိုက်ရသလိုပဲ။ အားလုံးကျနော့်ဆီကထွက်တာကိုး။
- ထွက်လာတဲ့အကြံတွေကြောင့် ကိုယ့်ကိုကိုယ်တောင်အံ့သြသွားတယ်။ ကျနော်ကသချာ်ဆရာလေ။ သချာ်သမားတယောက်လိုမကပဲ အမျိုးမျိုးစဉ်းစားနိုင်တယ်ဆိုတာ သိသွားတယ်။
- အတွေးအခေါ်အမျိုးမျိုးကြားလိုက်ရတယ်။ လူ့ဦးနှောက်ဘယ်လိုအလုပ်လုပ်သလဲဆိုတာသိပြီးတော့ ဒီနည်းဟာဦးနှောက်ကို ဘယ်လိုပွင့်စေသလဲဆိုတာ သိသွားတယ်။
- အကောင်းဆုံးအချိန်ကတော့ တယောက်ရေးတာ တယောက်ဖတ်ရပြီး ချီးမွမ်းကြတဲ့အချိန်ပါပဲ။ ကလေးဟာသူ့အဖော်နဲ့ပထမဆုံးအကြိမ်ဖတ်ရတာကို ကြောက်တဲ့အကြောက်တရားကို ကျော်လွှားပြီး ဒီလိုဖတ်ရတာမှာပျော်လာပါလိမ့်မယ်။
- အတွေးအခေါ်တွေဖော်ပြပြီး ကြွယ်ဝတဲ့အတွေးအခေါ်အမျိုးမျိုးရှိတာဟာ မိမိကိုယ်ကိုကောင်းတယ်လို့ ခံယူထားချက်ကို အထောက်အကူပေးပါတယ်။
- အခုလိုတုန့်ပြန်တာဟာ ကောင်းတဲ့အခြေအနေဖန်တီးပေးပါတယ်။ “စိတ်မကောင်းပါဘူး။ သိပ်နားမလည်ပါဘူး။ ရှင်းပြပါ။” လို့ပြောတာနဲ့ကွာပါတယ်။
- ချီးမွမ်းရတဲ့အခါ သေသေချာချာလည်းနားထောင်ရပါတယ်။ အဲဒါကောင်းပါတယ်။

သင်ကြားရေးဘက်ကနေ ဒီနည်းကိုကြည့်တဲ့အခါ ဒီလိုမေးစရာတွေပေါ်လာပါတယ်။

## ကလေးတွေကို *အသုံး*ချလိုမျိုး ခက်ခဲတဲ့စကားလုံးတွေ ဘယ်လိုရှင်းပြမလဲ။

ကလေးတွေနဲ့ဆို တခြားစကားလုံးတွေသုံးပါ။ ဥပမာ၊

- ကြည့်ရတာဘာနဲ့တူသလဲ။ ပြောပြပါအတွက်။
- ဘာနဲ့တူသလဲ ဘာနဲ့မတူဘူးလဲ။ နှိုင်းယှဉ်ပါ အတွက်။
- ဘာအကြောင်းသတိရစေသလဲ။ ဆက်စပ်ပါ အတွက်။
- ဘာနဲ့လုပ်ထားသလဲ။ အသုံးချပါ အတွက်။
- ဘယ်လိုသုံးနိုင်သလဲ။ အသုံးချပါ အတွက်။
- ကောင်းသလား ဆိုးသလား။ ထောက်ခံသည့်အချက်များ ဒါမှမဟုတ် ကန့်ကွက်သည့်အချက်များပြောပါ အတွက်။

## ကလေးတွေနဲ့ကုဗတုံးရဲ့မျက်နှာပြင် ခြောက်ဘက်စလုံးသုံးရမှာလား။

မဟုတ်ပါဘူး။ ကလေးငယ်တွေအတွက်ဆို သုံးဘက်လောက်ဆိုလုံလောက်ပါပြီ။ ဒါပေမဲ့ အကြောင်းအရာနဲ့အုပ်စုအပေါ်မှာလည်းမူတည်ပါသေးတယ်။

## ကုဗတုံးရဲ့ မျက်နှာပြင်တွေကို အစီအစဉ်အလိုက် လုပ်ရမှာလား။ ဒါမှမဟုတ် ကုဗတုံးကိုလှိမ့်လိုက်ပြီး ရွေးလို့ရသလား။

လွယ်ရာကခက်ရာကို သွားတဲ့အစီအစဉ်အတိုင်းလုပ်တာ ကောင်းပါတယ်။ ကုဗတုံးနဲ့လုပ်တဲ့အခါ Bloom ရဲ့အမျိုးအစားခွဲပုံနဲ့တူပါတယ်။ တခါတလေတော့ အစီအစဉ်အတိုင်းမလုပ်လို့ရပါတယ်။ ဥပမာ၊ ပြဇာတ်တခုဖတ်ပြီးတဲ့အခါ ကုဗတုံးကိုသုံးပြီး ကုဗတုံးရဲ့မျက်နှာပြင်တွေဟာ ပြဇာတ်ထဲကဇာတ်ကောင်တွေဖြစ်နိုင်ပါတယ်။ ဒီဥပမာမှာ ကျောင်းသားတွေဖတ်တဲ့ပြဇာတ်က ကိုယ်ဝန်ရှိသွားတဲ့ ဆယ်ကျော်သက်အမျိုးသမီးလေးတယောက်အကြောင်း ဖြစ်ပါတယ်။ ဇာတ်ကောင်တွေက အမျိုးသမီးလေးရယ်၊ အမျိုးသားလေးရယ်၊ အမေရယ်၊ သူငယ်ချင်းရယ် အဖေနဲ့ဆရာမတို့ပါပဲ။ ကျောင်းသားတွေကိုစဉ်းစားစေချင်တဲ့ ရှုထောင့်အပေါ်မူတည်ပြီး ကုဗတုံးရဲ့မျက်နှာပြင်တွေကို ပြောင်းနိုင်ပါတယ်။

## ဘောင်ထဲကဘယ်အဆင့်တွေကို ကိုယ်စားပြုသလဲ။

အကြံထွက်ပေါ်စေခြင်း ဒါမှမဟုတ် ပြန်လည်စဉ်းစားခြင်းအဆင့်တွေမှာ သုံးနိုင်ပါတယ်။ မိမိသိတဲ့အရာအကြောင်းလုပ်ရင် အကောင်းဆုံးမို့ ခေါင်းစဉ်ကိုသေသေချာချာရွေးပါ။ အကြံထွက်ပေါ်စေခြင်းနဲ့ပြန်လည်စဉ်းစားစေခြင်းတို့အတွက် သိပ်ပံ့တန်းမှာသုံးတဲ့ ဥပမာပေးထားပါတယ်။ ခေါင်းစဉ်က ဖိုတိုစင်းသစစ်ပါ။ ဒီအကြောင်းစပြောဖို့ဆရာက ကျောင်းသားတွေကိုနောက်နေ့သစ်ရွက်စိမ်းတရွက်စီ ကျောင်းကိုယူလာခိုင်းပါတယ်။ အကြံထွက်ပေါ်လာစေခြင်းအဆင့်မှာဒီအရွက်နဲ့ပတ်သက်ပြီးကုဗတုံးလုပ်ပါတယ်။ ဖိုတိုစင်းသစစ်အကြောင်းသင်ပြီးတဲ့အခါ အဲဒါနဲ့ပတ်သက်ပြီးကုဗတုံးလုပ်ပါတယ်။ ဒီဥပမာအရ အကြံထွက်ပေါ်ခြင်းအဆင့်မှာ ကုဗတုံးသုံးဖို့ခေါင်းစဉ်အရေးပါကြောင်း နားလည်စေပါတယ်။ သူတို့ဟာ ဒီအကြောင်းအရာကို တော်တော်သိဖို့လိုပါတယ်။

## ဂရုပြုမှုသိပ်လိုချင်ပြီး မကြာခဏဖြတ်ပြောတတ်တဲ့ကလေးတွေကို ဘယ်လိုထိန်းမလဲ။

ကုဗတုံးလုပ်တဲ့အချိန်မှာ ဆရာတွေလည်းရေးပါ။ ပထမအနေနဲ့ အတန်းထဲမှာရှိတဲ့စာရေးသူတွေ စဉ်းစားသူတွေကြားမှာဆရာလည်းစာရေးသူတယောက်ဆိုတာပြပါတယ်။ ဒ့ါအပြင် ဒီနည်းဟာအင်မတန်ကောင်းတဲ့ ထိန်းနည်းတခုပါ။ ကျောင်းသားတယောက်က လာနှောက်ယှက်ရင် ဆရာ့အနေနဲ့ “အခုလာမပြောနဲ့။ လာမနှောက်ယှက်ပါနဲ့။ စာရေးနေတယ်” လို့ပြောနိုင်ပါတယ် ဆက်ပြီးနှောက်ယှက်လာရင်တော့ ကလေးကိုအတန်းအပြင်ဘက်ခေါ်သွားပြီး နောက်တမျိုးလုပ်ဖို့လိုကြောင်း ဆွေးနွေးနိုင်ပါတယ်။ သင်တန်းသားထဲက

တယောက်က သူငယ်ငယ်တုန်းက ဒုက္ခပေးခဲ့တဲ့ကျောင်းသားတယောက်ဖြစ်ပြီး ဘေးမှာခေါ်ပြောတဲ့နည်းတနည်းနဲ့ပဲ သူ့ကိုရပ်နိုင်ကြောင်းပြောပါတယ်။

## စဉ်းစားစေဖို့စာရေးခြင်း တခြားနည်းများ

များသောအားဖြင့်စဉ်းစားဖို့စာရေးခြင်းဟာ ဘာသာရပ်ဆိုင်ရာအတန်းတွေမှာ ကျောင်းသားတွေအတွေးအခေါ်တွေနဲ့ ရင်ဆိုင်ရပြီး နားလည်ဖို့နဲ့သင်ယူဖို့ကြိုးစားနေတဲ့အခါ သုံးရပါတယ်၊ ဥပမာ၊ သင်ခန်းစားတခုကို တန်ဖိုးဖြတ်ပြီး တုန့်ပြန်ရာမှာ၊ ပို့ချချက်တခုတွေ့ပြီးတဲ့အခါ၊ ရုပ်ရှင်တကားကြည့်ပြီးတဲ့အခါ၊ ဒါမှမဟုတ် တခုခုအကြောင်းဖတ်တဲ့အခါ ဒါမှမဟုတ် ဆွေးနွေးတဲ့အခါ၊ ဆရာတွေအနေနဲ့ "အရေးကြီးဆုံးကဘာလဲ။" ဒါမှမဟုတ် "ဒီထဲမှာဘာက အသစ်အဆန်းလဲ။" ဒါမှမဟုတ် "ဒါနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရသလဲ။" ဆိုတာနဲ့ပတ်သက်ပြီးရေးဖို့အချိန်ပေးနိုင်ပါတယ်။ ပြီးရင်ကျောင်းသားတွေရဲ့တုန့်ပြန်မှုကို အားလုံးအတွက်ပြောပြပြီး အုပ်စုငယ်အလိုက် ဆွေးနွေးနိုင်ပါတယ်။ နောက်ဆုံးမှာ အုပ်စုငယ်တခုစီရဲ့ အဓိကတုန့်ပြန်မှုတွေကိုတဖွဲ့လုံးမှာ ပြောပြပါတယ်။
ဘာသာရပ်ဆိုင်ရာအတန်းတွေမှာ လုပ်နိုင်တဲ့အရေးလေ့ကျင့်ခန်းတွေကို အောက်မှာအကြံပြုထားပါတယ်။ ဒါဟာ Smith (1978) ဆီက ဆီလျော်အောင်သုံးထားတာဖြစ်ပြီး မပြည့်စုံပါဘူး။

- အတန်းချိန်အပြီးမှာ အဲဒီနေ့မှာ ဆွေးနွေးခဲ့ရတဲ့စိတ်ဝင်စားစရာအကောင်းဆုံး ဒါမှမဟုတ် အရေးကြီးဆုံးအတွေးအခေါ်တခုအကြောင်း စာပိုဒ်တပိုဒ်ရေးခိုင်းပါ။ အတန်းအစမှာ အတန်းအဆုံးမှာ ဒီလိုလုပ်ရမယ်ဆိုတာ ပြောပြပါ။ တပတ်တကြိမ်နှစ်ကြိမ်စသဖြင့် ဒီလိုမကြာခဏလုပ်ပါ။
- လုပ်ငန်းစဉ်တခုအကြောင်းသင်တဲ့သင်ခန်းစာတခုအပြီးမှာ ကျောင်းသားတွေကို ရောမွှေထားတဲ့ ညွှန်ကြားချက်တွေပေးပြီး သင့်တော်တဲ့အစီအစဉ်အတိုင်း ပြန်ရေးခိုင်းပါ။ အဆင့်ဆင့်လုပ်ရတဲ့ ဘယ်နည်းစဉ်ကိုမဆို ရှင်းပြတဲ့သင်ခန်းစာသုံးနိုင်ပါတယ်။
- ကျောင်းသားတွေကို စာတပိုဒ်နားထောင်ခိုင်းပါ။ ပြီးရင် အဓိပ္ပာယ်ကို ကိုယ့်စကားနဲ့ကိုယ်ပြန်ရေးခိုင်းပါ။ ဒါဟာမှတ်စုလိုက်ရေးတာအတွက် ကောင်းတဲ့လေ့ကျင့်ခန်းပါ။ ဒီလေ့ကျင့်ခန်းလုပ်ရတာ အခက်အခဲရှိရင် ပထမ ဒီကျောင်းသားကို တခြားတယောက်ကိုအရင်ပြောပြခိုင်းပါ။ ပြီးတော့မှရေးခိုင်းပါ။
- ကျောင်းသားတွေကိုသူတို့သင်နေရတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ခေတ်ပုံတပုံပြပြီး ခေတ်ပုံကရတဲ့အကြံတခုအကြောင်း ရေးခိုင်းပါ။ ဥပမာ၊ မိုင်းဖောက်ခွဲပြီး သတ္တုရှာတဲ့နည်းဟာ သဘာဝပတ်ဝန်းကျင်အတွက်လိုဆိုးရွားကြောင်း ဆွေးနွေးအပြီးမှာ မိုင်းခွဲထားတဲ့နေရာတနေရာရဲ့ ဓာတ်ပုံပြနိုင်ပါတယ်။
- ကျောင်းသားတွေတယောက်နဲ့တယောက်အမေးအဖြေသဘောမျိုး တယောက်နဲ့တယောက်ရေးနိုင်ပါတယ်။ ပထမ ကျောင်းသားတွေတယောက်စီကို သင်လိုက်ရတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး မေးခွန်းတခုရေးခိုင်းပါ။ စာရွက်တွေသိမ်းလိုက်ပြီး အစီအစဉ်မကျပဲ တယောက်စီကျရာပြန်ဝေလိုက်ပါ။ ပြီးရင်ကျောင်းသားတယောက်စီကို သူတို့ရတဲ့ မေးခွန်းကိုပြန်ဖြေဖို့ရေးခိုင်းပါ။

(page 61)

- အတန်းထဲမှာသင်လိုက်တဲ့အရာတခုခုအကြောင်း ထင်မြင်ယူဆချက်အကြောင်း ရေးခိုင်းပါ။ ထင်မြင်ယူဆချက်တွေအားလုံးလက်ခံပါ။ ကျောင်းသားတွေဟာ သူတို့အယူအဆတွေနဲ့ ပတ်သက်ပြီး အကြောင်းပြချက်အနဲဆုံးတခုပေးရပါမယ်။
- အတန်းထဲမှာသင်လိုက်ရတဲ့ အတွေးအခေါ်တခုကို ပြန်ကြည့်ပြီး ဒီအတွေးအခေါ်ကို သုံးနိုင်မယ့်နည်းအနဲဆုံးတခုအကြောင်းရေးခိုင်းပါ။
- ဆရာကိုနောက်မှာပြန်ဖြေပေးစေလိုတဲ့ မေးခွန်းတွေ ကျောင်းသားတွေကိုရေးခိုင်းပါ။ ဒီအချက်အလက်တွေနဲ့ ပတ်သက်ပြီး ကျောင်းသားတွေနောက်ခံသိပြီးသားနဲ့ ပတ်သက်ပြီး ရှင်းပြပါ။ ဥပမာ၊ ငမန်းတွေအကြောင်းသင်ပြီးတဲ့အခါ ကျောင်းသားတယောက်အနေနဲ့ ငမန်းဟာလူသားစားသလားလို့ ဆရာကိုမေးတဲ့မေးခွန်းရေးပါလိမ့်မယ်။ ဒီနေရာမှာ နောက်ခံသိပြီးသားအကြောင်းက ဒီကလေးမဟာ ရေငုပ်တဲ့ဦးလေးတယောက်ရှိချင်ရှိမယ်၊ ဒီဦးလေးက ဒီကလေးကိုငမန်းတကောင်တွေ့ကြောင်း၊ ဒါပေမဲ့ ဒီငမန်းကဘေးနားကနေသာ ရေဖြတ်ကူးသွားကြောင်း ပြောချင်ပြောမယ်။ ဒါကြောင့်ဒီကလေးက "ငမန်းတွေလူသားစားလား" လို့ တွေးတောချင်တွေးတောနေလိမ့်မယ်။

ဘာသာရပ်ဆရာတိုင်းဟာ ကျောင်းသားတွေသင်ယူမှုကို တိုးတက်စေနိုင်ပြီး အကျဉ်းချုပ်ရေးခြင်း၊ အတွေးအခေါ်တွေရှင်းပြခြင်း၊ အဆက်အစပ်တွေစီစစ်ခြင်း၊ အမှားတွေတွေ့ခြင်းနဲ့ မှတ်မိခြင်း စတဲ့ အခြေခံဦးနှောက်သုံးရတာတွေလေ့ကျင့်ပေးနိုင်ပါတယ်။ ဒ့ါပြင် ကောက်ချက်ချခြင်း၊ အဓိပ္ပာယ်ပြန်ခြင်း၊ ကျွမ်းကျင်သူတွေလို စဉ်းစားခြင်း၊ နှိုင်းယှဉ်မှုတွေအများကြီးလုပ်ခြင်းနဲ့ အတွေးအခေါ်တွေတည်ဆောက်ခြင်းစတာတွေဟာ အထက်မှာဖော်ပြထားတဲ့ စာရေးနည်းတွေသုံးရင် ပိုထက်မြက်လာပါတယ်။
လာမယ့်လမ်းညွှန်စာအုပ်တွေမှာပါတဲ့နည်းတွေလို ဝေဖန်ပိုင်းခြားစဉ်းစားမှုကိုမြှင့်တင်ပေးတဲ့နည်းအများကြီးရှိပါတယ်။ နည်းအတော်များများကို ဆရာဆရာမတွေဟာ အတန်းထဲမှာသုံးနေပြီဖြစ်ပါတယ်။ ဒီနည်းတွေကို စနစ်တကျ၊ ရည်ရွယ်ချက်ရှိပြီး အစီအစဉ်လိုက်ရှိတဲ့ဘောင်ထဲမှာ အကောင်ထည်ဖော်ဖို့အရေးကြီးပါတယ်။ ဒီလိုလုပ်ရင်သင်ယူခြင်းနဲ့ စဉ်းစားခြင်းဟာ ရှင်းလင်းပြီး လူတိုင်းနားလည်နိုင်တဲ့ နည်းစဉ်တခုဖြစ်လာပါတယ်။ ဒီလိုလုပ်ခြင်းဖြင့် ကျောင်းသားတွေဟာဘာသာရပ်ရော စာဘယ်လိုသင်ယူရမယ်ဆိုတာရော တကြိမ်ထဲမှာ သင်ယူပါတယ်။

(page 62)

သင်တန်းအကျိုးရှိပုံကို စီစစ်ခြင်း။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်း မြှင့်တင်သည့်နည်းလမ်းများ

ရက်စွဲနဲ့နေရာ။ ။

မေးခွန်းများ။ ။
၁။ ဒီသင်တန်းမှာ ဘာတန်ဖိုးအရှိဆုံးလဲ။

၂။ ဒီသင်တန်း ပိုအဓိပ္ပာယ်ရှိဖို့ဘာလိုသလဲ။

၃။ ဒီသင်တန်းကြောင့် စာသင်ရာမှာ ဘာအပြောင်းအလဲရှိမလဲ။

၄။ ဒီသင်တန်းနဲ့ပတ်သက်ပြီး ယေဘုယျအားဖြင့် ဘယ်လိုထင်သလဲ။

| | | | | |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| အကျိုးနဲနဲပဲရှိတယ် | | | | အကျိုးအများကြီးရှိတယ် |

၅။ နောင်မှာဆွေးနွေးဖို့စိတ်ဝင်စားတဲ့ခေါင်းစဉ်တွေ အကြံပြုပါ။

၆။ ဒီသင်တန်းနဲ့ပတ်သက်ပြီး ပြောလိုတဲ့ဝေဖန်ချက်တွေပြောပါ။

(page 63)

## နောက်ဆက်တွဲလုပ်ဆောင်ဖို့ အစီအစဉ်လုပ်ခြင်း

မိမိတို့ရဲ့ အကောင်အထည်ဖော်ဖို့ကြိုးပမ်းမှုနဲ့ ပတ်သက်ပြီး သင်တန်းသားတွေဟာ ပံ့ပိုးမှုနဲ့ တုန့်ပြန်မှုလိုပါမယ်။ သင်တန်းတိုကြားကာလတွေမှာ ဆွေးနွေးဖို့နဲ့တုန့်ပြန်မှုပေးဖို့ အစီအစဉ်လုပ်ဖို့အရေးကြီးပါတယ်။ ဘယ်ရက်တွေမှာ လုပ်မယ်ဆိုတာသတ်မှတ်သင့်ပါတယ်။ သင်တန်းသားတွေဟာ ဘယ်နေ့တွေမှာ ဒါတွေလုပ်မယ်ဆိုတာ အစီအစဉ်လုပ်ပြီး ဘယ်နေ့မှာအုပ်စုနဲ့ ဆွေးနွေးဖို့ပြန်တွေ့မယ်ဆိုတာ စီစဉ်ရပါမယ်။ အောက်ပါအချက်တွေ ဆွေးနွေးဖို့ အဆင်သင့်ရှိရပါမယ်။

- အကောင်အထည်ဖော်တာ ယေဘုယျအားဖြင့်အဆင်ပြေသလား။ ဘယ်လိုနေလဲ။
- အောင်မြင်မှုတွေကဘာလဲ၊ ဒါမှမဟုတ် အောင်မြင်ဆုံးအပိုင်းတွေက ဘာတွေလဲ။
- ဘယ်လိုမအောင်မြင်မှုတွေ ဒါမှမဟုတ် အခက်အခဲတွေနဲ့တွေ့ရသလဲ။
- ကျောင်းသားတွေက ဘယ်လိုတုန့်ပြန်သလဲ။
- နောက်တကြိမ်လုပ်ရရင် အခုတခေါက်နဲ့မတူအောင် ဘာလုပ်မလဲ။
- သင်ယူရတဲ့အခါ ကျောင်းသားစိတ်ဝင်စားမှုအဆင့် ဘယ်လိုတိုင်းတာမလဲ။
- သင်ခန်းစာက ဘယ်လိုလဲ။ ကောင်းသလား၊ ဒါမှမဟုတ် တခါတလေ ခက်သလို ဝန်ထုပ်ဝန်ပိုးကြီးတခုလိုဖြစ်သလား။
- အကောင်အထည်ဖော်ဖို့ ဘယ်နှစ်ကြိမ်ကြိုးစားသလဲ။

သင်တန်းသားတွေရဲ့အတွေ့အကြုံတွေကို အုပ်စုငယ်အလိုက်ဆွေးနွေးခိုင်းပြီးတော့ အုပ်စုကြီးနဲ့ဆွေးနွေးခိုင်းပါ။ အောင်မြင်မှု၊ မအောင်မြင်မှုနဲ့ ဒေသန္တရယဉ်ကျေးမှုနဲ့ကိုက်ညီအောင် အစီအစဉ်တွေဘယ်လိုပြောင်းလဲရမလဲ၊ အခြေအနေတွေ၊ ဆရာဆရာမတွေ လုပ်လိုတာတွေ စတာတွေကို ဆွေးနွေးပါ။

(page 64)

အညွှန်းစာအုပ်များ


Anderson, R.C., Hiebert, E.H., Scott, J.A., & Wilkinson, I.A.G. (1985). *Becoming a nation of reader: the report of the commission on reading*. Washington, DC: National Institute of Education.

Banks, J.A. (1988). Education, citizenship, and cultural potions. *Education and Society,* 1 (1), 19-22.

Cowan, E., & Cowan, G. (1980). *Writing.* New York : Wiley.

Czikszentmihalyi, M. (1975). *Beyond boredom and anxiety.* San Francisco, CA: Jossey-Bass.

Gavora, P. (1990). Teacher's questions. *Scientia Paedagogica Experimentalis,* XXVII, 2.

Mares, J., & Krivohlavy, J (1989). Socialni a pedagogicka komunikace ve skole. *Statni Pedagogicke Nakladatelstvi,* Praha, Czechoslovakia.

Moffett, J. (1968). *Teaching the universe of discourse.* Boston, MA: Houghton Mifflin.

Palincsar, A.S., & Brown, A.L. (1989). Instruction for self-regulated reading. In L.B. Resnick & L.E. Klopfer (Eds.), *Toward the thinking curriculum: Current cognitive research* (pp. 19-39)/ Alexandria, VA: Association for Supervision and Curriculum Development.

Pearson, P.D., Hansen, j., & Gordon, C. (1979). The effects of background knowledge on young childresn's comprehension of explicit and implicit information. *Journal of Reading Behavior,* 11, 201-209.

Resnick, L.B.(1987). Learning in school and out. *Educational Researcher,* 16(6), 13-20.

Roth, K.J. (1990). Developing meaning conceptual understanding in science. In B.F. Jones & L.Idol (Eds.), *Dimensions of thinking and cognitive instruction* (pp. 139-175). Hillsdale, NJ: Erlbaum.

Sanders, N.M. (1969). *Classroom questions: What kinds?* New York: Harper & Row.

Smith, C.B., Smith, S., & Mikuleck. (1987). *Teaching reading in the secondary school content subjects: A bookthingking process.* New york: Holt Reinhart and Winston, 320-334.

Steele, J.L., & Meredith, K (1991). *Working together—Growing together: Constructive evaluation of language learning.* Moline, IL: Moline Public Schools District # 40.

Steele, J.L., & Steele, P. (1991). The thinking-writing connection: Using clustering to help students write persuasively. *Reading Horizons,* 32,41-50

Vaughn, J., & Estes, T. (1985). *Reading and reasoning beyond the primary grades.* Boston, MA. Allyn & Bacon.

Zelina, M. (1994). Strategie a metody rezvoja osobnosti dietata. IRIS, Bratislava, Slovakia.

Zelina, M., & Zelinova, M. (1990). Rozvoj tvorivosti deity a Maltese. *Slovenske Pedagogicke Nakladatelstvo,* Bratislava, Slovakia.

(page 65)

## အဓိပ္ပာယ်ရှင်းလင်းချက်

| | |
|---|---|
| *သုံးသပ်ခြင်းမေးခွန်း* | ယေဘုယျနား လည်မှုအရနဲ့ စဉ်းစားမှုနည်းစဉ်ကို သတိပြုပြီး ကျောင်းသားတွေကို အကြောင်းအရာတခုရဲ့ အစိတ်အပိုင်းတွေကို စမ်းစစ်စေတဲ့မေးခွန်း |
| *အသုံးချခြင်းဆိုင်ရာမေးခွန်း* | ကျောင်းသားတွေကိုပြဿနာတခုဖြေရှင်းစေတဲ့ ဒါမှမဟုတ် အကြံတခုကိုအခြေအနေ အသစ်တရပ်မှာ သုံးစေတဲ့မေးခွန်း |
| *Bloom ရဲ့အမျိုးအစားခွဲခြားခြင်း* | Benjamin Bloom နဲ့သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ စဉ်းစားခြင်းအဆင့်များ အမျိုးအစားခွဲခြားနည်း ဒါမှမဟုတ် စကေးတခုလုပ်ခဲ့ပါတယ်။ ဒီအမျိုးအစားခွဲခြားမှုကို အဆင့်နိမ့်ရာမှ အဆင့်မြင့် ရာအထိစဉ်းစားတဲ့မေးခွန်းတွေကို ဖော်ပြရာမှာသုံးပါတယ်။ |
| *စင်ကွိန်း (Cinquain)* | လိုင်းငါးလုံးပါပြီး ကာရံမညီတဲ့ကဗျာ။ ကျောင်းသားတွေကိုအကြောင်းအရာတခုနဲ့ပတ်သက်ပြီး စဉ်းစားဖို့အားပေးရာမှာ သုံးပါတယ်။ |
| *ကလပ်စတာလုပ်ခြင်း (Clustering)* | တခါတလေအသိဉာဏ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် အဓိပ္ပာယ်မှတ်ခြင်းလို့ခေါ်ပြီး အကြောင်းအရာတခုရဲ့ အစိတ်အပိုင်းတွေရဲ့ဆက်စပ်ပုံတွေကို ဖော်ပြရာမှာသုံးပါတယ်။ |
| *ဝေဖန်ပိုင်းခြားစဉ်းစားခြင်း* | ပေးထားတဲ့အကြောင်းအရာထက်ကျော်လွန်တဲ့ အတွေးအခေါ်တွေရှိခြင်း။ အကြောင်းအရာတခုနဲ့ပတ်သက်ပြီး ရှုထောင့်အသစ်တွေမြင်ခြင်း။ ပြဿနာများရှာဖွေဖြေရှင်းခြင်း၊ အကျိုးအကြောင်းပြစာရေးခြင်း ဒါမှမဟုတ် စကားရည်လုခြင်းတို့မှာလို အတွေးအခေါ်တွေ ဝေဖန်ပိုင်းခြားကြည့်ခြင်း |
| *ဝေဖန်သုံးသပ်ရေးသားခြင်း* | စာရေးခြင်းကို ပြန်လည်စဉ်းစားစေခြင်းနှင့် သင်ယူခြင်းတို့အတွက် အထောက်အကူတရပ်အနေနှင့်သုံးခြင်း |
| *ကုဗပုံလုပ်ခြင်း(cubing)* | အကြောင်းအရာတခုနဲ့ပတ်သက်ပြီး ကျောင်းသားများကို မေးခွန်းခြောက်မျိုးမေးတဲ့ သင်ကြားနည်းမျိုး။ မေးခွန်းတွေဟာ Bloom ရဲ့ အမျိုးအစားခွဲခြားခြင်းကမေးခွန်းတွေရဲ့ အဆင့်တွေနဲ့ ကိုက်ညီပါတယ်။ |

*စီစစ်သည့်မေးခွန်း* ကျောင်းသားတွေကိုအကြောင်းအရာတခုအပေါ် မိမိတို့နားလည်မှုအပေါ်မူတည်ပြီး ထင်မြင်ယူဆချက်ချစေတဲ့ မေးခွန်း

*အကြံထွက်ပေါ်စေခြင်း* အကြောင်းအရာတခုနဲ့ပတ်သက်ပြီး ဘာသိသလဲဆိုတာ၊ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးမေးခွန်းတွေမေးဖို့၊ ပြီးတော့ သင်ယူခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်းသတ်မှတ်ဖို့ ကျောင်းသားတွေကို စဉ်းစားခိုင်းတဲ့သင်ခန်းစာတခုက အဆင့်တဆင့်။

*အဓိပ္ပာယ်ပြန်တဲ့မေးခွန်း* ကျောင်းသားတွေကို အတွေးအခေါ်တွေ၊ အချက်အလက်တွေနဲ့ တန်ဖိုးတွေအကြား ဆက်စပ်မှုကို သိစေတဲ့မေးခွန်း

*မှတ်ဉာဏ်စမ်းတဲ့မေးခွန်း* အချက်အလက်တွေကို မှတ်မိစေတဲ့မေးခွန်း

*အဓိပ္ပာယ်ပုံဖော်တဲ့မေးခွန်း* ကျောင်းသားတွေဗဟုသုတရှာဖွေမေးမြန်းတဲ့ သင်ခန်းစာထဲက အဆင့်တဆင့်၊ ဒီလိုလုပ်ရပ်ကြောင့် အဓိပ္ပာယ်ပေါက်သွားခြင်း

*ပြန်လည်စဉ်းစားခြင်း* ကျောင်းသားတွေကတွေ့ကြုံလာရတဲ့ အတွေးအခေါ်တွေ၊ နားလည်သွားတဲ့အဓိပ္ပာယ်တွေနဲ့မေးခွန်းတွေကို ပြန်ကြည့်ပြီးမေးခွန်းမေး၊ အဓိပ္ပာယ်ပြန်ဆို၊ အသုံးချ၊ အခြေအတင်ဆွေးနွေး၊ စိန်ခေါ်ပြီး တခြား နေရာတွေမှာ အသုံးချခြင်း

*ပေါင်းစပ်သည့်မေးခွန်း* ကျောင်းသားတွေရဲ့ အတွေးအခေါ်တွေကို အများနဲ့မတူ တမူထူးခြားတဲ့ ပုံစံဖြစ်စေတဲ့ မေးခွန်းမျိုး

*ပြောင်းလဲသည့်မေးခွန်း* ကျောင်းသားတွေကို အချက်အလက်များကို ပုံစံအသစ်ပြောင်းစေတဲ့ မေးခွန်း

(page 67)

နောက်ဆက်တွဲ

လီယမ် အိုဖလေရတီ (Liam O’Flaherty) ကို ၁၈၉၇ ခုနှစ်မှာမွေးပါတယ်။ ခေတ်ပေါ်အိုင်ရစ်စာပေရေးသားသူတွေထဲက ထူးချွန်သူတယောက်ဖြစ်ပါတယ်။ သူ့လက်ရာတွေဖြစ်တဲ့ The Assassin (1928), Famine (1937) နဲ့ Land (1946) တို့ကို ဘာသာစကားမျိုးစုံပြန်ဆိုပြီးပါပြီ။ အမေရိကန်မှာလူသိအများဆုံးဖြစ်တဲ့ သူ့လက်ရာတွေကတော့ The Mountain Tavern and Other Stories (1929), Spring Sowing (1924) နဲ့ Two Lovely Beasts (1948) တို့ဖြစ်ပါတယ်။ သူ့လက်ရာတွေမှာ ကဗျာ၊ ပြဇာတ်တွေ၊ အတ္ထုပ္ပတ္တိတွေ၊ ရုရှသွား ခရီးမှတ်တမ်း၊ ဝတ္ထုတွေ၊ အိုင်ယာလန်ခရီးသွားလမ်းညွှန်နဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ ၂ခု၊ “Two Years (1930) နဲ့ Shame the Devil (1934) တို့ဖြစ်ပါတယ်။ နာမည်အကျော်ဆုံးဇာတ်လမ်းကတော့ “The Informer” (1925) ဖြစ်ပါတယ်။ အဲဒါကို ၁၉၃၅မှာ ဂွန္တဝင်မြောက် ရုပ်ရှင်ရိုက်ကူးပါတယ်။ ၁၉၄၉ မှာ ဒီဇာတ်လမ်းကို တခန်းရပ်ပြဇာတ်အနေနဲ့ထုတ်ပြီး အောင်အောင်မြင်မြင်တင်ဆက်ခဲ့ပါတယ်။ ဒီရာစုနှစ်ရဲ့ဒုတိယဆယ်စုနှစ်တွေမှာ အိုင်ယာလန်မှာဖြစ်တဲ့ပြည်တွင်းစစ်ဟာ သူ့အပေါ်မှတ်မှတ်ရရရှိစေခဲ့ပါတယ်။ သူ့ရဲ့များစွာသောလူသိများတဲ့ အရေးအသားတွေဟာဒီကြောက်ရွံ့စရာကောင်းပြီး ခါးသီးစရာကောင်းတဲ့ ကာလကအတွေ့အကြုံတွေကို ပြန်လည်ရေးထားတာဖြစ်ပါတယ်။

## ချောင်းမြောင်းပစ်ခတ်သူ

ရှည်လျားတဲ့ ဇွန်လဆည်းဆာချိန်ဟာ ညအမှောင်ထဲ တဖြည်းဖြည်းကွယ်ပျောက်သွားနေပါတယ်။ သိုးမွှေးလိုတိမ်လိပ်တွေကြားက ပေါ်ထွက်နေတဲ့ လရောင်မှိန်မှိန်ကလွဲရင် ဒဘလင်မြို့တခုလုံးကို အမှောင်ထုက လွှမ်းခြုံထားပါတယ်။ အာရုဏ်ဦးနေရောင်ခြည်သန်းလာတော့မှာဖြစ်တဲ့လမ်းတွေနဲ့ လစ်ဖီ (Liffey) မြစ်ရဲ့ရေမှောင်မှောင်ပေါ်လရောင်သဲ့သဲ့လေးဖြာကျနေပါတယ်။ အကာအရံတွေနဲ့ပိတ်ဆို့ထားတဲ့ဖိုးကော့ (Four Courts) လို့ခေါ်တဲ့တရားရုံးအဆောက်အဦးပတ်လည်မှာတော့ သေနတ်သံတွေ ဟိန်းနေပါတယ်။ မြို့ရဲ့ဟိုနားဒီနားမှာ စက်သေနတ်သံတွေနဲ့ရိုင်ဖယ်သံတွေဟာ တချီတချီမှာလူသူအရောက်အပေါက်နည်းတဲ့ လယ်ကွင်းတွေမှာ ဟောင်နေတဲ့ခွေးတွေလို ညရဲ့ဆိတ်ငြိမ်မှုကိုဖောက်ခွဲနေပါတယ်။ ရီပါဘလီကန်တွေ (Republicans) နဲ့ဖရီးစတိတ်တာ (Free Staters) တွေစစ်တိုက်နေကြပါတယ်။

### ပထမအကြိမ်ရပ်နားခြင်း

အိုကော်နယ်တံတား (O’Connell Bridge) နားကခေါင်မိုးတခုမှာတော့ ရီပါဘလီကန်ဘက်က ချောင်းပစ်သူတယောက်လဲလျောင်းပြီးစောင့်နေပါတယ်။ သူ့ဘေးနားမှာ သူ့ရိုင်ဖယ်ရှိပြီး ပခုံးပေါ်မှာတော့ မှန်ပြောင်းတလက်လွယ်ထားပါတယ်။ သူ့မျက်နှာကတော့ ကျောင်းသားတယောက်ရဲ့မျက်နှာဖြစ်ပြီး မျက်နှာသွယ်သွယ် ရိုးရိုးသားသားနေထိုင်သူတယောက်ပုံပေါက်ပါတယ်။ ဒါပေမယ့်မျက်လုံးတွေ ကတော့ သေခြင်းကိုမကြာခဏကြည့်ခဲ့ရတဲ့လူတယောက်ရဲ့မျက်လုံးတွေလိုပါပဲ။

သူဟာ ဆာဆာလောင်လောင်နဲ့ ဆင်းဒဝစ် (sandwich) စားနေပါတယ်။ မနက်ကတည်းက ဘာမှမစားရသေးပါဘူး။ သိပ်စိတ်လှုပ်ရှားနေလို့ အစာမစားနိုင်ပါဘူး။ ဆင်းဒဝစ်စားပြီး သူ့အိတ်ထောင်ထဲက ဝီစကီပုလင်းလေးထုတ်လိုက်ပြီးတကြိုက်မော့လိုက်ပါတယ်။ ပြီးတော့ပုလင်းလေးကို သူ့အိတ်ထောင်ထဲပြန်ထည့်လိုက်ပါတယ်။ အရဲစွန့်ပြီးဆေးလိပ်သောက်ရမလား မသောက်ရဘူးလားဆိုတာ ခဏစဉ်းစားလိုပါတယ်။ အန္တရာယ်ရှိတယ်။ မီးရောင်ကိုအမှောင်ထဲမှာတွေ့သွားနိုင်တယ်။ ပြီးတော့ ရန်သူတွေကစောင့်ကြည့်နေတယ်။ အရဲစွန့်ဖို့ဆုံးဖြတ်လိုက်တယ်။

နှုတ်ခမ်းတွေကြားဆေးလိပ်ကိုထားလိုက်ရင်း မီးခြစ်ခြစ်လိုက်ပါတယ်။ ဆေးလိပ်မြန်မြန်ရှိုက်လိုက်ပြီး မီးခြစ်မီးငြိမ်းလိုက်ပါတယ်။ ချက်ချင်း ဆိုသလိုပဲခေါင်းမိုးဘေးအကာကို ကျည်လာမှန်ပါရော။ သူဟာဆေးလိပ်နောက်တဖွာဖွာလိုက်ပြီး ဆေးလိပ်မီးသတ်လိုက်ပါတယ်။ တိုးတိုးဆဲဆိုပြီး ဗယ်ဘက်ကိုတွားသွားလိုက်ပါတယ်။
ခေါင်းမိုးအနောက်ဘက်မှာရှိတဲ့ မီးခိုးခေါင်တိုင်ဘက်ကို လိမ့်သွားပြီး ခေါင်းတိုင်အနောက်မှာ ခေါင်းမိုးဘေးအကာထိပ်ပိုင်းနဲ့သူ့မျက်လုံး တွေတတန်းတည်းကျတဲ့အထိဆွဲထလိုက်ပါတယ်။ ဘာမှမမြင်ရပါဘူး။ ကောင်းကင်ပြာ ကိုနောက်ခံထားတဲ့ တဘက်အိမ်ခေါင် မိုးခပ်ရေးရေးပဲမြင်ရပါတယ်။ သူ့ရန်သူကတော့အကာအကွယ်နောက်မှာရှိနေ ပါတယ်။
အဲဒီအချိန်မှာပဲ သံချက်ကာ ကားတစီးတံတားကို ဖြတ်ကျော်လာပြီးလမ်းပေါ်တဖြည်းဖြည်းတက်လာပါတယ်။ ကိုက်ငါးဆယ်လောက်အကွာလမ်းတဘက်မှာ ရပ်လိုက်ပါတယ်။ သူဟာ အသက်ပြင်းပြင်းရှူသံလိုလိုမြည်နေတဲ့ ကားစက်သံကိုကြားနေရပါတယ်။ သူ့နှလုံးမြန်မြန်ခုန်လာပါတယ်။ ဒါရန်သူရဲ့ကား။ သူသေနတ်နဲ့ ပစ်ချင်ပေမယ့် ပစ်ရင်လည်း အကျိုးရှိမှာမဟုတ်ဘူးဆိုတာ သိပါတယ်။ စတီးနဲ့ဖုံးထားတဲ့ ဒီမီးခိုးရောင် မိစ္ဆာကြီးကို သူ့ကျည်ဆံတွေဘယ် နည်းနဲ့မှာဖောက်ထွင်းနိုင်မှာမဟုတ်ပါဘူး။
ဒီအချန်မှာပဲ လမ်းကြားထောင့်တနေရာကအဘွားအိုထွက်လာပါတယ်။ သူ့ခေါင်းကိုစုတ်ပြဲနေတဲ့ တဘက်နဲ့အုပ်ထားပါတယ်။ ကားရဲ့ သံပြားအကာထဲမှာရှိတဲ့ အမျိုးသားနှင့် စစကားပြောပါရော။ ဒီအဖွားအိုက သူလဲလျောင်းနေတဲ့ ခေါင်မိုးကို လက်ညှိုးထိုးပြနေတယ်။ သတင်းပေးသူတယောက်ကိုး။
သံပြားအကာပွင့်လာတယ်။ သေနတ်နဲ့ ချောင်းပစ်သူဘက်ကြည့်နေတဲ့ အမျိုးသားတယောက်ရဲ့ ခေါင်းနဲ့ပခုံးပေါ်လာတယ်။ ချောင်းပစ်သူလည်း သူ့ရိုင်ဖယ်ကိုမြှောက်လိုက်ပြီး ပစ်လိုက်ပါတယ်။ ဒီအမျိုးသားရဲ့ခေါင်းဟာ သံပြားအကာပေါ် လေးလံစွာကျသွားပါတယ်။ အမျိုး သမီးလည်းလမ်းကြားဘက်ကိုပြေးသွားပါတယ်။ သူကလည်းထပ်ပစ်လိုက်ပါတယ်။ အမျိုးသမီးလည်းတပတ်လည်သွားပြီး စူးရှတဲ့အသံနဲ့ အော်ရင်း မြောင်းထဲကျသွားပါတယ်။
ရုတ်တရက်တဘက်ခေါင်မိုးက သေနတ်သံတချက်မြည်သွားပြီး သေနတ်နဲ့ချောင်းပစ်သူလည်း ဆဲဆို ရင်းသူ့ရိုင်ဖယ်ကိုပစ်ချလိုက်ပါတယ်။ ရိုင်ဖယ်လည်းတဖြောင်းဖြောင်းမြည်ရင်းခေါင်းမိုးပေါ်ကျသွားပါတယ်။ ဒီအသံကြောင့်သေသူတွေတောင်ပြန်ထလာနိုင်တယ်လို့ ချောင်းပစ်သူကထင်လိုက်ပါတယ်။ ရိုင်ဖယ်ကိုကောက်ယူဖို့ရပ်လိုက်ပါတယ်။ မမနိုင်ပါဘူး။ သူ့လက်မောင်းသေသွားပါပြီ။ “ငါ့ကိုသေနတ်မှန်သွားပြီ” လို့သူရေရွတ်လိုက်တယ်။
ကိုယ်ကို ကြမ်းပေါ်ပစ်ချလိုက်ရင်း ခေါင်မိုးဘေးအကာဘက်ကိုတွားသွားလိုက်ပါတယ်။ သူ့ဘယ်လက်နဲ့ဒဏ်ရာရထားတဲ့ ညာလက်မောင်းကိုစမ်းလိုက်ပါတယ်။ ကုတ်အင်္ကျီလက်ကနေ သွေးတွေယိုထွက်နေပါတယ်။ မနာပါဘူး။ လက်အဖြတ်ခံရသလိုထုံနေတာပဲခံစားရတယ်။ အင်္ကျီအိတ်ထဲက ဓားကိုမြန်မြန်ထုတ်လိုက်ပြီး ခေါင်မိုးဘေးအကာဘောင်ပေါ်မှာဖွင့်လိုက်ပြီး အင်္ကျီလက်မောင်းကိုလှီးလိုက်ပါတယ်။ ကျည်ဆံဝင်သွားတဲ့နေရာမှာ အပေါက်လေးတပေါက်ဖြစ်နေပါတယ်။ တဘက်မှာတော့ အပေါက်မရှိပါဘူး။ ကျည်ဆံဟာ အရိုးထဲမှာဝင်နေ ပါတယ်။ အရိုးတော့ကွဲအက်သွားပြီထင်ပါရဲ့။ ဒဏ်ရာအောက်က လက်မောင်းကို ကွေးလိုက်ပါတယ်။ လွယ်လွယ်ကူကူပဲ ကွေးလို့ရပါတယ်။ နာတာကို ခံနိုင်အောင်အံသွားကြိတ်လိုက်ပါတယ်။
အနာဆေးထည့်တဲ့ အိတ်ကိုအမြန်ထုတ်လိုက်ပြီး ဆေးအိတ်ကို ဓားနဲ့ လှီးဖွင့်လိုက်ပါတယ်။ အိုင်အိုးဒင်းဆေးပုလင်းထိပ်ကိုခွဲလိုက်ပြီး ဆေးခါးရည်ကို အနာထဲစီးကျစေလိုက်ပါတယ်။ ရုတ်တရက်ထိုးနာလိုက်တဲ့ခံစားမှု သူ့တကိုယ်လုံးပျံ့သွားပါတယ်။ ဝါဂွမ်းစ အနာပေါ်တင်ပြီးအပေါ်က ပတ်တီးစည်းလိုက်ပါတယ်။ သူ့သွားနဲ့ပတ်တီးစကို စည်းလိုက်ပါတယ်။

ပြီးတော့ခေါင်မိုးဘေးအကာပေါ်မှာမှီနေရင်း မျက်စိပိတ်ထားလိုက်ပြီး နာကြင်မှုဒဏ်ခံနိုင်အောင် ကြိုးစားကြည့်လိုက်ပါတယ်။ အောက်ကလမ်းပေါ်မှာတော့ အားလုံးငြိမ်သက်နေပါတယ်။ သံချပ်ကာကားလည်း စက်သေနတ်ပစ်သူရဲ့ခေါင်းသံပြားအကာပေါ်မှာ အသက်ကင်းမဲ့စွာတန်းလန်း ကြီးပါသွားရင်း တံတားပေါ်ကနေ အရှိန်ပြင်းပြင်းနဲ့ဆုတ်သွားပါတယ်။ အမျိုးသမီးရဲ့အလောင်းကတော့ မြောင်းထဲ မှာငြိမ်ငြိမ်သက်သက်ရှိနေပါတယ်။

ဒုတိယအကြိမ်ရပ်နားခြင်း

သေနတ်နဲ့ချောင်းပစ်သူကလည်း ဒဏ်ရာရထားတဲ့သူ့လက်မောင်းကိုကြည့်ထားရင်း အချိန်အတော်ကြာလဲလျောင်းနေပြီးထွက်ပြေးဖို့ ကြံနေပါတယ်။ မနက်ခင်းက သူ့ကိုခေါင်မိုးပေါ်မှာဒဏ်ရာနဲ့ မတွေ့စေရပါဘူး။ တဘက်ခေါင်မိုးကရန်သူကသူလွတ်မြောက်ဖို့ အတားအဆီးဖြစ်နေပါတယ်။ ဒီရန်သူကိုသူသတ်ရမှာဖြစ်ပြီး သူ့အနေနဲ့ သူ့ရိုင်ဖယ်ကိုမသုံးနိုင်ဖြစ်နေပါတယ်။ ဒီလိုလုပ်ဖို့သူ့မှာ ခြောက်လုံးပူး တလက်ပဲရှိပါတော့တယ်။ ဒီအချိန်မှာအကြံ တခုရလာတယ်။

ဦးထုတ်ကိုချွတ်ရင်းသူ့ရိုင်ဖယ်ရဲ့ပြောင်းထိပ်ပေါ်တင်လိုက်ပါတယ်။ ပြီးတော့လမ်းတဘက်ကမြင်နိုင်တဲ့အထိ ရိုင်ဖယ်ကိုဖြေးဖြေးချင်းခေါင်မိုး ဘေးအကာပေါ်ရောက်အောင်မြှင့်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သေနတ်သံကြားရပါတယ်။ ဦးထုပ်အလယ်တည့်တည့်ကို ကျည်ဆံ တခုဖောက်ထွင်းသွားပါတယ်။ သူလည်းရိုင်ဖယ်ကို အရှေ့ဘက်ယိုင်လိုက်ပါတယ်။ ဦးထုပ်လည်းလမ်းပေါ်ကျသွားပြီး ရိုင်ဖယ်ကိုအလယ်ကကိုင်းရင်းသူဟာ ဗယ်လက်ကိုခေါင်မိုးပေါ်ကနေအသက်ကင်းမဲ့စွာ တန်းလန်းချထားလိုက်တယ်။ ခဏအကြာမှာရိုင်ဖယ်ကိုလမ်းပေါ်လွှတ်ချလိုက်ပါတယ်။ နောက်တော့ခေါင်မိုးပေါ်လဲချလိုက်ပြီး သူ့လက်ကိုလည်းဆွဲချလိုက်တယ်။ ဗယ်ဘက်ကိုမြန်မြန်တွားသွားလိုက်ပြီး ခေါင်မိုး အပေါ်ထောင့်ကိုချောင်းကြည့်လိုက်တယ်။ သူ့ကလိမ်ဉာဏ် အောင်မြင်သွားတယ်။ သူ့ဦးထုပ်နဲ့ ရိုင်ဖယ်ကျသွားတာကိုမြင်လိုက်တဲ့ တခြား ချောင်းပစ်သူက သူ့ကိုသတ်လိုက်ပြီလို့ ထင်လိုက်တယ်။ အခုဒီလူဟာ အနောက်ဘက်ကောင်းကင်ကနောက်ခံထားပြီး မီးခိုးခေါင်းတိုင် အရှေ့မှာ မတ်တပ်ရပ်ရင်းတဘက်ကိုကြည့်လျက်ရှိပါတယ်။

သေနတ်နဲ့ချောင်းပစ်သူ ရီပါဘလီကန်ကလည်းပြုံးလိုက်ပြီး အိမ်ခေါင်မိုးဘေးအကာပေါ်ကနေ သူ့ခြောက်လုံးပူး သေနတ်ကို မြှောက်လိုက်ပါတယ်။ အကွာအဝေးအားဖြင့် ကိုက်ငါးဆယ်လောက်ရှိမယ်။ မီးမှိန်မှိန်ထဲ မှာပစ်ဖို့ရာတော့ခက်မယ်။ ပြီးတော့သူ့လက်မောင်းဟာလည်း မကောင်းဆိုးဝါးအကောင်တထောင်လောက်နာကြင်နေပါတယ်။ တည်တည်ငြိမ်ငြိမ်ပဲချိန်လိုက်ပါတယ်။ စိတ်အားထက်သန်မှုနဲ့သူ့လက်တုန်နေပါတယ်။ နှုတ်ခမ်းနှစ်လွှာကိုတင်းတင်းစေ့ရင်း နှာခေါင်းပေါက်တွေကနေ အသက်ပြင်းပြင်းရှူရင်း ပစ်လိုက်ပါတယ်။ သေနတ်မြည်သံကြောင့် သူနားပင်းသွားလောက်မတတ်ဖြစ်သွားပြီး သေနတ်ပြန်ကန်လိုက်လို့သူ့လက်မောင်းတုန်ခါသွားပါတယ်။ ယမ်းခိုးတွေရှင်းသွားတဲ့အခါမှာသူသဘက်ကိုချောင်းကြည့်လိုက်ပြီး ပျော်တဲ့အသံတခုအော်လိုက်ပါတယ်။ သူ့ရန်သူတော့သေနတ်ထိသွား ပြီ။ သေခြင်းရဲ့နာကြင်မှုနှင့် ခေါင်မိုးဘေးအကာနံရံအပေါ်မှာ လိမ့်နေပါတယ်။ သူ့ခြေပေါ်ရပ်ဖို့ကြိုးစားပေမဲ့ အိပ်မက်ထဲမှာလိုတဖြေးဖြေး အရှေ့ကိုကျလာပါတယ်။ ရိုင်ဖယ်လည်း သူ့လက်ထဲကနေ လွတ်ကျသွားပြီး ခေါင်မိုးဘေးအကာနံရံပေါ်ကျသွားရာက အောက်ကိုကျသွားပြီး အောက်မှာရှိတဲ့ဆံပင်ညှပ်ဆိုင်က တိုင်နဲ့ထိပြီးပြန်ခုန်တက်လာပြီး တခါတဖြောင်းဖြောင်းနဲ့ပလက်ဖောင်းပေါ် ကျသွားပါတယ်။

အဲဒီနောက်ခေါင်မိုးပေါ်က သေခါနီးဖြစ်တဲ့လူလည်း ကွေးပြီးအရှေ့ကိုကျသွားပါတယ်။ လေထုထဲမှာ သူ့ကိုယ်ဟာလိမ့်နေရင်းမြေကြီးပေါ် ကိုဒုတ်ခနဲကျသွားပါတယ်၊ ပြီးတော့ငြိမ်သက်စွာလဲလျောင်းနေပါတယ်။ သေနတ်နဲ့ချောင်းပစ်သူလည်းသူ့ရန်သူကျတာကိုကြည့်ပြီး ကြက်သီးထသွားတယ်။ တိုက်ပွဲဝင်လိုစိတ်လည်းကုန်သွားတယ်။ နောင်တရစိတ်တွေသူ့ကို ဝါးမြိုလိုက်ပါတယ်။ သူ့နဖူးပေါ်မှာ ချွေးသီးချွေးပေါက်တွေထွက်လာတယ်။ ဒဏ်ရာကြောင့်အားနည်းနေပြီး နေ့ရက်ပေါင်းများစွာ အစာမစားရပဲ ခေါင်မိုးပေါ်ကနေ စောင့်ကြည့်နေရတာ ကြောင့်သူဟာသူ့ရဲ့အသက်ကင်းမဲ့နေတဲ့ရန်သူရဲ့အပိုင်းပိုင်းဖြစ်နေတဲ့ ရန်သူကိုမြင်ရတဲ့မြင်ကွင်းကို စက်ဆုပ်ရွံရှာနေပါတယ်။ သွားတွေလည်းအချင်းချင်းရိုက်နေပြီး သူ့ဟာသူမြည်တွန်တောက်တီးနေပါတယ်။ စစ်ကိုဆဲဆိုနေတယ်။ သူ့ကိုယ်သူလည်းဆဲဆိုနေတယ်။ လူတိုင်းကိုဆဲဆို နေပါ တယ်။
သူ့လက်ထဲကယမ်းတွေဝေနေတဲ့ခြောက်လုံးပူးသေနတ်ကိုကြည့်ရင်း သူ့ခြေထောက်အောက်မှာရှိတဲ့ ခေါင်မိုးပေါ်ကိုကြိမ်ဆိုရင်း ပစ်ပေါက်လိုက်ပါတယ်။ ထိရိုက်လိုက်မှုကြောင့် သေနတ်က ကျည်ဆံထွက်သွားပြီး ကျည်ဆံဟာ သူ့ခေါင်းဘေးနားက ဗိုခနဲဖြတ်သွားပါတယ်။ လန့်သွားတဲ့စိတ်ကြောင့် သူလည်းသတိတရားပြန်ရလာပါတယ်။ စိတ်တွေလည်းပြန်တည်ငြိမ်လာတယ်။ သူ့စိတ်ထဲကကြောက်ရွံ့မှုတိမ်တိုက်တွေ လွင့်စင်သွားပြီး ရီလိုက်ပါတယ်။

တတိယအကြိမ် ရပ်နားခြင်း

ဝီစကီပုလင်းကိုသူ့အိတ်ထောင်ထဲကထုတ်ရင်း တကြိုက်တည်းနဲ့မောချလိုက်ပါတယ်။ အရက်ရဲ့လွှမ်းမိုးမှုအောက်မှာ မဆင်မခြင်လုပ်ချင် စိတ်တွေပေါ်လာတယ်။ သူ့တပ်ခွဲကတပ်မှူးကို သတင်းပေးဖို့ခေါင်မိုးကနေဆင်းလာဖို့ဆုံးဖြတ်လိုက်တယ်။ ပတ်ဝန်းကျင်တခုလုံးတိတ်ဆိတ် နေတယ်။ ဒီလမ်းတွေကြားမှာသွားဖို့အန္တရာယ်သိပ်ရှိပုံမရဘူး။ သူ့ခြောက်လုံးပူးကိုကောက်ယူလိုက်ပြီး အိတ်ထောင်ထဲထည့်လိုက်တယ်။ ပြီးတော့အောက်မှာရှိတဲ့အိမ်ထဲကို ခေါင်မိုးပေါ်ကနေဆင်းလာခဲ့တယ်။
မြေညီထပ်ကလမ်းလေးပေါ်ရောက်တဲ့အခါ သူသတ်လိုက်တဲ့ချောင်းမြောင်းပစ်ခတ်တဲ့ သူ့ရန်သူဘယ်သူဆိုတာ သိချင်စိတ်တွေရုတ်တရက် ပေါ်လာပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် သူ့ရဲ့ပစ်ချက်တော့ တော်တော်ကောင်းတယ်လို့မှတ်ချက်ချလိုက်တယ်။ သူဒီလူကို သိမသိဆိုတာလည်းစဉ်းစားမိလိုက်တယ်။ စစ်တပ်မကွဲသွားခင် ဒီလူဟာသူ့တပ်ခွဲကလူတယောက်ဖြစ်ချင်ဖြစ်နိုင်တယ်။ အရဲစွန့်ပြီး ဒီလူကိုသွားကြည့်ဖို့ဆုံးဖြတ် လိုက်တယ်။ အိုကော်နယ်လမ်းထောင့်ထဲလှမ်းကြည့်လိုက်တယ်။ လမ်းအထက်ပိုင်းမှာတော့ တော်တော်လည်းပြင်းပြင်းထန်ထန် ပစ်ခတ် နေကြတယ်။ ဒါပေမဲ့ဒီမှာတော့ အားလုံးတိတ်ဆိတ်နေတယ်။
ချောင်းပစ်တဲ့လူလည်းလမ်းတဘက်ပြေးသွားလိုက်တယ်။ သူ့ပတ်ပတ်လည်စက်သေနတ်တလက်က ကျည်ဆံတွေဟာမိုးသီးတွေလိုပဲဖြာကျလာတယ်။ ဒါပေမဲ့သူလွတ်သွားခဲ့တယ်။ အလောင်းဘေးနားမှာ မျက်နှာမှောက်ပြီး ပစ်လှဲလိုက်တယ်။ စက်သေနတ်သံရပ်သွားပြီ။ ဒီနောက်ချောင်းပစ်သူလည်း လူသေကောင်ကိုလှန်လိုက်ပြီး သူ့ညီရဲ့မျက်နှာကိုစိုက်ကြည့်လိုက်တယ်။